www.burmeseclassic.com

တက္ကသိုလ်

# နှလုံးသောင်

ဝမ်အင်း၊ ၏ ရှောင်လင်စု

## ရှောင်လင်သိကျွာ

ဒုတိယပိုင်း

အဆက်သိမ်းပိုင်း



www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

ရွှောင်လင်သိက္ခာ

BURMESE CLASSIC .com

(ဒုတိယပိုင်း - ဇာတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## ပုံတူပန်းချီကား

ပုံတူပန်းချီကား ...။

ထူးဆန်းစွာရောက်ရှိလာသော မိန်းကလေး၏ ပန်းချီကားက မင်းသားလေးတို့အား စိတ်ဝင်စားစရာ ဖြစ်သွားလေတော့သည်။ မင်းသားလေးက မေးလိုက်သည်။

"ဒါ ... ဘယ်သူ့ပုံလဲ"

ချွန်ချွန်းက ...

"ကျုပ်အမေပုံပါ"

ပြောမိပြောရာ ပြောချလိုက်လေသည်။ သူ၏စကားကြောင့် မင်းသားလေး ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"မင်းအမေ ... ဟုတ်လား"

"ဟုတ်တယ်"

"မင်းအမေက အတော်နုပျိုနေပါလား"

ချွန်ချွန်း ဘာမှမပြောဘဲ နေလိုက်လေသည်။

မင်းသားလေးက ...

www.burmeseclassic.com

www.burmeseclassic.com



"အခု မင်းအမေ ဘယ်မှာလဲ"

"သေပြီ"

ချွန်ချွန်းက တုံးတိတိ ဖြေလိုက်ပြန်သည်။ မင်းသားလေးမှာ မေးရန် စကားပြတ်သွားလေတော့သည်။ ထိုစဉ် ရွှေ့ချင်းသည် အင်္ကျီကို ကိုယ်ပေါ်၌ ကပ်လိုက်ပြီး မင်းသားလေးအား ပြုံးပြလိုက်သည်။

"ဘယ့်နှယ်လဲ ... ကျွန်မ ဒီအင်္ကျီနဲ့လိုက်ပါ့မလား"

မင်းသားလေးက ခေါင်းညိတ်လိုက်သည်။

"လိုက်ပါတယ်ဗျာ"

သူသည် ရွှေ့ချင်းအနီးသို့ ချဉ်းကပ်သွားသည်။ နှုတ်မှလည်း ချိုသာစွာ ပြောဆိုလိုက်သည်။

"နောက် ညီမအင်္ကျီဝယ်ချင်ရင် အစ်ကို့ကို ပြောပါ၊ အစ်ကိုကိုယ်တိုင် လိုက်ဝယ်ပေးပါ့မယ်"

ရွှေ့ချင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ... အစ်ကိုက သိပ်ပြီးအလုပ်များတယ် မဟုတ်လား၊ ဒါကြောင့် မခိုင်းတာပါ"

"အို ... ကျုပ်က ဘယ်လောက်ပဲအလုပ်များများ ညီမအတွက်ဆို အချိန်ပေးနိုင်ပါတယ်"

ရွှေ့ချင်းက ပြုံးလိုက်သည်။



"ကျေးဇူးတင်ပါတယ်ရှင်"

သူမသည် ကျင်းပေါင်နှင့် ချွန်ချွန်းဘက်သို့ လှည့်လိုက်ပြီး

"ကျွန်မ ပြန်လိုက်ပါဦးမယ်ရှင်"

ရွှေ့ချင်းက ချွန်ချွန်းတို့နှစ်ယောက်အား နှုတ်ဆက်လိုက်သည်။

မင်းသားလေးက ...

"ညီမ ... အခု ဘယ်သွားမလို့လဲ"

"အိမ်ပြန်မလို့ပါ"

"ဒါဖြင့် ကျုပ်လိုက်ပို့ပါ့မယ်"

ရွှေ့ချင်းက မည်သို့မျှ မပြောပါ။ ခေါင်းငုံ့၍သာ တိတ်ဆိတ်နေလိုက်၏။ မင်းသားလေးသည် ရှန်းလင်းနှင့်ကိုယ်ရံတော်တို့အား ပြန်နှင်လွှတ်လိုက်သည်။

သူကိုယ်တိုင်ကမူ ရွှေ့ချင်းအား ခေါ်ဆောင်ကာ အိမ်ထဲမှ ထွက်လာခဲ့လေသည်။

✺

ဝန်းကျင်တစ်ခုလုံး သာယာလှပနေ၏။ မင်းသားလေးနှင့် ရွှေ့ချင်းတို့ ပန်းချင်းယှဉ်လျှက် လမ်းလျှောက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းလမ်းကလေးအတိုင်းသွားလျှင် ရွှေ့ချင်းတို့ နေအိမ်ရောက်ရှိမည့်လမ်း ဖြစ်သည်။

မင်းသားလေးက ရွှေ့ချင်းနှင့်အတူ လျှောက်ရင်းမှ စကားစတင်ပြောလိုက်၏။

"ဒီမှာ ရွှေ့ချင်း ... မင်းကို ငါ စကားတစ်ခွန်းပြောချင်တယ်"

"ဟုတ်ကဲ့ ... ပြောပါရှင်"

"အခု ... အစ်ကိုဟာ ညီမရဲ့အဖေဆီက သိုင်းပညာသင်နေတယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"အစ်ကို ဘာဖြစ်လို့ သိုင်းပညာကို ဒီလောက်တောင် ကြိုးစားသင်တယ်ဆိုတာ သိသလား"

ရွှေ့ချင်း ခေါင်းခါယမ်းပြလိုက်၏။ မင်းသားလေးက စကားဆက်လိုက်သည်။

"အစ်ကိုတို့အဖေဟာ ဘုရင်ဖြစ်ပေမယ့် သားတွေအများကြီးရှိတယ်၊ အစ်ကိုလည်း တစ်ယောက်အပါအဝင်ဆိုပါတော့"

မင်းသားလေး၏စကားက စိတ်ဝင်စားစရာပင်။ ရွှေ့ချင်းက နားစွင့်နေ၏။

မင်းသားလေးက စကားဆက်လိုက်ပြန်သည်။



"သားတော်တွေက ဒီလောက်များတယ်ဆိုတော့ ဘယ်သူဟာ ဖခင်ရဲ့ထီးနန်းကို ဆက်ခံစိုးစံမယ်ဆိုတာ အသေအချာ ပြောလို့မရဘူး ဖြစ်နေတယ်"

ရွှေ့ချင်းက သူ့အား မော့ကြည့်လိုက်သည်။ သူမ နားမလည်သလိုလည်း ပြန်ပြောလိုက်၏။

"သူက ကြီးစဉ်ငယ်လိုက် ထုံးစံအတိုင်း ထီးနန်းကို အမွေပေးနိုင်တာပေါ့"

မင်းသားလေး ခေါင်းခါယမ်းလိုက်သည်။

"ညီမတို့ တရုတ်ဘုရင်က ဒီလိုထုံးစံရှိပေမယ့် အစ်ကိုတို့မွန်ဂိုမှာတော့ မရှိဘူး"

သူသည် သက်ပြင်းတစ်ချက် ချလိုက်၏။

"နောက်ပြီး သားတော်တွေဟာ မအေတစ်ယောက်တည်းက မွေးတာမဟုတ်ဘူး၊ အမေအများကြီးက မွေးတာဆိုတော့ တစ်နေ့မဟုတ်တစ်နေ့ ရှုပ်ထွေးလာနိုင်စရာအကြောင်းရှိတယ်"

ရွှေ့ချင်းက စိတ်ဝင်စားလာသည်။ မင်းသားလေးက စကားဆက်လိုက်ပြန်၏။

"ဒါကြောင့် မင်းသားတွေဟာ အင်အားစုရမယ်၊ သိုင်းပညာကို သူမတူအောင် တတ်မြောက်ထားရတယ်၊ ဒါမှလည်း ကိုယ့်ကိုယ်ကိုယ် ကာကွယ်နိုင်တယ်၊ တစ်ချိန်တည်းမှာလည်း သူများကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



အနိုင်ယူနိုင်မယ် မဟုတ်လား"

မင်းသားလေးက သူတို့မွန်ဂိုထီးနန်းဓလေ့ကို ပြောဆိုလိုက်သည်။ ရွှေ့ချင်းက ခေါင်းငုံ့လိုက်သည်။

"ကျွန်မ သဘောပေါက်ပါပြီ"

ရွှေ့ချင်းက စဉ်းစားဟန်ဖြင့် ခေါင်းငုံ့ငြိမ်သက်နေ၏။ အတန်ကြာသောအခါ သူမသည် မင်းသားလေးအား မော့ကြည့်လိုက်သည်။

"အစ်ကိုက အစုလိုအလုပ်ရှုပ်တဲ့ကြားက ကျွန်မတို့အပေါ် အစစအရာရာ ကြည့်ရှုစောင့်ရှောက်တာကို ကျွန်မဖြင့် ကျေးဇူးတင်လို့ မဆုံးပါဘူးရှင်"

မင်းသားလေးသည် လမ်းဘေးရှိ ခုံတန်းတစ်ခုအား ညွှန်ပြလိုက်သည်။

"အခွင့်ကြုံတုန်း အစ်ကိုတို့ စကားလေးဘာလေး ပြောရအောင်၊ ဒီမှာ ခဏထိုင်ကြရအောင်နော်"

ရွှေ့ချင်းက ခေါင်းညိတ်လိုက်လေသည်။

✹



မင်းသားလေးသည် ရွှေ့ချင်းအား ခုံတန်းပေါ် အလျှင် ထိုင်စေသည်။ သူကိုယ်တိုင်လည်း ခုံတန်း၏ အခြားတစ်ဖက်စွန်းမှာ ထိုင်နေသည်။

မင်းသားလေးသည် ရွှေ့ချင်းအား အကဲခတ်ကြည့်လိုက်သည်။

"အစ်ကို စကားတစ်ခွန်းမေးမယ်၊ ညီမ မှန်မှန်ဖြေရမယ်နော်"

ရွှေ့ချင်းက အသာအယာ ခေါင်းညိတ်ပြလိုက်သည်။ မင်းသား လေးက သူမအား ပြုံးပြလိုက်သည်။

"ညီမမှာ ချစ်သူရှိသလား"

ရွှေ့ချင်းက ခေါင်းခါယမ်းလိုက်သည်။ မင်းသားလေးက သူမ၏မျက်နှာအား အကဲခတ်ကြည့်လိုက်ပြီး ...

"ညီမက အစ်ကို့အပေါ် ဘယ်လိုသဘောထားသလဲ"

ဟု မေးလိုက်သည်။ ရွှေ့ချင်းက သူ့အား မော့ကြည့်လိုက်သည်။

"အစ်ကိုဟာ ကျွန်မရဲ့ အသိမိတ်ဆွေထဲမှာ အချစ်ခင်ဆုံးသော လူတစ်ယောက်လို့ အသိအမှတ်ပြုထားပါတယ်"

ရွှေ့ချင်း၏လေသံမှာ ခင်မင်မှုဖြင့် နွေးထွေးချိုသာနေသည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းသားလေးသည် ရွှေ့ချင်း၏စကားကို ကြားလိုက်ရသောအခါ ဝမ်းသာအားရ ဖြစ်သွားရလေသည်။

✺

ကျင်းပေါင်က သိုင်းလေ့ကျင့်နေ၏။ သူသည် သိုင်းဆရာကြီး စုမာကျင်းထံမှ သင်ကြားခဲ့သော သိုင်းကွက်များကို ကြိုးစားလေ့ကျင့်နေသည်။

သိုင်းကွက်ကို သဲသဲမဲမဲ လေ့ကျင့်နေရာမှ ရုတ်တရက် ရပ်တန့်လိုက်လေသည်။ ထို့နောက် ဝန်းကျင်ကို တစ်ချက် စူးစိုက်စွာကြည့်လိုက်၏။

နှုတ်မှလည်း ...

"ဘယ်ကမိတ်ဆွေလဲ၊ ပုန်းမနေပါနဲ့ ... ထွက်လာခဲ့ပါ"

ဟု အော်ခေါ်လိုက်သည်။ သူ၏စကားဆုံးသွားသည်နှင့် ချုံနွယ်များကြားမှ လူတစ်ယောက် ထွက်လာသည်ကို တွေ့ရလေသည်။ ထိုသူမှာ မင်းသားလေးပင် ဖြစ်သည်။

သူသည် ကျင်းပေါင်အား ခြေဆုံးခေါင်းဆုံးကြည့်လိုက်၏။ ထို့နောက် ခေါင်းတစ်ချက်ညိတ်ကာ မှတ်ချက်ချလိုက်သည်။



"မင်းရဲ့ပညာက မဆိုးပါလားကွ"

ကျင်းပေါင်က လက်နှစ်ဖက်ဆုပ်လိုက်သည်။

"ကျွန်တော့်သိုင်းပညာက မပြောပလောက်ပါဘူး"

ထိုမျှသာပြောကာ သူသည် ဦးညွှတ်လိုက်ပြီး ...

"ကျွန်တော့်ကို ပြန်ခွင့်ပြုပါ"

ပြောပြီး နောက်သို့ လှည့်လိုက်၏။ သို့သော် ...

"ခဏ"

မင်းသားလေးက ဟန့်တားလိုက်သည်။ ကျင်းပေါင်က ခြေလှမ်းရပ်လိုက်လေသည်။ မင်းသားလေးက ...

"မင်းကို သိုင်းပညာသင်ပေးတဲ့ဆရာ ရှိလား"

"မရှိဘူး"

"ဒါဖြင့် တစ်ကွက်နှစ်ကွက်လောက် စမ်းကြည့်ရအောင်"

မင်းသားလေးသည် ပြောပြောဆိုဆို ကျင်းပေါင်အား တိုက်ခိုက်လိုက်သည်။ ကျင်းပေါင်က ခံပြင်းလှသဖြင့် ပြန်လည်တိုက်ခိုက်လိုက်သည်။

မင်းသားလေးသည် ကျင်းပေါင်နှင့် တိုက်ခိုက်ရင်း ကျင်းပေါင် အသုံးပြုသော တိုက်ကွက်များကို လေ့လာအကဲခတ်နေ၏။ ထိုအခါ ကျင်းပေါင်၏တိုက်ကွက်များသည် မိမိ၏ တိုက်ကွက်နှင့် တစ်ပုံစံတည်း ဖြစ်နေသည်ကို တွေ့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူက ဆက်လက်ပြီး ပြင်းထန်စွာ တိုက်ခိုက်လိုက်ပြန်သည်။ ကျင်းပေါင်က စိတ်မရှည်နိုင်တော့ပါ။ သူ့ဆရာ စုမာကျင်း နောက်ဆုံးသင်ပေးလိုက်သော သိုင်းကွက်ဖြင့် တိုက်ခိုက်လိုက်သည်။ ထိုအခါ

'ဝုန်း'

သူ၏လက်ဝါးသည် လက်ဖမိုးအနအထားဖြင့် မင်းသားလေး၏ ဝမ်းဗိုက်ကို သုံးချက်တိတိ ဆက်တိုက် ထိမှန်သွားတော့သည်။

မင်းသားလေးက နောက်သို့ ယိမ်းယိုင်ကာ ဆုတ်သွားရလေတော့သည်။

✹

မင်းသားလေးသည် ကျင်းပေါင်၏တိုက်ခိုက်မှုကို ခံလိုက်ရသဖြင့် စိတ်ထဲ၌ မကျေမနပ် ဖြစ်လာလေသည်။ သူသည် သူ့ဆရာ စုမာကျင်းထံမှ သင်ကြားထားသော သိုင်းကွက်တစ်ကွက်ဖြင့် တိုက်ခိုက်လိုက်သည်။

ဤတွင် —

'ဝုန်း'



ဟူသောအသံနှင့်အတူ ကျင်းပေါင်မှာ နောက်သို့ ယိမ်းယိုင်ကာ ဆုတ်သွားရလေသည်။

✹

မင်းသားလေးသည် ကျင်းပေါင်၏သိုင်းကွက်မှာ သိုင်းဆရာ စုမာကျင်းထံမှ သင်ကြားခဲ့သည့် သိုင်းပညာသာ ဖြစ်ရမည်ဟု စိတ်ထဲမှ သံသယဖြစ်နေ၏။

ထို့ကြောင့် သူသည် သူ၏ယူဆချက် မှန်မမှန် အတိအကျ သိနိုင်ရန်အတွက် သိုင်းဆရာ စုမာကျင်းထံ ရောက်ရှိသွားလေသည်။ စုမာကျင်းက မင်းသားလေး ရောက်လာသည်ကို တွေ့ရသောအခါ ပျာပျာသလဲ ကြိုဆိုကာ နေရာထိုင်ခင်းပေးလေသည်။

မင်းသားလေးက သူ့အား အကဲခတ်ကြည့်လိုက်၏။

"ဆရာ"

"ဘာများလဲ မင်းသားလေး"

"အခု ကျွန်တော့်ရဲ့သိုင်းပညာဟာ ဘယ်အခြေအနေရှိပြီလဲ မသိဘူး"

"မဆိုးပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ဆရာက ကျွန်တော့်ကို သင်ပေးတဲ့အပြင် အခြားလူကိုကော သင်ပေးသေးလား"

"မသင်ပေးပါဘူးကွာ၊ သူများက မင်းလောက်မှ ငွေမပေးနိုင်တာ"

မင်းသားလေးက ပြုံးလိုက်သည်။

"ဒါဆို ကျောင်းပေါ်က ဘာဖြစ်လို့ ကျွန်တော်နဲ့ သိုင်းကွက်ချင်း တူရတာလဲ"

"ဟင်"

ထိုစကားကြားလိုက်ရသောအခါ စုမာကျောင်းရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ မျက်နှာလည်း ကွပ်ခနဲ ပျက်သွားသည်။ သို့သော်ချက်ချင်းပင် ...

"ငါ သူ့ကို မသင်ပေးဘဲ ဘာကြောင့် သူက တတ်ရတာလဲ"

ဟု တစ်ယောက်တည်း ပြောသလိုလို အံ့ဩသလိုလို ရေရွတ်လိုက်၏။ ထို့နောက်မှ သူသည် တစ်စုံတစ်ရာကို သတိရဟန်ဖြင့်

"မဟုတ်မှလွဲရော ဒီကောင် ငါ့ဆီကို ပူတင်းလာလာပို့ရင်း ငါ သိုင်းပညာလေ့ကျင့်တာတွေ့သွားတယ်နဲ့ တူတယ်"

မင်းသားလေးက သူ့အား ကြည့်လိုက်၏။

"ဆရာ့ကို တစ်ခုပြောချင်တယ်"

"ပြောပါ မင်းသားလေး"



"ဆရာက ကျွန်တော့်ကို သိုင်းပညာသင်ပေးပြီး တခြားလူကိုလည်း အခုလို လျှောက်သင်ပေးနေမယ်ဆိုရင် ကျွန်တော့်အတွက် ဒီသိုင်းပညာက ဘယ်တန်ဖိုးရှိတော့မှာလဲ"

စုမာကျောင်းက ပခုံးတစ်ချက် တွန့်လိုက်၏။

"ကျုပ်ကတော့ ငွေပေးရင် သင်ပေးရမှာပဲ"

မင်းသားလေးက မဲ့ပြုံးပြုံးလိုက်သည်။

"ဒါဖြင့် ကျွန်တော်က ဆရာ့ကို ငွေသုံးရာပေးပါ့မယ်၊ ဆရာက ဘယ်သူ့ကိုမှ နောက်ထပ် မသင်ပေးရဘူး၊ ဘယ့်နှယ်လဲ"

စုမာကျောင်း သဘောကျသွားသည်။ ထို့ကြောင့် လျှင်မြန်စွာ ကတိပေးလိုက်၏။

"ကျုပ်က ငွေသုံးရာရရင် ဘယ်သူ့ကိုမှ မသင်ပေးတော့ပါဘူး"

✹

မင်းသားလေးသည် သူ့ဂေဟာသို့ ပြန်လည်ရောက်ရှိလာလေသည်။ သူရောက်လျှင်ရောက်ချင်းပင် သူ၏လူယုံတော် ရှန်းလင်းက စာတစ်စောင် လာပြီးပေးအပ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းသားလေးက စာကို လှမ်းယူလိုက်သည်။ ရှန်းလင်းကိုလည်း တစ်ချက်ကြည့်ကာ မေးလိုက်၏။

“ဘယ်ကစာလဲဟေ့”

“နန်းတွင်းကပါ မင်းသားလေး”

ရှန်းလင်းက ဖြေဆိုလိုက်၏။ မင်းသားလေးက စာကို ဖောက်ဖတ်လိုက်သည်။ စာဖတ်ပြီးသွားသည်နှင့် သူ့မျက်နှာတစ်ခုလုံး ဒေါသရောင်သန်းလာလေသည်။

ရှန်းလင်းက အလိုက်သိစွာ မေးလိုက်၏။

“မင်းသားလေး စာထဲမှာ ဘာတွေပါလို့ ဒီလောက်တောင် ဒေါသထွက်နေတာလဲ”

မင်းသားလေးက ဒေါသကြီးစွာဖြင့် ...

“ကျုပ်က လူအင်အားနဲ့ ငွေကို တောင်းထားတာ မပေးဘူးလို့ နန်းတွင်းက ပယ်ချလိုက်တယ်”

ရှန်းလင်းက ဦးညွှတ်လိုက်သည်။

“ဒါကတော့ သက်သက် မတရားတာပါ”

မင်းသားလေးက ဆတ်ခနဲ ထလိုက်သည်။

“ဒီကောင်တွေ နန်းတွင်းမှာ ကပ်ပြီး သက်သက် ကျုပ်ကို နှိမ်နေတာ”

ရှန်းလင်းက ...



“မင်းသားလေးက မယ်တော်ဆီသွားပြီး တောင်းပေးဖို့ ပြောပါလား”

ဟု အကြံဉာဏ်ပေးလိုက်သည်။ မင်းသားလေး ခေါင်းညိတ်လိုက်သည်။

✵

မင်းသားလေးသည် ခြေလှမ်းသုတ်သုတ်ဖြင့် မယ်တော်အခန်းသို့ ရောက်သွားလေသည်။

မိခင်ဖြစ်သူက ချောင်းတဟွပ်ဟွပ်ဆိုးနေသည်ကို တွေ့ရလေသည်။

မင်းသားလေးက မိခင်၏ ကျန်းမာရေးကို မေးလိုက်လေသည်။

“မေမေ ဘယ့်နှယ်နေသေးသလဲ”

“သိပ်ပြီးမထူးပါဘူးကွယ်”

မိခင်ဖြစ်သူသည် ပြောရင်း ချောင်းတဟွပ်ဟွပ်ဆိုးနေပြန်၏။ မင်းသားလေးက မိခင်ဖြစ်သူ၏ ကျောပြင်ကို အသာလေးထုပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာမှ မိခင်က မောနေရာမှ သက်သာသွားလေသည်။ သူမသည် မင်းသားလေးအား မော့ကြည့်လိုက်၏။

"ငါ့သား ... မင်း ဘာတွေ ဖြစ်လာတာလဲ"

မင်းသားလေးက လက်သီးကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။

"မေမေ ... ကျွန်တော်တော့ မခံနိုင်တော့ဘူး"

"ဘာဖြစ်လို့လဲ သား"

"ဟိုတစ်လောက သား ခမည်းတော်ကို စာတင်တယ်၊ လူအင်အားငါးထောင်နဲ့ ထောက်ပံ့ဖို့ငွေ ပေးပါလို့ တောင်းခံထားတယ်"

"ဘာလဲ သူက ပယ်ချလိုက်တယ် မဟုတ်လား"

"ဟုတ်တယ် ... တော်တော့ကို ခံပြင်းဖို့ ကောင်းပါတယ်"

မိခင်ဖြစ်သူ စိတ်မကောင်းဖြစ်သွားသည်။ ထို့နောက် သူမ၏ ယူဆချက်ကို ထုတ်ဖော်ပြောလိုက်၏။

"အင်းပေါ့လေ ... သားက သူ့အနားမှာမှ မနေနိုင်ဘဲ၊ သူ့အနားမှာရှိတဲ့ သားတွေက ချယ်လှယ်နေမှာပေါ့"

မင်းသားလေးက ခေါင်းကို အနည်းငယ် ချုပ်တည်းလိုက်သည်။

"မေမေ"

"ဘာလဲ သား"



"သားကို အကူအညီတစ်ခုပေးပါလား"

"ပြောလေ ... မေမေ ဘာကူညီရမှာလဲ"

"ဖေဖေ့ဆီကို ရန်ပုံငွေလုပ်ဖို့ ရွှေချိန်ငါးထောင်လောက် စာရေးပြီး တောင်းပေးပါလား"

မင်းသားလေးက သူ၏လိုအပ်ချက်ကို ပြောလိုက်၏။ မိခင်က သူ့အား မော့ကြည့်လိုက်သည်။

"သားက ငွေဒီလောက်များများတောင်းတာ ဘာလုပ်မလို့လဲ"

"မေမေ ... ကျွန်တော် တစ်နေ့ ခေါင်းဆောင်ဖြစ်လာနိုင်အောင် လုပ်ရမယ်မဟုတ်လား၊ အဲဒီတော့ ငွေရှိမှ လူအင်အား ရှိနိုင်မယ်"

မိခင်ဖြစ်သူက စိတ်မကောင်းစွာဖြင့် ခေါင်းခါယမ်းလိုက်သည်။

"ဒါတွေကို စိတ်မကူးပါနဲ့သားရယ်၊ တို့သားအမိနှစ်ယောက် မကြောင့်မကြဘဲ အေးအေးဆေးဆေး နေနိုင်တာ မကောင်းဘူးလား"

မိခင်ဖြစ်သူသည် သားဖြစ်သူအား ဖျောင်းဖျနှစ်သိမ့်လိုက်၏။ မင်းသားလေးက ရင်ကော့လိုက်သည်။

"ကျွန်တော် ဒီလိုမနေနိုင်ပါဘူး မေမေ၊ တစ်နေ့ ထီးနန်းကို

www.burmeseclassic.com

www.burmeseclassic.com



ပါ ရအောင်ကြိုးစားမယ်၊ ကျွန်တော့်ကိုသာ ကူညီပါ”

မိခင်မတတ်နိုင်တော့ပါ။

“ကောင်းပြီလေ ... သား စိတ်ချမ်းသာမယ်ဆိုရင် မေမေ ရေးပေးပါ့မယ်”

ဟု ပြောလိုက်လေသည်။

✸

မင်းသားလေးသည် မိခင်အားနှုတ်ဆက်ကာ သူ၏အဆောင်သို့ ပြန်လာခဲ့လေသည်။ သူ့အဆောင်သို့ ရောက်ရှိလာသောအခါ ထုံးစံအတိုင်း ကိုယ်ရံတော်တစ်ယောက်နှင့် သိုင်းပညာ လေ့ကျင့်လိုက်၏။

သို့သော် ယနေ့သည် မင်းသားလေးမှာ အလွန်အမင်း ဒေါသထွက်နေသောကြောင့် သိုင်းကွက်လေ့ကျင့်ရာတွင် စိတ်လိုက်မာန်ပါ တိုက်ခိုက်လိုက်သဖြင့် ကိုယ်ရံတော်လေးယောက် အထိနာသွားရလေသည်။

✸ ✸ ✸



သဘောတရား

နေခြည်ဖြာကျနေသည်။ ဝန်းကျင်တစ်ခုလုံး သာယာလှပနေ၏။ ကျင်းပေါင်သည် ထုံးစံအတိုင်း စုမာကျင်း၏ အိမ်သို့ ရောက်ရှိလာသည်။

စုမာကျင်းက အဆင်သင့် ထိုင်နေသည်ကို တွေ့လိုက်ရလေသည်။ ကျင်းပေါင်က လက်နှစ်ဖက်ဆုပ်ကာ ...

“ဆရာ နေကောင်းတယ်နော်”

ဟု နှုတ်ဆက်လိုက်၏။ သို့ရာတွင် စုမာကျင်းက ကျင်းပေါင်အား ရုတ်တရက် တိုက်ခိုက်လိုက်လေသည်။ ကျင်းပေါင်မှာ စုမာကျင်း၏ရှေ့တွင် ဒူးထောက်လျက်သား ကျသွားသည်။

ကျင်းပေါင်မှာ အသားနာသွားသော်လည်း အသားနာသည်ထက် ပိုပြီး သိုင်းပညာကို စိတ်ဝင်စားသူဖြစ်၏။ ထို့ကြောင့် ကျင်းပေါင်က ခေါင်းမော့ကာ ...

“ဆရာ ... အဲဒါ ဘာသိုင်းကွက်လဲ ခင်ဗျာ”

ဟု မေးလိုက်သည်။ စုမာကျင်း ဒေါပွသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာသိုင်းကွက်မှမဟုတ်ဘူး ... မင်းကို ဒူးထောက်ခိုင်းတာ"

ကျင်းပေါင် အံ့အားသင့်သွားသည်။

"ဘာဖြစ်လို့လဲ ဆရာ"

စုမာကျင်းက ...

"မင်းက သိုင်းပညာမတောက်တခေါက် တတ်သေးတယ်၊ လူရှေ့သူရှေ့ လျှောက်ကြွားနေတယ်ပေါ့"

"ကျွန်တော် မကြွားပါဘူး"

ကျင်းပေါင်က ကပျာကယာ ငြင်းဆိုလိုက်၏။ စုမာကျင်းက ဆေးတံဖြင့် ခေါက်လိုက်သည်။

"ငါမေးမယ်၊ မင်းနဲ့မင်းသားလေးနဲ့ သိုင်းကွက်ချင်းယှဉ်ခဲ့တယ် မဟုတ်လား"

စုမာကျင်း၏အမေးကို ကျင်းပေါင်က လိမ်ညာ၍မပြောပါ။ ကျင်းပေါင်က ...

"ကျွန်တော် ရှောင်ပါသေးတယ်၊ သူကစပြီး စော်ကားလို့ မခံနိုင်တာနဲ့ ပြန်ပြီးယှဉ်မိပါတယ်"

စုမာကျင်းက ...

"မင်းက သူနဲ့မယှဉ်နိုင်တာ အရေးမကြီးဘူး ငါက သူ့ကို သင်မပေးတဲ့ သိုင်းကွက်တစ်ကွက် သူသိသွားတာပေါ့ကွ"



ကျင်းပေါင် ထရပ်လိုက်သည်။

"ဆရာပြောလို့ ကျွန်တော် သတိရလာတယ်၊ သူက ကျွန်တော့်ကို အနိုင်ယူတဲ့သိုင်းကွက်က ဘာသိုင်းကွက်လဲ၊ ဆရာက ဘာဖြစ်လို့ သင်မပေးတာလဲ"

ထိုစဉ် ချွေ့ချင်း အနီးသို့ ရောက်ရှိလာပြီး ...

"ဖေဖေ ... ဘာတွေ ဖြစ်နေတာလဲ"

ဟု မေးလိုက်သည်။ စုမာကျင်းက ခေါင်းတယမ်းယမ်းဖြင့် မကျေမနပ် ပြောလိုက်သည်။

"ငါ သူ့ကို တိတ်တိတ်ကလေး သိုင်းပညာသင်ပေးတယ်။ သူက မင်းသားလေးရှေ့မှာ သွားကြွားတယ်"

သူသည် ကျင်းပေါင်အား လက်ညှိုးငေါက်ငေါက်ထိုးလိုက်ပြီး ...

"မင်းကို ဒဏ်ခတ်ရလိမ့်မယ်"

ဟု ဒေါသထွက်နေသော မျက်လုံးများဖြင့် စိုက်ကြည့်ပြီး ပြောလိုက်သည်။ ကျင်းပေါင်က ခေါင်းငုံ့ထားလိုက်၏။

"ကျွန်တော်မှားသွားပါတယ် ဆရာ၊ ဆရာပေးတဲ့အပြစ်ကို ခံပါ့မယ်"

ကျင်းပေါင်က ပေးသမျှအပြစ်ဒဏ်ကို ခံယူမည်ဖြစ်ကြောင်း ခေါင်းငုံ့ကာ ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



စုမာကျင်းက မဲ့ပြုံးပြုံးလိုက်သည်။

"မင်းကို ဒဏ်ခတ်ရမယ်၊ အခုချိန်က စပြီး မင်း ဝါဠမ်းသွားဖွရမယ်"

ဟု ပြောလိုက်လေသည်။

✺

ကျင်းပေါင်သည် ဝါဠမ်းကို ဖွနေ၏။ သူသည် ဆရာဖြစ်သူ စုမာကျင်း အပြစ်ဒဏ်ပေးသည့်အချက်အား မကျေနပ်မှု လုံးဝမရှိပါ။ သူသည် အခန်းထဲ၌ တစ်ယောက်တည်း ဝါဠမ်းကို ကြိုးစား၍ ဖွနေလေသည်။

ဤသို့ဖြင့် ထမင်းစားချိန်ရောက်ရှိလာသည်။ ရွှေ့ချင်းသည် ဖခင်ဖြစ်သူအား ထမင်းဟင်းများ တည်ခင်းကျွေးပြီးနောက် ထမင်းတစ်ပန်းကန်ယူ၍ ကျင်းပေါင်ထံသို့ လျှောက်သွားလေသည်။

"သမီး"

စုမာကျင်းက ဟန့်တားလိုက်သည်။ ရွှေ့ချင်း၏ခြေလှမ်းများ ရပ်တန့်သွားသည်။

"ရှင် ဖေဖေ"



"သမီး၊ အဲဒီထမင်း ဘယ်ကိုပို့မလို့တုံး"

ရွှေ့ချင်း ပြုံးလိုက်သည်။

"ဖေဖေ ... ကျင်းပေါင်က တစ်မနက်လုံး ဝါဠမ်းဖွနေတာ ဗိုက်ဆာရောပေါ့၊ ဒါကြောင့် ထမင်းသွားကျွေးမလို့"

"သမီးထမင်းထဲမှာ ဟင်းတွေ မတွေ့ပါလား"

"မလိုပါဘူး ဖေဖေ ... ဟင်းက ဖေဖေ့အတွက်ပဲ ဝယ်လာတယ်"

စုမာကျင်းက လက်ဖဝါးယမ်းလိုက်ပြီး ...

"ဒါဖြင့် သွားပို့လေ"

ရွှေ့ချင်းက ကျိတ်၍ ပြုံးလိုက်ပြီး ထမင်းပန်းကန်လုံးကို ကျင်းပေါင်ထံသို့ ယူဆောင်သွားလေသည်။ စုမာကျင်းက သက်ပြင်းတစ်ချက် ချလိုက်သည်။ ပြီးမှ တစ်ယောက်တည်း ကျိတ်ပြီး မှတ်ချက်ချလိုက်၏။

"အင်း ... သမီးကတော့ခက်တာပဲ၊ ထမင်းအောက်မှာ အမဲသားတုံး ဘယ်လောက်ပါသွားမလဲ မသိဘူး"

✺

www.burmeseclassic.com

www.burmeseclassic.com



အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။ ကျင်းပေါင်သည် မနက်တိုင်း ကြက်ဥပူတင်းများကို ဗိုင်းဝန်းသယ်ပို့ပေးသည်။ ချွန်ချွန်း၏ အလုပ်များကို ကူညီလုပ်ကိုင်ပေးပြီးသောအခါတွင် သူသည် စုမာကျင်းတို့ အိမ်သို့ ထွက်လာခဲ့သည်။

သိုင်းဆရာကြီး စုမာကျင်းထံ သွားရောက်၍ ဝါဂွမ်းဖွနေရ၏။ သူသည် စိတ်မပျက်ဘဲ ဝါဂွမ်းကို ကြိုးစား၍ ဖွနေလေသည်။ ဤသို့ဖြင့် ခုနစ်ရက်မြောက်သောအခါ စုမာကျင်းသည် သူ့ထံသို့ ရောက်ရှိလာသည်။

"ဟေ့ … ကျင်းပေါင်"

ကျင်းပေါင်သည် စုမာကျင်း ရောက်ရှိလာသည်ကို တွေ့မြင်သဖြင့် အရိုအသေပြုလိုက်သည်။

"ဟုတ်ကဲ့"

"မင်း ဝါဂွမ်းဖွတာ ဘယ့်နှယ်လဲကွ"

"မပင်ပန်းပါဘူး ဆရာ"

စုမာကျင်းက သူ့အား စိုက်ကြည့်လိုက်သည်။

"မင်း အခုလို ဂွမ်းဖွတာ ဘယ်လိုအကျိုးခံစားရမယ်ဆိုတာ သိလား"

စုမာကျင်းက အနည်းငယ်စဉ်းစားပြီးမှ ခေါင်းခါယမ်းပြလိုက်၏။



"ဘာမှမသိပါဘူး ဆရာ"

စုမာကျင်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

"မင်းက တော်တော်တုံးတဲ့ကောင်၊ မင်းကို ဒီဝါဂွမ်းဖွခိုင်းတာ သိုင်းပညာအတွက် အကျိုးရှိတဲ့ လုပ်ရပ်တစ်ခု ဖြစ်တယ်ဆိုတာ မင်းသဘောမပေါက်တာ ငါအံ့ဩပါတယ်ကွာ"

သူသည် ပြောပြီး အခန်းထဲမှ ထွက်ခွာသွားလေသည်။ ကျင်းပေါင်သည် ဝါဂွမ်းကို မဖွနိုင်တော့ဘဲ တွေဝေစွာ စဉ်းစားနေလေသည်။ စဉ်းစားနေရင်းမှပင် …

"မင်းက ဝါဂွမ်းဖွပြီး သိုင်းပညာအတွက် အသုံးဝင်တယ်ဆိုတာ နားမလည်လို့ အံ့ပါရဲ့ကွာ"

စုမာကျင်းပြောသွားသော စကားများသည် သူ့နားထဲသို့ ပြန်လည်ကြားယောင်နေ၏။

"ဆရာက ဘာသဘောနဲ့ ပြောသွားတာလဲ"

သူ့ရင်ထဲမှ စဉ်းစားရင်း မေးခွန်းထုတ်လိုက်သည်။ သူသည် ဝါဂွမ်းကို ဖြည်းညင်းစွာ ဖွလိုက်သည်။ ထို့နောက် ဖွထားသော ဝါဂွမ်းများကို တုတ်တစ်ချောင်းဖြင့် မှန်မှန်ရိုက်လိုက်လေသည်။

ဝါဂွမ်းများသည် ပေါ့ပါးစွာ လေထဲမှာ ပျံ့လွင့်နေ၏။ ကျင်းပေါင်သည် တုတ်ဖြင့် ဖွထားသော ဝါဂွမ်းအား ရိုက်နေရင်းမှပင် တွေးတောနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ယင်းသို့ စဉ်းစားနေရင်း အတန်ကြာသည့်အခါ အဖြေကိုသဘောပေါက်လာလေသည်။ သူ၏မျက်နှာသည် တဖြည်းဖြည်း ပြုံးယောင်သန်းလာသည်။

အမှန်စင်စစ် ဝါဂွမ်းဖွခြင်းသည် သိုင်းပညာအတွက် များစွာအထောက်အကူပြုသည်။ ထို့အပြင် ဝါဂွမ်းဖွသည့်ဟန်ဖြင့် သိုင်းကွက်တစ်ကွက် ရရှိလိုက်လေသည်။

ကျင်းပေါင်က လက်နှစ်ဖက် ကျစ်ကျစ်ပါအောင်ဆုပ်ပြီး ...

"ကျွန်တော် သဘောပေါက်ပြီ"

ဟု တစ်ချက်အော်ပြီး စုမာကျင်းနောက်သို့ လိုက်သွားလေတော့သည်။ စုမာကျင်းက ကျေနပ်စွာ ပြုံးလိုက်လေသည်။

"အေး ... မင်း အခုလို နားလည်တာ သိပ်ကောင်းတယ်ကွ"

ရွှေ့ချင်းကလည်း ကျင်းပေါင် ယခုကဲ့သို့ တိုးတက်လာသည်ကို တွေ့ရသဖြင့် ဝမ်းသာစွာဖြင့် ပြုံးနေ၏။ စုမာကျင်းက လက်ဖွေ့ယမ်းပြလိုက်၏။ ထို့နောက် သူ့ဘက်သို့ လှည့်ကာ နှင်ထုတ်လိုက်သည်။

"ကျင်းပေါင် မင်းပြန်တော့"

ရွှေ့ချင်း မျက်မှောင်ကြုတ်သွားသည်။

"ဖေဖေ ဘာဖြစ်လို့ သူ့ကိုမောင်းထုတ်နေရတာလဲ"

စုမာကျင်းက ပခုံးတစ်ချက် တွန့်လိုက်၏။



"သူ့ကို မောင်းမထုတ်ရင် ထမင်းတစ်နပ် အလကားကျွေးနေရဦးမယ် မဟုတ်လား သမီးရဲ့"

ရွှေ့ချင်းနှင့်ကျင်းပေါင်တို့သည် ရယ်မောလိုက်ကြလေသည်။

✻

ကျင်းပေါင်သည် သိုင်းပညာတစ်မျိုး ထပ်မံရရှိထားသဖြင့် သူသည် အိမ်သို့ပြန်ရာမှ ခြေလှမ်းသွက်လက်တက်ကြွနေလေသည်။ သူ့ရင်ထဲမှာလည်း တက်ကြွဝမ်းသာပျော်ရွှင်နေသည်။

သူသည် လမ်းတစ်လျှောက်လုံး လေတချွန်ချွန်ဖြင့် အိမ်သို့ ခုန်ပေါက်၍ ပြန်သွားလေတော့သည်။

✻

ချွန်ချန်းသည် မုန့်ကြိတ်နေသော်လည်း စိတ်မပါဘဲ ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့ သူကယ်တင်ခဲ့သည့် မိန်းကလေး ထွက်ခွာသွားပြီးနောက် သူ့ရင်ထဲမှာ ဟာတာတာဖြစ်ပြီး ကျန်ရစ်ခဲ့ရသည် မဟုတ်ပါ လား။

သူသည် အဘယ်ကြောင့်မှန်းမသိ တတွေတွေ တမှိုင်မှိုင်ဖြစ်နေ၏။ ခါတိုင်း ပျော်ပျော်ရွှင်ရွှင် နေတတ်သော ချွန်ချွန်းသည် ယခုမှာမူ ထိုင်းမှိုင်းပြီး သူ၏မျက်နှာပေါ်တွင် လွမ်းဆွေးသည့်အရိပ်အရောင်များ ပေါ်လွင်နေတော့သည်။

ကျင်းပေါင်သည် ဝမ်းသာရွှင်လန်းစွာဖြင့် အိမ်ထဲသို့ လှမ်းဝင်လိုက်၏။

သူသည် ချွန်ချွန်းအား သူ သိုင်းပညာအသစ်တစ်မျိုး ထပ်မံတတ်ကျွမ်းလာကြောင်း ပြောလိုက်သည်။

သို့သော် သူသည် တွေဝေငေးမှိုင်နေသော ချွန်ချွန်းကို တွေ့ရှိသောအခါ စိတ်မကောင်း ဖြစ်လာလေသည်။

"အစ်ကိုကြီး ဘာဖြစ်နေတာလဲဗျ"

ကျင်းပေါင်က အခြေအနေကို စူးစမ်းလိုက်၏။ ချွန်ချွန်းက သူ့အား လှည့်မကြည့်ဘဲ ...

"ငါ ဘာဖြစ်နေလို့လဲ"

"အခုတစ်လော အစ်ကိုကြီးကြည့်ရတာ တမှိုင်မှိုင် တတွေတွေ ဖြစ်နေတယ်"



"မင်း စိတ်ထင်လို့ပါ"

ကျင်းပေါင်က ခေါင်းခါယမ်းလိုက်၏။

"ကျွန်တော်စိတ်ထင်တာ မဟုတ်ပါဘူး၊ ခင်ဗျား အခုတစ်လော တော်တော်ချောင်ကျသွားတယ်"

"ဟုတ်လား၊ အင်း ... အလုပ်ပင်ပန်းလို့နေမှာပါကွာ"

"ကျွန်တော့်ကိုမလိမ်နဲ့ ... အစ်ကိုကြီး တစ်ခုခုတော့ တစ်ခုခုဖြစ်နေပြီ"

"မင်းကွာ ... ဘာတွေ လာပြောနေတာလဲ"

ချွန်ချွန်းက ညည်းညည်းညူညူ ပြောဆိုလိုက်သည်။

ကျင်းပေါင်က တိုင်မှာချိတ်ထားသော ပန်းချီကားအား ညွှန်ပြလိုက်၏။

"ကျွန်တော်သိပါတယ် ... အစ်ကိုကြီး ဒီကောင်မလေးကို လွမ်းနေတာ မဟုတ်လား"

ချွန်ချွန်း ခေါင်းငုံ့ထားလေသည်။ ကျင်းပေါင်က ပြုံးလိုက်သည်။

"သူ့ကိုလွမ်းနေရင် သူ့သတင်းကို လိုက်စုံစမ်းပေါ့၊ အခုလို မှိုင်နေလို့ ဘာအကျိုးရှိမှာလဲ"

ထိုစကားကို ကြားလိုက်ရသောအခါ ချွန်ချွန်းရင်ထဲ လှုပ်ရှားသွား၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် မိန်းကလေးအား လိုက်လံရှာဖွေရန် ဆုံးဖြတ်လိုက်လေတော့သည်။

✹

ယခု ချွန်ချန်းက အလွန်အလုပ်ရှုပ်နေ၏။ သူသည် ကြက်ဥပူတင်းအလုပ်ကို ကျင်းပေါင်အား လွှဲပေးထားသည်။ နေ့စဉ်နေ့တိုင်း သူ ပူတင်းရောင်းပြီးသောအခါ မိန်းကလေး၏သတင်းများကို လိုက်လံ စုံစမ်းလေသည်။

သူသည် ပန်းချီကားချပ်ကို ပြ၍ လိုက်လံမေးမြန်း၏။ ဤသို့ဖြင့် ရက်မကြာမီ အချိန်တွင် မိန်းကလေးနေထိုင်သောနေရာကို စုံစမ်းသိရှိလိုက်လေသည်။

✹

ယနေ့ ချွန်ချန်းသည် ဆိုင်စောစောသိမ်းပြီး ရရှိထားသော လိပ်စာအတိုင်း လျှောက်သွားလေသည်။ မကြာမီ သူသည် အလွန်



ဟောင်းနွမ်းပြီး ကျယ်ဝန်းသော ခြံဝင်းတစ်ခုသို့ ရောက်ရှိလာသည်။

သူရရှိထားသောသတင်းအရ သူတွေ့လိုသော မိန်းကလေးမှာ ဤခြံဝန်းထဲ၌ ရှိသည်။ ထို့ကြောင့် သူသည် ခြံဝင်းတံခါးကို တွန်းဖယ်၍ ဝင်သွားသည်။ ခြံဝင်းစပ်တွင် ရပ်လိုက်ပြီး ...

"အိမ်ရှင်တို့"

ဟု လှမ်းအော်လိုက်သည်။ ပြန်လည်တုံ့ပြန်သောအသံကို လုံးဝမကြားရပါ။

"အိမ်ထဲမှာ လူရှိသလားဗျ"

သူသည် အော်ခေါ်ရင်း တံခါးရှိရာသို့ ချဉ်းကပ်သွားလေသည်။ ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ခြင်းမကက တိတ်ဆိတ်နေ၏။ လှုပ်ရှားသံပင် မကြားရပါ။

အမှန်မှာ သူ ခြံဝင်းသို့ လှမ်းဝင်လိုက်သည်နှင့် မျက်လုံးလေးငါးစုံသည် ကွယ်ရာမှ သူ့အား စူးစိုက်ကြည့်နေသည်ကို သူမသိလိုက်ပါ။ ချွန်ချန်းသည် ခေါ်၍မရသဖြင့် အခန်းတံခါး တွန်းဖွင့်ကြည့်လိုက်သည်။

တံခါးမှာ မင်းတုပ်မထိုးထားသဖြင့် ပွင့်သွားသည်။

"လူရှိသလားဗျို့"

ချွန်ချန်းက အော်ခေါ်ရင်း အိမ်ထဲသို့ လှမ်းဝင်သွားလေသည်။ ထိုစဉ်မှာပင် ...

www.burmeseclassic.com

www.burmeseclassic.com



'ဝုန်း'

ဟူသော မြည်သံနှင့်အတူ လူလေးငါးယောက် ရုတ်တရက် ထွက်လာပြီး ချွန်ချွန်းအား ခုန်အုပ်လိုက်သည်။ ချွန်ချွန်းက မမျှော် လင့်ဘဲ ခံလိုက်ရသဖြင့် မလှုပ်သာဘဲ ဖြစ်သွားလေသည်။

"ဟေ့ မှန်မှန်ပြောစမ်း ... မင်းက သူလျှိုလား"

လူတစ်ယောက်က မေးလိုက်၏။ ချွန်ချွန်းက ရန်းကန်ရင်း

"ကျုပ်က မွန်ဂိုသူလျှို မဟုတ်ဘူး"

"ဒါဖြင့် မင်း ဘာဖြစ်လို့ အိမ်ထဲ ဝင်လာရတာလဲ"

"ကျုပ် မိန်းကလေးတစ်ယောက်ကို လိုက်ရှာနေတာပါ"

"နာမည် ဘယ်သူလဲ"

"သူ့နာမည် ကျုပ်မသိဘူး၊ တစ်ချိန်တုန်းက ဒဏ်ရာရလာ လို့ ကျုပ် ကယ်တင်ခဲ့တဲ့မိန်းကလေးပါ"

ထိုသို့ ပြောလိုက်လျှင် ...

"ဟင် ... သူ့မျက်နှာ ကျွန်မကိုပြစမ်း"

မိန်းကလေးတစ်ယောက်၏အသံကို ကြားလိုက်ရသည်။ ချွန်ချွန်း၏ခေါင်းကို ဖိထားရာမှ တစ်ယောက်က ခေါင်းမော့ပြလိုက် သည်။

မိန်းကလေးက သူ့အား သေချာစွာ စိုက်ကြည့်ပြီး သူမ၏ လူများကို ပြောလိုက်သည်။



"သူ့ကို လွှတ်လိုက်ပါ။ သူဟာ ကျွန်မကို ကယ်တင်ခဲ့တဲ့ ကျေးဇူးရှင်ပါ"

မှန်ပါသည်။ ထိုမိန်းကလေးမှ ချွန်ချွန်း ကယ်တင်ခဲ့သော မိန်းကလေးပင်ဖြစ်ပါသည်။

ရာသီဥတုသည် သာတောင့်သာယာ ရှိနေလေသည်။ ရေ ပြင်ပေါ်မှဖြတ်၍ တိုက်ခတ်လာသောလေသည် အေးစိမ့်၍ ကြည် နူးဖွယ်ရာ ကောင်းလှပေသည်။

ချွန်ချွန်း၏ရင်ထဲ၌ ဝမ်းသာရွှင်မြူးနေ၏။ ယခု သူ ကျိတ်၍ မေတ္တာရှိသော မိန်းကလေးသည် သူ့နား၌ ရှိနေလေပြီ။ မိန်းကလေး ၏ ကိုယ်ပေါ်မှ မွှေးကြိုင်သောရနံ့များက သူ့နှာခေါင်းထဲသို့ တိုးဝင် နေစေ၏။

ထို့ကြောင့် သူ့ရင်ထဲ၌ ခံစားမှုတစ်ခု ခံစားလိုက်ရလေ သည်။ မိန်းကလေးသည် တစ်ချိန်လုံး တိတ်ဆိတ်စွာ သူနှင့် ပခုံးချင်း ယှဉ်၍ လျှောက်သွားသည်။

အတန်ကြာ လျှောက်နေရာမှ မိန်းကလေးက စတင်စကား

www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်၏။

"ကျွန်မ ဒီအိမ်မှာရှိနေမှန်း ဘယ်လိုလုပ်သိတာလဲ"

ချွန်ချွန်းသည် ပန်းချီကားချပ်ကို ခါးမှ ထုတ်ယူလိုက်ပြီး ဖြန့်ပြလိုက်သည်။

"ဟောဒီ ပန်းချီပုံမျိုးနဲ့ လိုက်ပြပြီး စုံစမ်းတာပါ"

မိန်းကလေးက သူမ၏ ပုံတူကားချပ်ကို ကြည့်ကာ ခစ်ခနဲ ရယ်မောလိုက်သည်။

"ဒီပုံတူကားချပ်က ဘယ်ကရတာလဲ"

"ကျုပ်က ခင်ဗျားရဲ့ရုပ်သွင်ကို မှန်းပြီး ပန်းချီဆရာကို ရေးဆွဲခိုင်းတာပေါ့"

မိန်းကလေးက ပင့်သက်ရှိုက်လိုက်၏။

"ရှင်က ဘာဖြစ်လို့ ဒုက္ခခံပြီး ကျွန်မကို လိုက်ရှာရတာလဲ"

"ကျုပ် ကျုပ်လည်း မပြောတတ်ဘူး၊ ခင်ဗျားထွက်သွားတဲ့နေ့ကစပြီး မနေတတ် မထိုင်တတ်လို့ ခင်ဗျားကို တွေ့အောင်ရှာတာ"

ချွန်ချွန်းက သူ့ရင်ထဲမှ ဝေဒနာကို ရိုးရိုးရှင်းရှင်းပင် ထုတ်ဖော်ပြောဆိုလိုက်သည်။ မိန်းကလေးက သက်ပြင်းတစ်ချက် ချလိုက်၏။

"ကျွန်မဟာ မွန်ဂိုအစိုးရရဲ့ အလိုရှိတဲ့ မိန်းကလေးပါ။ ရှင့်ဆီမှာနေရင် ရှင်ပါ အဖမ်းခံရမှာမို့ မပြောမဆို ထွက်လာတာပါ"



"ဒါတွေကို ကျုပ် မသိဘူး ... ခင်ဗျားကို မြင်တွေ့နေရရင် စိတ်ချမ်းသာမှာပဲဆိုတာသာ ကျုပ်သိတယ်"

ချွန်ချွန်းက ရိုးသားစွာ ရင်ဖွင့်နေသည်။ မိန်းကလေး စိတ်မကောင်း ဖြစ်သွားသည်။

"ဩော် ... အစ်ကိုရယ်"

ချွန်ချွန်းက တစ်ခု သတိရလာပြီး ...

"ခင်ဗျားနာမည် ဘယ်လိုခေါ်လဲဆိုတာ ကျုပ် အခုထိ မသိသေးဘူး"

မိန်းကလေးက ပြုံးလိုက်သည်။

"ကျွန်မနာမည် ကျူးကျူးပါ။ ဒါပေမဲ့ ကျွန်မကို ကျူးလျှံလို့ခေါ်ပါတယ်"

ချွန်ချွန်း ဝမ်းသာသွားသည်။

"ကျုပ်နာမည် ချွန်ချွန်းပါ"

"ဟုတ်ကဲ့ ... ကျွန်မ မှတ်ထားပါ့မယ်"

ချွန်ချွန်းသည် ကျူးလျံအား သေချာစွာ စိုက်ကြည့်လိုက်ပြီး ...

"ကျူးလျံ"

"ဘာလဲ အစ်ကို"

"ကျုပ် ခင်ဗျားကို လာတွေ့လို့ ရမလား"

www.burmeseclassic.com

www.burmeseclassic.com



ကူးလျံက အတန်ကြာ စဉ်းစားပြီးမှ ခေါင်းညိတ်လိုက်သည်။

"ရပါတယ် ... ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်သလဲ"

"ကျွန်မဆီလာမှန်း ဘယ်သူမှ မသိစေနဲ့"

"စိတ်ချပါ ... ဘယ်သူ့ကိုမှ မပြောဘူး"

"အစ်ကိုနဲ့အတူနေတဲ့ ကျင်းပေါင်ကိုလည်း မပြောရဘူး"

"ဟုတ်ကဲ့ စိတ်ချပါ"

မိန်းကလေးက သူမထံ လာခွင့်ပေးထားသဖြင့် ချွန်ချန်း ရင်ထဲမှာ ကြည်နူးဝမ်းသာနေရှာသည်။

✿

ကျင်းပေါင်သည် ကြက်ဥပူတင်းဖုတ်ရန် ဂျုံနယ်နေ၏။ သူသည် သိုင်းပညာရပ်များကိုပါ သဘောပေါက်အောင် တွေးတောနေသည်။

ထိုစဉ် ချွန်ချန်းက ခြေလှမ်းသွက်သွက်ဖြင့် ဝင်လာသည်ကို တွေ့ရလေသည်။ ချွန်ချန်း၏ အမူအရာများ ရွှင်လန်းနေ၏။



ချွန်ချန်းသည် ကျင်းပေါင်ရှေ့သို့ရောက်လျှင် ...

"ကဲ ... ငါ့ညီလည်း ပင်ပန်းနေပြီ အစ်ကိုကြိတ်မယ်"

ကျင်းပေါင်က သူ့အား အံ့ဩစွာ ကြည့်နေ၏။

"အစ်ကို ဘာဖြစ်လာတာလဲ"

ချွန်ချန်း ပခုံးတစ်ချက်တွန့်လိုက်သည်။

"ဘာဖြစ်လို့လဲ ... ဘာမှမဖြစ်ပါဘူး"

ပြောပြီး ကျင်းပေါင်အား တွန်းဖယ်ကာ ဂျုံနယ်နေတော့သည်။

ကျင်းပေါင်က သူ့အား နားမလည်နိုင်သော အကြည့်ဖြင့် ကြည့်ကာ ထွက်သွားလေတော့သည်။

✿

ကျင်းပေါင်သည် သူ၏ဆရာ၏အိမ်သို့ ရောက်ရှိလာ၏။ အိမ်ထဲဝင်လိုက်သည်နှင့် မင်းသားလေး ရောက်ရှိနေသည်ကို တွေ့ရလေသည်။

ကျင်းပေါင်က ဦးညွှတ်လိုက်သည်။

"ဆရာ"

www.burmeseclassic.com

www.burmeseclassic.com



စုမာကျင်းက လက်ကာပြလိုက်သည်။

"မင်း ငါ့ကို ဆရာလို့ မခေါ်နဲ့"

ကျင်းပေါင် အံ့အားသင့်သွားပြီး ...

"ဘာ ... ဘာဖြစ်လို့လဲ ဆရာ"

စုမာကျင်းက ဆေးတံကို တစ်ချက်ဖွာလိုက်ပြီး ...

"မင်းသိတဲ့အတိုင်း ငါ သိုင်းပညာသင်ပေးရင် အဖိုးအခ ကြီးကြီးယူတတ်တယ်၊ အခု မင်းသားလေးက ငါ့ကို တစ်လသုံးရာ ပေးတယ်၊ ဒါကြောင့် သူ့ကိုပဲ သင်ပေးတော့မယ်"

စုမာကျင်း၏စကားက ရှင်းလင်းလွန်းလှသည်။ ကျင်းပေါင်က ဒူးထောက်လိုက်ပြီး ...

"ကျွန်တော် ငွေမရှိပေမယ့် ဆရာခိုင်းတာ အကုန်လုံး လုပ်ပါ့မယ်၊ ကျွန်တော့်ကို ဆက်သင်ပေးပါ"

စုမာကျင်း ထိုင်ရာမှထလိုက်သည်။

"မင်း အလုပ်လုပ်တာ သုံးရာတန်သလား၊ ကဲ ကဲ ... မင်း အမြန်ဆုံးထွက်သွားပါ'

ဟု နှင်ထုတ်လိုက်လေသည်။ ကျင်းပေါင်သည် ရှက်လည်းရှက်၊ ဒေါသလည်း ထွက်လာသည်။

ငွေစကားပြောလှ ငွေမက်လှ သော စုမာကျင်းအားလည်း မုန်းသွားမိသည်။



သူသည် ဒူးထောက်ရာမှထကာ အပြင်သို့ ပြေးထွက်သွားလေတော့သည်။

❁

ကျင်းပေါင် ထွက်သွားပြီဖြစ်သည်။ စုမာကျင်းက မင်းသားလေးဘက်သို့ လှည့်လိုက်သည်။

"ကဲ ... မင်း ကျေနပ်ပြီမဟုတ်လား"

မင်းသားလေး ခေါင်းညိတ်ပြလိုက်သည်။

"ကျေနပ်ပါပြီ"

ပြောပြီး တစ်စုံတစ်ခု သတိရလာဟန်ဖြင့် ...

"ဆရာ့ကို တစ်ခုပြောရဦးမယ်"

"ဘာများလဲ"

"အရှေ့ကျွန်းသားနှစ်ယောက် ကျွန်တော့်ဆီ ရောက်နေကြတယ်"

ယင်းစကားကြားလိုက်ရသော စုမာကျင်းရင်ထဲ ထင့်ခနဲဖြစ်သွားသည်။ သို့သော် ဟန်မပျက်ပင် သူက မေးလိုက်၏။

"အဲဒါ ဘာဖြစ်သလဲ"

www.burmeseclassic.com

www.burmeseclassic.com



"သူတို့က စုမာကျင်းဆိုတဲ့ သိုင်းဆရာကို လိုက်ပြီး ရန်ရှာမယ်လို့ ပြောတယ်"

စုမာကျင်း မျက်မှောင်ကြုတ်သွားသည်။

"ဟုတ်လား"

မင်းသားလေးက ပြုံးလိုက်သည်။

"ဒါပေမဲ့ မစိုးရိမ်ပါနဲ့ ဆရာ၊ ကျွန်တော်က သူတို့ကို ဖြောင်းဖြ ထားပါ့မယ်"

စုမာကျင်းက မည်သို့မျှ ပြန်မပြောတော့ဘဲ တိတ်တိတ်နေလိုက်လေသည်။

✹

ကျင်းပေါင်သည် တအားကုန်ပြေးလွှားနေ၏။ သူသည် ချောင်းတစ်ခုသို့ ရောက်ရှိလာသောအခါ ပြေးလွှားရာမှ ရပ်တန့်လိုက်သည်။

ချောင်းဘေးစပ်ရှိ ကျောက်တုံးပေါ်၌ ဒူးထောက်လိုက်ပြီး ရင်ထဲမှာ မျိုသိပ်ထားရသောစကားများကို ဖွင့်ဟငိုကြွေးလိုက်၏။ သူသည် အတန်ကြာမျှ ကျောက်တုံးပေါ် လဲလျောင်းကာ အမော



ဖြေလိုက်လေသည်။ မည်မျှကြာသွားမှန်း မသိပါ။

"အစ်ကို"

ချိုလွင်သော အသံသာသာလေးကို ကြားလိုက်ရ၏။ သူသည် အသံရှင်မှာ ရွှေချင်းဖြစ်ရမည်ဟု အတက်သိလိုက်၏။ ကျင်းပေါင်က ...

"ညီမ ဘာလာလုပ်တာလဲ"

"ဖေဖေက စာလာပေးခိုင်းတာ"

သူမသည် စာတစ်စောင် လှမ်းပေးလိုက်လေသည်။ ကျင်းပေါင်သည် ယင်းစာကို ကြည့်ပင်မကြည့်ဘဲ ချောင်းထဲသို့ ပစ်ချလိုက်သည်။

"ကျုပ် မဖတ်ချင်ဘူး"

"အဲဒါ စာမဟုတ်ဘူးရှင့်၊ ဖေဖေရေးပေးလိုက်တဲ့ သိုင်းကွက်တွေ"

ကျင်းပေါင် ဆတ်ခနဲ ခေါင်းထောင်လိုက်သည်။

"သိုင်းကွက်တွေ ... ဟုတ်လား"

ရွှေချင်းက ပြုံး၍ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

"ဟောဗျာ"

ကျင်းပေါင်သည် အထိတ်တလန့်အော်ဟစ်လိုက်ပြီး ချောင်း

www.burmeseclassic.com

www.burmeseclassic.com



ယဲ့သို့ ဝုန်းခနဲ ခုန်ချလိုက်လေတော့၏။

✹

ချောင်းရေသည် အလွန်အေးမြကြည်လင်သည်။ ကျင်းပေါင်က ရေထဲသို့ ခုန်ချလိုက်ပြီး မျောသွားလုဆဲဆဲ စာရွက်အား ဆယ်ယူလိုက်သည်။

တော်ပါသေး၏။ ဆီစိမ်စက္ကူဖြင့် ရေးထားသောကြောင့် စက္ကူမစုတ်ပြဲသွားပါ။ ရေးသားထားသော စာလုံးများမှာလည်း ပီပီပြင်ပြင် ရှိသေး၏။

သိုင်းပညာရပ်များကို အလွန်မြတ်နိုးသော ကျင်းပေါင်၏ ရင်ထဲမှာလည်း ချောင်းရေသဖွယ် အေးမြချမ်းမြေ့သွားလေသည်။

✹ ✹ ✹



## အကြံအစည်

မင်းသားလေး၏ဂေဟာ။ ဂေဟာတစ်ခုလုံး မီးရောင်များ ထိန်ထိန်လင်းနေ၏။ မင်းသားလေးထံသို့ ညှို့သည်နှစ်ယောက် ရောက်ရှိလာဆည် မဟုတ်ပါလား။

မင်းသားလေးက ထိုညှို့သည်နှစ်ယောက်ကို စားကောင်းသောက်ဖွယ်များဖြင့် ညှို့ခံကျွေးမွေးနေခြင်းဖြစ်လေသည်။ မင်းသားလေးက အထူးဂရုစိုက်ကာ လိုလေသေးမရှိအောင် ညှို့ခံခြင်းကြောင့် ညှို့သည်နှစ်ယောက် ကျေးဇူးတင်မဆုံး ဖြစ်နေကြလေသည်။

အားလုံး စားသောက်ပြီးသွားမှ မင်းသားလေး စကားစလိုက်လေသည်။

"မိတ်ဆွေတို့ တွေ့ချင်တဲ့ပုဂ္ဂိုလ် ဘယ်မှာနေတယ်ဆိုတာ ကျုပ်သိပါတယ်ဗျာ"

ညှို့သည်နှစ်ယောက် လှုပ်လှုပ်ရှားရှား ခေါ်သွားကြ၏။ တစ်ယောက်က ...

"ဟုတ်လား ... ကျေးဇူးပြုပြီး သူ ဘယ်မှာရှိတယ်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ပြောပြပါလားဗျာ”

မင်းသားလေးက ...

“ပြောပါ့မယ်၊ နောက်ပြီးတော့ ခင်ဗျားတို့နဲ့လည်း တွေ့ပေးပါ့မယ်”

ညွှို့သည်နှစ်ယောက်သည် မင်းသားလေး၏စကားကို ကောင်းစွာ နားလည်သဘောမပေါက်ကြဘဲ အချင်းချင်း ကြည့်လိုက်ကြလေသည်။ မင်းသားလေး ပြုံးလိုက်သည်။

“သည်လိုပါဗျာ ... ခင်ဗျားတို့တွေ့ချင်နေကြတဲ့ စုမာကျင်းဆိုတာ ကျွန်ုပ်ကို သိုင်းပညာသင်ပေးနေတဲ့ ဆရာပါ”

“ဟင်”

ညွှို့သည်နှစ်ယောက် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြပြန်လေသည်။ ချက်ချင်း ထိုင်ရာမှ ဝုန်းခနဲ ထရပ်လိုက်ကြလေသည်။ မင်းသားလေး လက်ကာပြလိုက်သည်။

“အေးအေးဆေးဆေး ထိုင်ကြပါဗျာ၊ ကျုပ်ပြောပြပါ့မယ်”

ညွှို့သည်နှစ်ယောက်လည်း ပြန်လည်ထိုင်ချလိုက်ကြလေတော့သည်။



မင်းသားလေးထံသို့ရောက်လာသော ညွှို့သည်နှစ်ယောက်မှာ စုမာကျင်းအား အရှေ့ကျွန်းသားများ ဖြစ်လေသည်။ သူတို့နှစ်ယောက်မှာ ညီအစ်ကိုများဖြစ်လေသည်။

အစ်ကို၏အမည်မှာ လွှေကျင်းခေါ်ပြီး ညီဖြစ်သူမှာ လွှေမင်း ဖြစ်လေသည်။ လွှေမင်းက မင်းသားလေးအား ခြေဆုံး ခေါင်းဆုံး စိုက်ကြည့်လိုက်လေသည်။

သူ၏အသံက အနည်းငယ် တုန်းမာနေသည်။

“မင်းသားလေးက ကိုယ့်ဆရာဘက်ကနေမှာပဲ မဟုတ်လားဗျာ”

မင်းသားလေးပြုံးလိုက်သည်။

“သည်လိုတော့ မဟုတ်ပါဘူးဗျာ၊ သည်ကိစ္စနဲ့ ပတ်သက်ပြီး ကျုပ်မှာ အကြံတစ်ခုတော့ ရှိပါတယ်”

လွှေမင်းနှင့်လွှေကျင်းတို့ ညီအစ်ကိုနှစ်ယောက် အချင်းချင်း ကြည့်လိုက်ကြလေသည်၊ လွှေမင်းက ...

“မင်းသားလေးမှာ ဘယ်လိုအကြံအစည်များရှိလို့လဲ ပြောပါဦး”

မင်းသားလေးက အရက်ခွက်ကိုကိုင်ကာ မြှောက်ပြလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သည်လိုပါ၊ ကျုပ်ဆီမှာ တကယ်အရည်အချင်းရှိတဲ့ သိုင်းပညာရှင်တွေ အများကြီး လိုအပ်နေပါတယ်၊ ခင်ဗျားတို့နှစ်ယောက်သာ လက်ခံမယ်ဆိုရင် ကျုပ်ဆီမှာပဲ နေပါ"

သူက အရက်ခွက်ကို မော့ချလိုက်ပြီး သူ၏အကြံအစည်ကို ပြောပြလိုက်လေသည်။

"ခင်ဗျားတို့ တွေ့ချင်နေတဲ့ သိုင်းဆရာဟာ ကျုပ်ရဲ့ဆရာဖြစ်ပေမယ့် သည်ကိစ္စကို ခဏမေ့ထားလိုက်ကြပါ၊ ကျုပ်ဆီမှာ တာဝန်ထမ်းဆောင်မယ်ဆိုရင် လောလောဆယ် လူတစ်ယောက်ကို ငွေငါးရာပေးပါ့မယ်"

လွှေကျင်းတို့ ညီအစ်ကိုအချင်းချင်း ကြည့်လိုက်ကြပြန်လေသည်။ သူတို့သည် မင်းသားလေး၏စကားကို လက်မခံလျှင် မိမိတို့အတွက် အခြေအနေကောင်းမည် မဟုတ်ကြောင်းလည်း နားလည်လိုက်ကြလေသည်။

ထို့ကြောင့် အခြေအနေအရပ်ရပ်ကို စဉ်းစားတွေးတောကာ မင်းသားလေးအကြံကို လက်ခံလိုက်ကြလေတော့သည်။ လွှေကျင်းက ...

"ကောင်းပြီလေ ... ကျုပ်တို့ရဲ့ရန်သူဟာ မင်းသားလေးရဲ့ဆရာဖြစ်နေတာကြောင့် ကျုပ်တို့က အလျှော့ပေးလိုက်ပါ့မယ်ဗျာ"

မင်းသားလေး ပြုံးလိုက်လေသည်။



"ကျုပ်စကားကို လက်ခံတဲ့အတွက် ခင်ဗျားတို့ အကျိုးမယုတ်စေရဘူးလို့ ကျုပ် အာမခံပါတယ်ဗျာ"

လွှေကျင်းတို့ညီအစ်ကိုနှစ်ယောက်ခေါင်းညိတ်ကာ သဘောတူလိုက်ကြလေတော့သည်။ မင်းသားလေးက အရက်သုံးခွက် ငှဲ့လိုက်သည်။

"ကဲ ... သောက်ကြပါဦးဗျာ"

လွှေကျင်းတို့က အရက်တစ်ခွက်စီယူကာ သောက်လိုက်ကြလေတော့သည်။

✹

နောက်တစ်နေ့၊ စုမာကျင်းသည် သူ့ထံသို့ ရောက်လာသော ဖိတ်စာကိုကြည့်ပြီး အံ့ဩနေ၏။ ဖိတ်စာက မင်းသားလေး၏ ဖိတ်စာ ဖြစ်နေသည်။

စုမာကျင်း တီးတိုးရေရွတ်လိုက်သည်။

"သူက ဘာအကြောင်းထူးလို့ ငါ့ကို ဖိတ်စာတွေ ဘာတွေနဲ့ ဖိတ်လိုက်ရတာလဲ"

မင်းသားလေးကို သံသယဖြစ်မိသော်လည်း ဖိတ်ထား

www.burmeseclassic.com

www.burmeseclassic.com



သည်ကို မသွားဘဲ မနေနိုင်ပါချေ။ သူက ဖိတ်စာကိုယူကာ မင်းသားလေးထံသို့ သွားခဲ့လေသည်။

စုမာကျင်းက မြို့စားဂေဟာသို့ ရောက်လာလျှင် မင်းသားလေးက ခရီးဦးကြိုပြုလိုက်လေသည်။

"ဆရာ ရောက်လာတာကိုး၊ ကြွပါဗျာ ကြွပါ"

စုမာကျင်းက ...

"ဘာကိစ္စကြောင့် ငါ့ကို ဖိတ်စာတွေ ဘာတွေနဲ့ ဖိတ်ရတာလဲ ပြောပါဦး"

မင်းသားလေး ပြုံးလိုက်သည်။

"ခဏနေလျှင် ဆရာသိရမှာပေါ့ဗျာ၊ ကဲ ... ဆရာ လိုက်ခဲ့ပါဦး"

စုမာကျင်းအား အနောက်ဆောင်သို့ ခေါ်ဆောင်သွားလေသည်။ အနောက်ဘက်အဆောင်၌ စားသောက်ဖွယ်ရာများ အဆင်သင့် ပြင်ထားသည်ကို တွေ့ရလေသည်။

စားပွဲပေါ်၌ စားသောက်ဖွယ်ရာများ၊ အရက်များဖြင့် ပြည့်လျှံနေသည်။ လိုလေသေးမရှိ စားသောက်နိုင်ရန် ပြင်ဆင်ထားခြင်း ဖြစ်လေသည်။

စုမာကျင်းသည် မင်းသားလေး၏ လုပ်ရပ်များမှာ ထူးခြားနေကြောင်း သတိပြုမိသဖြင့် ...



"မင်းက ငါတစ်ယောက်တည်းကို ဖိတ်ထားတာလား ... တခြားဧည့်သည်တွေရော ရှိသေးသလား"

ဟု မေးလိုက်လေသည်။ မင်းသားလေး အဖြေပေးစရာမလိုပါချေ။ အခြားဧည့်သည်နှစ်ယောက် ဝင်ရောက်လာသည်ကို တွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်လေသည်။

ထိုလူနှစ်ယောက်မှာ အရှေ့ကျွန်းသားများ ဖြစ်ကြောင်းလည်း စုမာကျင်း ချက်ချင်း အကဲခတ်မိလိုက်လေသည်။ မင်းသားလေးက နေရာပေးလိုက်သဖြင့် စုမာကျင်းက ထိုင်ချလိုက်ပြီး ဖြစ်သည်။

ထို့ကြောင့် လူစိမ်းနှစ်ယောက် ရောက်ရှိလာသောအခါ ရုတ်တရက် ထိုင်ရာမှ မထနိုင်အောင် ဖြစ်သွားလေတော့သည်။ ထိုလူနှစ်ယောက်က ဘာမှမပြောကြဘဲ ထိုင်ခုံများပေါ်၌ ထိုင်ချလိုက်ကြလေသည်။

သူတို့၏မျက်လုံးများက စုမာကျင်းကို မျက်တောင်မခတ်ကြည့်နေကြလေသည်။ စုမာကျင်းကို မုန်းတီးကာ ဒေါသထွက်နေကြောင်း သူတို့၏အကြည့်က အထင်းသားပေါ်လွင်နေပါတော့သည်။

"အဟမ်း"

မင်းသားလေးက ချောင်းတစ်ချက်ဟန့်လိုက်သည်။ စုမာကျင်းကို ပြုံးပြလိုက်သည်။ တစ်ဖန် ...

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ့ကို လူနှစ်ယောက်နဲ့ မိတ်ဆက်ပေးချင်ပါတယ်"

ဟု ပြောလိုက်လေသည်။ စုမာကျင်း နေမထိထိုင်မသာ ဖြစ်လာတော့သည်။ မင်းသားလေးက ...

"သည်ကမိတ်ဆွေနှစ်ယောက်က ဆရာ့ကို ရန်ရှာကြဖို့ပါ၊ ဒါပေမဲ့ ကျုပ်က သူတို့ကို တောင်းပန်ထားတဲ့အတွက် ဘာမှ စိုးရိမ်စရာ မရှိပါဘူး"

စုမာကျင်း ပြုံးလိုက်သည်။

"ငါက မင်းကိုတောင် ကျေးဇူးတင်ရဦးမှာပေါ့လေ"

တမင် အရွဲ့တိုက်သည့်အလား လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်ရင်း ...

"မင်းကို ကျေးဇူးတင်ပါတယ်"

ဟု ပြောလိုက်လေသည်။ ပြီးလျှင် ...

"မင်းက ကျုပ်ကို ကျွေးမွေးပြုစုဖို့ ဖိတ်ခေါ်လိုက်တာကို ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ကျုပ်က ဗိုက်ပြည့်နေလို့ မစားတော့ပါဘူး၊ ကဲ ... ကျုပ်ကို ခွင့်ပြုဦး"

ဟု နှုတ်ဆက်ကာ ဘာမှ အရေးမစိုက်တော့ဘဲ ထိုင်ရာမှ ထကာ ထွက်သွားလေတော့သည်။

✽



စုမာကျင်းက အိမ်ပြန်ရောက်လာပြီ ဖြစ်လေသည်။ အိမ်ထဲ ရောက်သည်နှင့် တံခါးပိတ်ကာ မင်းတုပ်ချထားလိုက်လေသည်။ သို့သော် စိတ်ထဲ၌ လုံခြုံမှုမရှိဟု ခံစားနေရ၏။ သမီးဖြစ်သူကို လှမ်းခေါ်လိုက်လေသည်။

"ရွှေ့ချင်း"

သူ၏ခေါ်သံကြောင့် ရွှေ့ချင်းက အတွင်းဘက်မှ ထွက်လာလေသည်။ ဖခင်ဖြစ်သူ မျက်နှာပျက်ကာ ထိတ်ထိတ်ပျာပျာ ဖြစ်နေသည်ကို တွေ့ရလျှင် သူမလည်း စိုးရိမ်ပူပန်သွားလေတော့သည်။

"ဖေဖေ ဘာဖြစ်လို့လဲဟင်"

စုမာကျင်းက ...

"ပြတင်းပေါက်တံခါးတွေကို အရင်ဆုံး ပိတ်ထားလိုက်စမ်းပါ"

"ဟုတ်ကဲ့ ဖေဖေ"

ရွှေ့ချင်းက ဖခင်ကြီး ကျေနပ်သွားစေရန် ပြတင်းတံခါးများ ပိတ်လိုက်လေသည်။ တစ်ဖန် ...

"ဖေဖေ ဘာဖြစ်လာလို့လဲဟင်"

ဟု မေးလိုက်သည်။ စုမာကျင်း သက်ပြင်းချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေဟာ တစ်ချိန်က အရှေ့ကျွန်းက သိုင်းဆရာတစ်ယောက်နဲ့ ရန်ငြိုးဖွဲ့ခဲ့ဖူးတယ်၊ ဒါကြောင့် ခုချိန်မှာ သူ့တပည့် နှစ်ယောက်က ဖေဖေ့ကို ရန်ပြုဖို့ လာရှာနေကြတယ်"

ရွှေ့ချင်း မျက်နှာပျက်သွားလေသည်။

"ဖေဖေ့ကို လာရှာကြတာ"

"ဟုတ်တယ် သမီး"

"အခု သူတို့ ဘယ်မှာလဲ"

"သူတို့က မင်းသားလေးရဲ့ဂေဟာမှာ ရှိနေကြတယ်ကွဲ့"

"ဩော်"

ရွှေ့ချင်း မျက်မှောင်ကုတ်သွားလေသည်။ ဖခင်ကြီးကို မေးလိုက်သည်။

"သူတို့ဟာ မင်းသားလေးနဲ့ အသိအကျွမ်းဖြစ်နေကြလို့လားဟင်"

စုမာကျင်း ခေါင်းခါယမ်းလိုက်သည်။

"မပြောတတ်ဘူး၊ သူတို့နှစ်ယောက်ကို မင်းသားလေးရဲ့ဂေဟာမှာ တွေ့ခဲ့ရတာတော့ အမှန်ပဲ"

ရွှေ့ချင်းက ...

"ဒါဖြင့် မင်းသားလေးက ဖေဖေ့ကို ဖိတ်ကြားလိုက်တာ သူတို့နှစ်ယောက်နဲ့ တွေ့ဖို့ ... ဟုတ်လား"



စုမာကျင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်လိမ့်မယ်"

"မင်းသားလေးဟာ ဖေဖေ့ဘက်က မကူညီဘူးလား"

"သူကတော့ တစ်ဖက်နဲ့တစ်ဖက် ရန်ငြိုးတွေ ပြေလည်စေချင်လို့ ဖိတ်ကြားပြီး ကျွေးမွေးဧည့်ခံတာလို့ ထင်ရတာပဲ"

ရွှေ့ချင်းက အနည်းငယ်စဉ်းစားလိုက်ပြီး ...

"ဒါဆိုရင် ဖေဖေ ဘာမှစိုးရိမ်စရာ မရှိဘူး ထင်ပါတယ်"

စုမာကျင်း ခေါင်းခါယမ်းလိုက်သည်။

"သမီး ဘာမှမသိပါဘူး၊ လူ့စိတ်ဆိုတာ ထူးဆန်းတယ်၊ လှုံ့ဆော်ပြီး အပြောင်းအလဲ ဖြစ်တယ်၊ ဘယ်တော့မှ ပုံသေကားကျ ပြောလို့မရဘူး"

သူက ရွှေ့ချင်း၏ပခုံးကို လက်ဝါးဖြင့် တစ်ချက်ပုတ်ပြီး သတိပေးလိုက်လေသည်။

"ခုချိန်ကစပြီး သမီး ဘယ်ကိုမှ မသွားရဘူးနော်"

ရွှေ့ချင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ပါ ဖေဖေ"

စုမာကျင်းက ...

"ကဲ ... သမီးက တံခါးတွေကိုသေသေချာချာသွားပိတ်၊ ဖေဖေ ထောင်ချောက်ဆင်လိုက်ဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် စုမာကျင်းက တံခါးပေါ်သို့ ခေါင်းလောင်း တပ်ဆင်လိုက်လေသည်။ တစ်ဖန် တံခါးအောက်၌ ပိုက်ကွန်များ တပ်ဆင်လိုက်၏။

ထိုသို့ ကြိုတင်ကာကွယ်မှုများ၊ ထောင်ချောက်များ ပြုလုပ်ရင်း စုမာကျင်း မအားမလပ်နိုင်အောင် ဖြစ်သွားလေတော့သည်။

✹

ဈေးသည် ...။

ဈေးသည် ချွန်ချွန်းအား ကျင်းပေါင်က ယခုတစ်လော သတိပြုနေခဲ့မိသည်။ ချွန်ချွန်းက အခုတစ်လော ထူးခြားနေသည် မဟုတ်ပါလား။

တစ်ချိန်လုံး ဈေးရောင်းဖို့သာ အာရုံစိုက်နေသော ချွန်ချွန်းသည် အပြင်သို့ မကြာခဏ ထွက်နေသည်။ ယခုလည်း ချွန်ချွန်းက အပြင်သို့ ထွက်ရန်ဟန်ပြင်နေပြီ ဖြစ်လေသည်။

ထို့ကြောင့် ကျင်းပေါင်က လှမ်းပြောလိုက်သည်။

"ကျွန်တော်မောနေပြီဗျ၊ ပူတင်းဖုတ်ဖို့ အစ်ကို ဂျုံတစ်လှည့်နယ်ပေးရင်ကောင်းမယ်"



ချွန်ချွန်း ပခုံးတွန့်လိုက်သည်။ ပြုံးဖြဲဖြဲမျက်နှာဖြင့် ပြောလိုက်လေသည်။

"ငါ သွားစရာရှိလို့ မင်းပဲ ဂျုံဆက်နယ်လိုက်ပါကွာ"

ကျင်းပေါင် မကျေမနပ် ဖြစ်သွားလေသည်။ ချက်ချင်း ခေါင်းခါယမ်းပြလိုက်သည်။

"ကျုပ် ဂျုံမနယ်ချင်တော့ဘူး"

"ဘာဖြစ်လို့လဲကွ"

"ခုတစ်လော ပူတင်းဖုတ်ဖို့ကိစ္စ ကျွန်တော်ချည်းပဲ လုပ်နေရတာ၊ အစ်ကိုကတော့ အပြင်ချည်းပဲ ထွက်နေတာမဟုတ်လား"

ချွန်ချွန်းက ...

"ငါ့မှာကိစ္စရှိနေလို့ပါကွာ"

"ဒါဖြင့် ဘာကိစ္စလဲဆိုတာ ကျွန်တော့်ကို ပြောလေ"

"ဂျုံသွားဝယ်မလို့လေ"

ကျင်းပေါင်က မလှမ်းမကမ်း၌ ရှိနေသော ဂျုံအိတ်များကို ညွှန်ပြလိုက်လေသည်။

"ဟိုမှာ ဂျုံတွေ အများကြီးရှိနေသေးတာပဲ မဟုတ်လား"

ချွန်ချွန်းက ...

"ဟုတ်တော့ဟုတ်တယ်၊ ဒါပေမဲ့ ငါအပြင်သွားမှ ဖြစ်မယ်ကွ၊ ကဲ ... သွားဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။ သို့သော် ကျွင်းပေါင်က ဟန့်တားထားလိုက်လေသည်။

"အစ်ကို အပြင်မထွက်ရဘူး"

"ဘာဖြစ်လို့လဲ"

ကျွင်းပေါင်က ပွင့်ပွင့်လင်းလင်းပင် ပြောလိုက်သည်။

"အစ်ကို အခုတစ်လော အမူအရာပျက်နေတယ်၊ ဘာကိစ္စရှိသလဲဆိုတာ ပြောမှ အစ်ကို့ကို သွားခွင့်ပြုမယ်"

ချွန်ချွန်းက ခေါင်းခါယမ်းလိုက်ပြန်သည်။

"ဘာကိစ္စမှ မရှိပါဘူးကွာ"

ကျွင်းပေါင်က ...

"ဒါဖြင့် အစ်ကို ဂျူနယ်ထားလိုက်ဦး၊ ကျွန်တော် အပြင်သွားလိုက်ဦးမယ်"

ပြောပြောဆိုဆို ထွက်သွားရန် ခြေလှမ်းပြင်လိုက်၏။ ချွန်ချွန်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

"သည်လိုတော့ မလုပ်ပါနဲ့ဗျာ၊ ငါ့မှာ တကယ် အရေးကြီးတဲ့ကိစ္စ ရှိလို့ပါ"

ကျွင်းပေါင်က ...

"ဒါဖြင့် ခင်ဗျားမှာ ဘယ်လိုကိစ္စရှိနေတယ်ဆိုတာ ကျွန်တော့်ကို ပြောပြရမယ်"



ဟု အကျပ်ကိုင်လိုက်လေသည်။ ချွန်ချွန်း [illegible]ကြို့သွားလေသည်။ နောက်ဆုံး ...

"ငါ မပြောချင်လို့ မဟုတ်ပါဘူး၊ သူက မပြောရဘူးလို့ မှာထားလို့ပါ"

ကျွင်းပေါင် ပြုံးလိုက်သည်။ တဖြည်းဖြည်း သဲလွန်စ ရလာပြီ မဟုတ်ပါလား။

"သူဆိုတာ ဘယ်သူလဲ"

ချွန်ချွန်း သက်ပြင်းချလိုက်သည်။

"မထူးပါဘူးကွာ၊ မင်းသည်လောက် သိချင်နေတယ် ဆိုရင်လည်း ပြောပြပါ့မယ်"

"ကောင်းပြီ ... ပြောပါ"

ချွန်ချွန်းက လေသံကိုနှိမ်ကာ ...

"တစ်ချိန်က ကျုပ်ကယ်ခဲ့တဲ့ ကူးလျှံကို မှတ်မိတယ် မဟုတ်လား"

ကျွင်းပေါင် ကြောင်အမ်းအမ်း ဖြစ်သွားပြီးမှ ခေါင်းညိတ်လိုက်လေသည်။

"သူ့နာမည်က ကူးလျှံတဲ့လား"

"ဟုတ်တယ်"

"အစ်ကိုက သူ့ဆီကို သွားမလို့ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"အေး"

ချွန်ချွန်းက ဝန်ခံလိုက်လေသည်။ ကျင်းပေါင် သက်ပြင်းချလိုက်သည်။

"အစ်ကိုသွားတာကို ကျွန်တော် မတားတော့ပါဘူး၊ ဒါပေမဲ့ အစစအရာရာ သတိထားပါဗျာ"

"အေးပါကွာ"

ကျင်းပေါင်က စေတနာဖြင့် သတိပေးသည်ကို ချွန်ချွန်း လက်ခံလိုက်လေသည်။ ထို့နောက် ကျင်းပေါင်ကို နှုတ်ဆက်ကာ ခပ်သုတ်သုတ် ထွက်သွားလေတော့သည်။

✹

ချွန်ချွန်းက ကူးလျံနှင့်အတူ ရှိနေ၏။ ကူးလျံနှင့်အတူ တွဲနေချိန်၌ ချွန်ချွန်းမှာ အလိုလိုနေရင်း ဝမ်းသာပျော်ရွှင်နေတော့သည်။ သို့သော် ယနေ့တွင် ကူးလျံက ထူးထူးခြားခြား ရှိနေ၏။ ချွန်ချွန်းက

"ညီမကိုကြည့်ရတာ သည်ကနေ့ ထူးခြားနေသလိုပဲ၊ အကြောင်းတစ်ခုခုများ ရှိနေလို့လား"

ဟု မအောင့်အည်းနိုင်ဘဲ မေးလိုက်လေသည်။ ကူးလျံက



"ဟုတ်တယ် အစ်ကို ... ကျွန်မ ပြောစရာရှိနေတယ်"

"ဘာများလဲ ညီမရယ်"

"ကျွန်မက အစ်ကိုနဲ့နေရတာ ပျော်ရွှင်ချမ်းမြေ့မှု ရှိပါတယ်၊ ဒါပေမဲ့ ကျွန်မ သည်အတိုင်းနေလို့ မရတော့ဘူး"

"ဘာဖြစ်လို့လဲ ညီမ"

"ကျွန်မ သွားရတော့မယ်"

"ဟင်"

ချွန်ချွန်း ရင်ထိတ်သွားလေသည်။

"ညီမ သွားရတော့မယ် ... ဟုတ်လား"

"ဟုတ်တယ် အစ်ကို"

"ညီမ ဘယ်ကိုသွားမှာလဲ"

"ကျွန်မက အရေးကြီးတဲ့ တာဝန်တစ်ခု ထမ်းဆောင်ဖို့ သွားရမှာပါ"

"ညီမရယ်"

ကူးလျံက ရုတ်တရက် ခွဲခွာသွားရတော့မည်ဆို၍ ချွန်ချွန်း မချိတင်ကဲ ဖြစ်သွားရလေတော့သည်။ ကူးလျံက ...

"ဒါပေမဲ့ ကျွန်မ တာဝန်ထမ်းဆောင်လို့ ပြီးဆုံးသွားတာနဲ့ အစ်ကို့ဆီကို ပြန်လာခဲ့ပါ့မယ်ရှင်"

"ညီ ... ညီမ တကယ်ပြောတာလားဟင်"

www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပေါ့ အစ်ကိုရယ်"

ကူးလျံက ပြန်လာမည်ဆိုခြင်းကြောင့် ချွန်ချန်း ဝမ်းသာသွားလေတော့သည်။

✹

စမာကျင်းက ထောင်ချောက်ဆင်ထားလေသည်။ သို့သော် အရှေ့ကျွန်းသားနှစ်ယောက်က သူ၏ထောင်ချောက်ထဲရောက်မလာပါချေ။

တကယ်တမ်း ထောင်ချောက်ထဲရောက်လာသူမှာ ကျင်းပေါင် ဖြစ်လေသည်။

"ဖေဖေ ... အဲဒါ အစ်ကိုကျင်းပေါင်ပါ၊ လူမှားနေပြီ"

စမာကျင်း မျက်နှာပျက်သွားလေသည်။ သေသေချာချာကြည့်လိုက်သောအခါ ပိုက်ကွန်ထဲ ရောက်နေသူမှာ ကျင်းပေါင် ဖြစ်နေ၏။

"ကျွန် ကျွန်တော့်ကို လွှတ်ပေးပါဗျာ"

ကျင်းပေါင်က ကြောက်ကြောက်လန့်လန့်ဖြင့် တောင်းပန်လိုက်လေသည်။



စမာကျင်းက ...

"မလွှတ်ဘူးကွ"

"ဗျာ"

"အေး ... ငါခိုင်းတာ လုပ်ပေးမယ်ဆိုရင် မင်းကို လွှတ်ပေးမယ်"

"ကျွန်တော် ဘာလုပ်ပေးရမှာလဲဗျာ"

စမာကျင်းက ...

"မင်းက ငါ့နောက်ကိုလိုက်နေတဲ့ အရှေ့ကျွန်းသား နှစ်ယောက်ကို သိတယ်မဟုတ်လား"

"သူ သူတို့က"

"အေး ... သူတို့နှစ်ယောက်ရဲ့ အခြေအနေကို စောင့်ကြည့်ပေးရမယ်"

"ကောင်းပါပြီဗျာ"

ကျင်းပေါင်သည် လွှတ်မြောက်လိုစိတ်ဖြင့် ကတိပေးလိုက်လေသည်။

စမာကျင်းက ပိုက်ကွန်ကြီးကို ဖယ်ရှားလိုက်ပြီးမှ အကျီ တစ်ထည်ပေးလိုက်လေသည်။

"မင်းက သည်အကျီကို ဝတ်ထား၊ ခါးလုံလက်နက် တိုးမပေါက်ဘူးကွ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

ကျင်းပေါင်လည်း စုမာကျင်းပေးသော အကျီကိုယူထား လိုက်ရလေတော့သည်။

❁ ❁ ❁



တာဝန်

ကျင်းပေါင်နှင့် ချွန်ချန်းတို့က မုန့်များ ရောင်းနေကြ၏။ နှစ်ယောက်သား မင်းလမ်းမကြီးအတိုင်း လျှောက်လာခဲ့ရင်း တစ်နေရာသို့အရောက်တွင် စည်ကားသိုက်မြိုက်နေသော စားသောက်ဆိုင်ကြီးတစ်ဆိုင်သို့ သွားနေကြသူတစ်စုကို တွေ့လိုက်ရလေသည်။

ထိုလူစုတွင် ချောမောလှပသော မိန်းကလေးတစ်ယောက်လည်း ပါဝင်နေပါသည်။ ကျင်းပေါင်က ...

"အစ်ကိုကြီး ... ဟိုမှာကြည့်လိုက်ပါဦး"

မိန်းမချောလေးကို ညွှန်ပြကာ ချွန်ချန်းကို ပြောလိုက်လေသည်။ ချွန်ချန်းသည် ထိုမိန်းကလေးကိုမြင်လျှင် လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

"အင်း ... ကူးလျံပါလား"

ထိုအချိန်တွင် ကူးလျံက ဟိုဟိုသည်သည် ကြည့်လိုက်ရာ ချွန်ချန်းကို တွေ့မြင်သွားလေသည်။ သူမသည် အံ့သြသွားဟန်ရှိပြီး မှ ချက်ချင်း မျက်နှာလွှဲသွားပြီး မသိချင်ဟန်ဆောင်နေလိုက်လေ

www.burmeseclassic.com

www.burmeseclassic.com



တော့သည်။ ချွန်ချန်းသည် ကူးလျံ၏အပြုအမူကြောင့် အံ့သြသွားလေသည်။

"သူက ငါ့ကိုတွေ့လျက်နဲ့ ဘာကြောင့် မသိချင်ဟန်ဆောင်လိုက်ရတာလဲ"

ဟုတွေးပြီး မကျေမနပ် ဖြစ်သွားလေသည်။ ကူးလျံတို့လူစုက စားသောက်ဆိုင်ကြီးထဲ ဝင်သွားကြပြီး မြင်ကွင်းမှ ပျောက်ကွယ်သွားလေသည်။ ကျင်းပေါင်က ...

"အစ်ကိုက ဘာကြောင့် သူ့ကို မခေါ်လိုက်တာလဲ"

ဟု မေးလိုက်သည်။ ချွန်ချန်းက ...

"သူကမှ ငါ့ကိုမခေါ်တာ၊ ငါက ဘာကြောင့် ခေါ်ရမှာလဲ"

"ဗျာ"

"သူမခေါ်ဘဲ ငါသွားခေါ်လိုက်ရင် ငါက အရူးတစ်ယောက်လို ဖြစ်သွားမှာပေါ့"

ကျင်းပေါင်က ...

"ဘာပဲဖြစ်ဖြစ် အစ်ကိုကြီးက စားသောက်ဆိုင်ထဲ ဝင်သွားမှတော့ ဖြစ်မယ်"

"ဘာကွ"

"ဆိုင်ထဲကို ဟိုအရှေ့တိုင်းသားနှစ်ယောက် ဝင်သွားတာကျွန်တော် တွေ့လိုက်တယ်"



ချွန်ချန်းက ...

"အဲဒါ ငါနဲ့ဘာဆိုင်သလဲ"

ကျင်းပေါင်က ...

"ကျွန်တော်က သူတို့ရဲ့ လှုပ်ရှားမှုတွေကို စောင့်ကြည့်ပေးမယ်လို့ တာဝန်ယူထားရတယ်လေ"

"ဒါဖြင့် မင်းသွားကြည့်ပေါ့"

ကျင်းပေါင် ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်ဘူး ... သူတို့က ကျွန်တော့်ကို သိနေကြပြီဗျ"

ချွန်ချန်းက ...

"ငါသွားကြည့်တော့ကော ဘာများ အကြောင်းထူးမှာလဲ"

"တစ်ခုခုတော့ ထူးခြားမယ်ဆိုတာ ကျွန်တော် သိထားပါတယ်ဗျာ"

ချွန်ချန်းက ကျင်းပေါင်ကို တစ်ချက်ကြည့်လိုက်ပြီးမှ ...

"ကောင်းပြီ ... ငါသွားကြည့်ပေးမယ်၊ မင်း သည်မှာစောင့်နေ"

ချွန်ချန်းက စိတ်မြန်လက်မြန်ဖြင့် ဆိုင်ထဲဝင်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ချွန်ချွန်းက ဆိုင်ထဲရောက်သွားပြီ ဖြစ်သည်။ ဆိုင်လုလင်တစ်ယောက်က ...

"ဘာလိုချင်လို့လဲ"

ချွန်ချွန်း၏ အသွင်အပြင်ကို ကြည့်ကာ လေသံမာမာဖြင့် မေးလာလေသည်။ ချွန်ချွန်းက ...

"ကျုပ်က အရက်တစ်အိုးလိုချင်လို့"

သူကလည်း အသံမာမာဖြင့် ပြန်ပြောလိုက်တော့မှ ဆိုင်လုလင် ငြိမ်ကျသွားတော့သည်။

"ရ ရပါတယ်ဗျာ"

အရက်တစ်အိုး ယူဖို့ ထွက်သွားလေသည်။ ချွန်ချွန်းက ဆိုင်လုလင်ကို စောင့်ရင်း ဆိုင်ထဲ အကဲခတ်လိုက်လေသည်။ ထိုအခါ ဆိုင်ထဲ၌ မင်းသားလေးနှင့် မိတ်ဆွေများ ရောက်ရှိနေသည်ကို တွေ့ရလေသည်။

ကျင်းပေါင်ပြောသည့် မျက်နှာစိမ်းနှစ်ယောက်ကိုလည်း တွေ့ရလေသည်။

ထို့အပြင် မင်းသားလေးတို့နှင့် မလှမ်းမကမ်း၌ လူတစ်စု ရှိနေသည်။



ကူးလျှံတို့လူစု ဖြစ်လေသည်။ ချွန်ချွန်းသည် ကူးလျှံပြောခဲ့သည့် တာဝန်ဆိုသောစကားကို သတိရလိုက်လေသည်။

ဤတွင် စားသောက်ဆိုင်အတွင်း၌ မကြာမီ ပြဿနာကြီးတစ်ခု ပေါ်ပေါက်လာတော့မည်ဖြစ်ကြောင်း ချွန်ချွန်း နားလည်လိုက်လေတော့သည်။

ချွန်ချွန်းသည် အခြေအနေကို အကဲခတ်ပြီးသည်နှင့် ဆိုင်ထဲမှ ပြန်ထွက်ရန် ဟန်ပြင်လိုက်၏။

"ခင်ဗျား ဘယ်သွားမလို့လဲ"

ဆိုင်လုလင်က အရက်အိုးယူကာ ပြန်ရောက်လာပြီး မေးလိုက်ခြင်း ဖြစ်လေသည်။ ချွန်ချွန်းက ...

"မင်း အရက်သွားယူတာ သည်လောက်တောင် ကြာနေတာ၊ ကျုပ် မစောင့်နိုင်တော့ဘူး ... သွားတော့မယ်"

လမ်းပိတ်ထားသော ဆိုင်လုလင်ကို တွန်းဖယ်ကာ ဆိုင်ထဲမှ အပြေးတစ်ပိုင်း ထွက်သွားလေတော့သည်။

ကျင်းပေါင် မျက်မှောင်ကုတ်ထားလေသည်။ သူက ချွန်ချွန်း

www.burmeseclassic.com

www.burmeseclassic.com



ပြောသည့်စကားများကို နားထောင်ပြီး တွေးတောစဉ်းစားနေခြင်း ဖြစ်လေသည်။

ချွန်ချွန်းကလည်း ခေါင်းကုတ်နေ၏။ အတော်ကလေးကြာတော့မှ ...

"အဟွတ်"

ကျင်းပေါင်က ချောင်းဆိုးလိုက်လေသည်။ ချွန်ချွန်းက လှည့်ကြည့်လိုက်သည်။ ကျင်းပေါင်က ...

"အစ်ကိုပြောတဲ့အတိုင်းဆိုရင် ကူးလျံတိုက မင်းသားလေးကို လုပ်ကြံဖို့ ကြံစည်နေကြတာပဲ ဖြစ်လိမ့်မယ်"

ချွန်ချွန်း ခေါင်းညိတ်လိုက်သည်။

"ဒါကြောင့် သူက ငါ့ကိုမြင်ပါလျက်နဲ့ တမင်မမြင်ချင်ဟန်ဆောင်တာပေါ့"

ကျင်းပေါင်က ...

"သူတို့က လုပ်ကြံဖို့ ကြံစည်နေကြပေမယ့် မင်းသားလေးနဲ့ ပတ်သက်ပြီး သတင်း ပြည့်ပြည့်စုံစုံ ရမထားကြသေးဘူးဆိုတာ ထင်ရှားပါတယ်။ သူတို့ဟာ အရှေ့ကျွန်းက သိုင်းသမားတွေကို ထည့်မတွက်မိကြဟာ သေချာတယ်၊ တကယ်လို့ သူတို့ဘာသာ ဝင်တိုက်ခိုက်ခဲ့ရင် အားလုံး ဒုက္ခရောက်သွားမှာ သေချာတယ်"

ချွန်ချွန်း ခေါင်းညိတ်လိုက်ပြန်သည်။



"ဟုတ်တယ် ... အဲသည်သိုင်းဆရာနှစ်ယောက်ဟာ နှယ်နှယ်ရရ မဟုတ်ဘူးလို့ ကြားတယ်"

ကျင်းပေါင်က ...

"ဆရာ စုမာကျင်းတောင် သူတို့ကို သတိထားနေရတယ်ဆိုတော့ သူတို့ရဲ့သိုင်းပညာအဆင့်မြင့်တယ်ဆိုတာ ခန့်မှန်းလို့ ရနိုင်ပါတယ်"

"ဒါဆို ကူးလျံတို့"

ချွန်ချွန်း စိတ်ပူကာ ရှေ့ဆက်မပြောနိုင်တော့အောင် ငြိမ်သွားလေသည်။ ကျင်းပေါင်က ...

"သူတို့က မဆင်မခြင် သွားပြီးတိုက်ခိုက်ရင်တော့ ဒုက္ခရောက်မှာသေချာတယ်"

ဟု ထပ်ပြောလိုက်လေသည်။ ချွန်ချွန်းက ...

"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ"

သူက အကြံရခက်သောမျက်လုံးများဖြင့် ကျင်းပေါင်ကို ကြည့်လိုက်တော့သည်။ ကျင်းပေါင်က အနည်းငယ် စဉ်းစားလိုက်ပြီး

"သူတို့ကို အချိန်မီ ဟန့်တားမှ ဖြစ်တော့မယ်"

"သူတို့သိအောင် ဘယ်လိုလုပ်အကြောင်းကြားမှာလဲ ပြောပါဦး"

ကျင်းပေါင်က ...

www.burmeseclassic.com

www.burmeseclassic.com



“သည်လိုလုပ် ... အကျိုးအကြောင်း စာတစ်စောင်ရေးပြီး ပန်းကန်ထဲထည့်ထားမယ်၊ အစ်ကိုက ကြက်ဥပူတင်းပန်းကန်ကို ဆိုင်ထဲ ဝင်ရောင်း၊ တစ်ပါတည်း ပန်းကန်ကို ကူးလျံလက်ထဲရောက်အောင် ထည့်လိုက်ပေါ့”

ချွန်ချွန်း ဝမ်းသာသွားလေသည်။

“သည်အကြံ ကောင်းတယ် ... ငါ့ညီ သိပ်တော်တာပဲ”

ဟုလည်း ကျင်းပေါင်ကို ချီးကျူးလိုက်လေသည်။

ကျင်းပေါင်သည် စာတစ်စောင်ရေး၍ ခေါက်လိုက်သည်။ ပြီးနောက် ပန်းကန်ထဲ ထည့်လိုက်၏။ ထို့နောက် ပူတင်းကို အပေါ်မှ ဖုံးလိုက်လေသည်။

အလားတူ ကြက်ဥပူတင်းများကို ဗန်းတစ်ခုပေါ် တင်ပြီး ချွန်ချွန်းအား ပေးလိုက်သည်။

“ကဲ အစ်ကိုကြီး ... အခြေအနေကြည့်ပြီး သွားပေတော့”

ချွန်ချွန်းသည် ကြက်ဥပူတင်းဗန်းကို ယူ၍ စားသောက်ဆိုင်ထဲသို့ ဝင်ရောက်သွားလေသည်။



“ပူတင်းဗျို့ ပူတင်း”

ချွန်ချွန်းက အော်ဟစ်လိုက်သည်။ သူသည် ပူတင်းဗန်းကို မ,ကာ စားသောက်နေကြသော သူများ၏ စားပွဲများကို သွားလာ အော်ဟစ်ရောင်းချနေသည်။

သူသည် ယင်းသို့ အော်ရင်း ကူးလျံထိုင်နေသော စားပွဲသို့ လျှောက်လာ၏။ ထိုစဉ် မင်းသားလေးနှင့်အတူ စားသောက်နေသော အရှေ့ကျွန်းသားတစ်ယောက်က ခေါ်လိုက်သည်။

“ဟေ့ ... လာဦး”

“လာပြီ လာပြီ”

ချွန်ချွန်းက သွားရောက်၍ ပူတင်းတစ်လုံးချ ပေးလိုက်လေသည်။ ချွန်ချွန်းက သူ၏ပူတင်းကို အော်ဟစ်ရောင်းချရင်း ကူးလျံထံသို့ ချဉ်းကပ်သွားပြန်သည်။

သို့ရာတွင် ကူးလျံက သူ့အား လှည့်မကြည့်ပါ။ ချွန်ချွန်းသည် ကူးလျံ၏အပြုအမူကြောင့် ခံပြင်းသွားမိသည်။

ထို့ကြောင့် ...

“ကြက်ဥပူတင်းဗျို့”

ကူးလျံ၏အနီးမှ ကပ်၍ အော်လိုက်သည်။

“ဟေ့ ... ထပ်ပေးဦးကွ”

ပထမမှာစားလိုက်သော အရှေ့ကျွန်းသားက နောက်ထပ်

www.burmeseclassic.com

www.burmeseclassic.com



လှမ်းအော်လိုက်ပြန်၏။

"လာပြီ လာပြီ"

ချွန်ချွန်းက လျှောက်သွားပြီး ပူတင်းတစ်လုံး ထပ်မံချပေးလိုက်သည်။

"ငါ့လည်းပေးကွာ"

အခြားအရှေ့ကျွန်းသား တစ်ယောက်ကလည်း ယူစားလေသည်။

ထိုအခိုက်မှာပင် ကူးလျှံသည် မင်းသားလေးအား လုပ်ကျွေးရန် အကျီ်ထဲမှာ ဝှက်ထားသော ဓားမြှောင်ကို ဆွဲထုတ်လိုက်လေသည်။ သို့သော် ...

"ပူတင်းဗျို့"

ချွန်ချွန်းက သူ့အနီးသို့ရောက်လာပြီး အော်လိုက်သဖြင့် ကူးလျှံက ဓားကို ဝှက်ထားလိုက်ရလေသည်။ သူမ၏ စိတ်ထဲမှလည်း အလွန်ဒေါသဖြစ်သွားမိလေသည်။

ချွန်ချွန်းသည် အဘယ်ကြောင့် ယခုကဲ့သို့ လာရောက်နှောင့်ယှက်နေရပါသနည်း။ ရင်ထဲမှ မကျေမနပ် တွေးလိုက်မိ၏။ ချွန်ချွန်းလုပ်နေပုံကိုလည်း စဉ်းစား၍ မရဘဲ ဖြစ်နေသည်။

ထိုစဉ် ချွန်ချွန်းက သူမအနားသို့ရောက်လာသည်။ ချွန်ချွန်းက ကူးလျှံအား ကြည့်ကာ ...



"ညီမလေး ... ပူတင်းစားကြည့်ပါ၊ အထူးအကျိုးရှိမယ်လို့ ကျုပ်ပြောရဲတယ်"

ဟု အမွှမ်းတင်လိုက်သည်။ ကူးလျှံက သူ့အား မော့ကြည့်လိုက်သည်။ သူမ၏မျက်ဝန်းအစုံကမူ နားမလည်ခြင်းအဓိပ္ပာယ်ကို ဆောင်နေသည်။

ချွန်ချွန်းက စက္ကူခေါက်ထည့်ထားသော ပူတင်းပန်းကန်ကို သူမရှေ့၌ ချပေးလိုက်သည်။ တစ်ဆက်တည်းမှာပင် မသိမသာ မျက်ရိပ်ပြလိုက်လေသည်။

ဤတွင် ကူးလျှံက တစ်စုံတစ်ခုတွေးမိလိုက်သည်။ ချွန်ချွန်း၏လုပ်ရပ်များမှာ အကြောင်းတစ်ခုခု ရှိရမည်ဟု ယုံကြည်လာသည်။

သူမသည် ကြက်ဥပူတင်းကို စားရန်ပြင်လိုက်သည်။ ထိုအခါ ကြက်ဥပူတင်းအောက်၌ စာရွက်ခေါက်လေး ရှိနေသည်ကို တွေ့လိုက်ရသည်။

သူမသည် မင်းသားလေးဘက်မှ မမြင်အောင် ကိုယ်ခန္ဓာဖြင့် ကွယ်ပြီးမှ စာရွက်ခေါက်ကို ဖြန့်ကြည့်လိုက်သည်။ စာရွက်ပေါ်တွင် ကမန်းကတန်းရေးထားသောစာကို တွေ့လိုက်ရ၏။

*ကူးလျှံ ...*

*မင်းသားလေးနဲ့အတူ ထိုင်နေတဲ့ လူနှစ်ယောက်ဟာ အရှေ့ကျွန်းက ထိပ်တန်းသိုင်းသမားတွေ၊ ဒါကြောင့် အမြန်ဆုံး အမြဲ*

www.burmeseclassic.com

www.burmeseclassic.com



*အစည်ကို ရပ်လိုက်ပြီး နောက်ဆုတ်သွားကြပါ။*

*ချွန်ချွန်း*

ကူးလျှံသည် ထိုစာကိုဖတ်လိုက်ရသောအခါ မျက်နှာတစ်ချက် ပျက်သွား၏။ သူမသည် လျှင်မြန်စွာဖြင့် သူတို့အချင်းချင်းသာ နားလည်နိုင်သော လျှို့ဝှက်သင်္ကေတတစ်ခုကို အော်ပြောလိုက်သည်။

"ဆိုင်ထိုင် ... ကျသင့်ငွေတွက်ပါ"

ယင်းလျှို့ဝှက်သင်္ကေတစကားကို ကြားလိုက်သောအခါ သူမ၏အဖွဲ့သားတို့သည် အခြေအနေ တစ်မျိုးတစ်ဖုံ ပြောင်းသွားသည်ဟု သဘောပေါက် နားလည်လိုက်ကြသည်။

မကြာမီ သူတို့သည် အလျှိုလျှို ထ၍ ဆိုင်ထဲမှ ထွက်သွားကြလေတော့၏။ ကူးလျှံသည် သူမ၏အဖွဲ့ဝင်အားလုံး ထွက်ခွာသွားတော့မှ ထိုင်ရာမှ ထလိုက်သည်။

သူမသည် ခြေလှမ်းမှန်မှန်ဖြင့် ဆိုင်တံခါးဝရှိရာသို့ လျှောက်သွားလေသည်။ သို့ရာတွင် တံခါးဝသို့ ရောက်ရှိသောအခါ ဆိုင်တာဝန်ခံက သူမအား ဟန့်တားလိုက်၏။

"ဒီမှာ မိန်းကလေး ... မင်းတို့စားသောက်သွားတဲ့ငွေ ချေဦးပါဦး"



ကူးလျှံက ငွေချေရန် အိတ်ထဲမှ ငွေနှိုက်လိုက်သည်။ သူမ၏စိတ်မှာ အလွန်လှုပ်ရှားနေသဖြင့် ငွေထုတ်ယူသောအခါ၌ အင်္ကျီအိတ်ထဲမှ ဝှက်ထားသောဓားက လွတ်ကျသွားလေသည်။

'ရွှမ်း'

ဓားသည် မြေအောက်သို့ ကျသောအခါ အသံကျယ်လောင်စွာ ထွက်ပေါ်လာသည်။ ယင်းအသံကြောင့် အားလုံးသော လူများသည် သူမဘက်သို့ လှမ်းကြည့်လိုက်ကြသည်။

မင်းသားလေးနှင့် အရှေ့ကျွန်းသားနှစ်ယောက်တို့က ပြိုင်တူ လှည့်ကြည့်ကြသည်။ ထိုအခါ ဓားတစ်လက် မြေပေါ်ကျနေသည်ကို တွေ့ရှိသွားလေသည်။

ဓားကို တွေ့မြင်လိုက်သောအခါ ယင်းသည် နှယ်နှယ်ရရ ပြဿနာတစ်ရပ်မဟုတ်တော့ပါချေ။ ကူးလျှံမှာ ထိတ်လန့်တုန်လှုပ်သွား၏။

ဓားကို မကောက်ပဲတော့ဘဲ တစ်ဟုန်ထိုး ပြေးထွက်သွားလေတော့သည်။

မင်းသားလေးက အရှေ့ကျွန်းသားနှစ်ယောက်အား ပြေးထွက်သွားသော ကူးလျှံကို ညွှန်ပြလိုက်ပြီး ...

"အဲဒီမိန်းကလေးကို ဖမ်းလိုက်စမ်း"

အရှေ့ကျွန်းသားနှစ်ယောက်တို့သည် ထိုင်ရာမှ ထလိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ကူးလျှံနောက်သို့ သဲသဲမဲမဲ လိုက်သွားကြတော့သည်။

❋

ကူးလျှံသည် ခြေဦးတည့်ရာ ပြေးထွက်သွားသည်။ အရှေ့ကျွန်းသားတို့သည် သူမနောက်သို့ ပြေးလိုက်နေကြသည်။ အရှေ့ကျွန်းသား နှစ်ယောက်၏ ကိုယ်ဖော့ပညာမှာ အလွန်တော်သဖြင့် ရှေ့မှပြေးနေသော ကူးလျှံအား တဖြည်းဖြည်း မီလုမီခင်ဖြစ်လာလေသည်။

ကူးလျှံသည် အခြေအနေ မဟန်မှန်းသိလိုက်သဖြင့် လမ်းကြားတစ်ခုထဲသို့ ပြေးဝင်သွားသည်။ သူမသည် လမ်းတစ်ဖက်သို့ ရောက်ရှိလာသည်။

ထိုအချိန်မှာပင် အရှေ့ကျွန်းသားတစ်ယောက်က လမ်းကြားလေး၏တစ်ဖက်မှ ရောက်လာပြီး သူမသွားလမ်းကို ပိတ်ဆို့လာသည်။

ကူးလျှံက ထိတ်လန့်တုန်လှုပ်သွားသည်။ သူမ ခြေလှမ်းရပ်တန့်လိုက်၏။ နောက်တစ်ယောက်က လမ်း၏အခြားတစ်ဖက်မှ ပိတ်ဆို့ထားပြန်သည်။



အရှေ့ကျွန်းသားနှစ်ယောက်သည် မိန်းကလေးအား ပိတ်ဖိထားသဖြင့် အေးဆေးစွာဖြင့် ကူးလျှံအနီးသို့ ချဉ်းကပ်လာကြသည်။ ကူးလျှံသည် ပြေးပေါက်မရှိတော့ဘဲ ပိတ်မိခြင်းခံလိုက်ရသဖြင့် သူမသည် မည်သို့လုပ်ရမည်မှန်း မသိဘဲ တုန်လှုပ်ချောက်ချားနေလေသည်။

ကြံရာမရသည့်အဆုံးတွင် သူမသည် အိမ်တစ်အိမ်၏ တံခါးဝကို မှီကပ်လိုက်၏။ အရှေ့ကျွန်းသားနှစ်ယောက်တို့ လက်ပိုက်ကာ ပြုံးစိစိ မျက်နှာထားများဖြင့် သူမထံသို့ တစ်လှမ်းချင်း လှမ်းလာသည်။

ထိုတဒင်္ဂအချိန်တွင် ကူးလျှံ မှီကပ်ထားသော တံခါးက ရုတ်တရက် ပွင့်သွားသည်။ တစ်စုံတစ်ယောက်က ကူးလျှံအား အိမ်ထဲသို့ ဆွဲသွင်းလိုက်ပြီး တံခါးကို ပြန်လည်ပိတ်ထားလိုက်သည်။

အရှေ့ကျွန်းသား နှစ်ယောက်တို့သည် မီလုမီဆဲ သားကောင်တစ်ကောင် မမျှော်လင့်ဘဲ လွတ်ထွက်သွားသဖြင့် ဒေါပွသွားကြသည်။

သူတို့သည် တံခါးကို တရကြမ်း ဆောင့်ကန်နေကြသည်။ ထိုစဉ် လမ်းကြားထိပ်မှ ထင်းနှင့်ကောက်ရိုးစည်းများ တင်ဆောင်ထားသော လှည်းတစ်စီးသည် လူမပါဘဲ အလိုအလျောက် လျှောဆင်းကျလာသည်ကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အရှေ့ကျွန်းသားနှစ်ယောက်သည် ကမန်းကတန်း တိမ်း ရှောင်ထွက်ပြေးသွားကြလေတော့သည်။

✹

ချွန်ချွန်းသည် ကူးလျှံလက်ကို ဆွဲကာ ရှေ့သို့ပြေးသွားနေ၏။ အရှေ့ကျွန်းသားနှစ်ယောက်တို့က ခြေရာကောက်မိသွားသဖြင့် နောက်မှ ထက်ကြပ်မကွာ လိုက်နေကြသည်။

ဝါးရုံပင်များရှိသောနေရာသို့ သူတို့ရောက်ရှိလာသည်။ ဤတွင် ချွန်ချွန်းက ကူးလျှံလက်ကို ဆွဲကာ ဝါးရုံပင်များကြားထဲသို့ ပြေးဝင်သွားပြီး ချုံနွယ်များ ထူထပ်သော နေရာသို့ ပြေးသွားလေသည်။

အရှေ့ကျွန်းသားနှစ်ယောက်တို့သည် ဝါပင်များကို ခုတ်လှဲကာ ချုံနွယ်ပင်တို့ ပိတ်ဆို့နေသောနေရာကို ရိုက်ချပစ်လိုက်ကြသည်။ စင်စစ် ဝါးရုံထဲသို့ တိုးဝင်သွားကြသော ချွန်ချွန်းနှင့်ကူးလျှံတို့ကို ရှာနေကြခြင်းဖြစ်၏။

သူတို့သည် ယင်းသို့ ရှာဖွေနေစဉ် လူရိပ်တစ်ခုက လက်ခဲ ပေါ်ထွက်လာသည်။ ထိုလူရိပ်သည် ရှေ့သို့ ပြေးလွှားသွားလေ သည်။



အရှေ့ကျွန်းသားနှစ်ယောက်တို့သည် ယင်းလူရိပ်ကိုတွေ့ရသောအခါ ထက်ကြပ်မကွာ လိုက်သွားကြလေတော့သည်။

✹

ဝန်းကျင်တစ်ခုလုံး မည်းမှောင်နေသည်။ ကောင်းကင်ပေါ်၌ လရောင်မတွေ့ရပါ။

ကြယ်ကလေးများ၏အလင်းရောင်ကြောင့်သာ ပတ်ဝန်းကျင်ကို ဝိုးတိုးဝါးတား တွေ့မြင်နိုင်သည်။

အရှေ့ကျွန်းသားနှစ်ယောက်သည် ကြယ်ကလေးများ၏ အလင်းရောင်ကို အားပြုကာ ရှေ့မှ ပြေးနေသော လူရိပ်နောက်သို့ မျက်ခြည်မပြတ် လိုက်လာနိုင်ကြခြင်းဖြစ်၏။

သူတို့သည် လူရိပ်ကို မီလုမီခင်ဖြစ်လာကြသည်။ ထိုအခိုက် မှာပင် လူရိပ်က ဆက်၍ မပြေးတော့ဘဲ သူတို့အား ဝင်ရောက်တိုက်ခိုက်လေသည်။

ထိုလူရိပ်မှာ ကျင်းပေါင်ပင် ဖြစ်သည်။ သူသည် ချွန်ချွန်းနှင့် ကူးလျှံတို့ လွတ်မြောက်စေရန်အတွက် ကိုယ်ယောင်ပြ၍ ဤနေရာသို့ မြှားခေါ်လာခြင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ချွန်ချွန်းနှင့် ကူးလျံတို့ လွတ်တန်ကောင်းမည်ဟု သော ယူဆချက်ဖြင့် ယင်းသို့ အရှေ့ကျွန်းသားနှစ်ယောက်အား တိုက်ခိုက်လိုက်ခြင်းဖြစ်လေသည်။

သူသည် ယင်းသို့ တိုက်ခိုက်လိုက်သောအခါ သူမျှော်လင့်ထားသည့်အတိုင်းပင် အရှေ့ကျွန်းသားနှစ်ယောက်၏ သိုင်းပညာမှာ အလွန်အဆင့်မြင့်သည်ကို တွေ့ရှိရလေသည်။

အခြေအနေမဟန်မှန်းသိ၍ သူသည် ထွက်ပြေးရန် ဟန်ပြင်လိုက်သည်။ သို့ရာတွင် ...

'ဝုန်း'

ဟူသော မြည်သံနှင့်အတူ အရှေ့ကျွန်းသား တစ်ယောက်၏ လက်ဝါးသည် သူ့ယာဘက်ရင်ဝသို့ အရှိန်ပြင်းစွာ ထိမှန်သွားတော့၏။

"အင့်"

ကျင်းပေါင်၏ခန္ဓာကိုယ်မှာ အဝေးသို့ လွင့်စဉ်သွားသည်။ ကျင်းပေါင်သည် ဒဏ်ရာပြင်းထန်စွာ ရရှိထားသဖြင့် သူသည် မြေပေါ်၌ လဲကာ ချုံပုတ်ထဲသို့ လှမ်းဝင်ပုန်းကွယ်လိုက်ရလေသည်။

✵



ချွန်ချွန်းနှင့်ကူးလျံတို့သည် အရှေ့ကျွန်းသားနှစ်ယောက်၏ လက်မှ လွတ်မြောက်လာခဲ့ကြသည်။ သူတို့သည် တောအုပ်တစ်ခုထဲသို့ ခေတ္တဝင်ရောက် အနားယူနေကြ၏။

ညလေသည် တသွေးသွေးတိုက်ခတ်နေသဖြင့် ကူးလျံမှာ ချမ်းနေ၏။

ချွန်ချွန်းက သစ်ကိုင်းခြောက်များကို ကောက်ယူ၍ မီးပုံတစ်ခု မွှေးပေးလိုက်သည်။

သူတို့သည် မီးပုံအနား၌ ထိုင်၍မီးလှုံရင်း ငြိမ်သက်စွာ တွေးနေကြသည်။ အတန်ကြာမှ ကူးလျံက သူ့အား မော့ကြည့်လိုက်သည်။

"အစ်ကိုကြီး အစ်ကို ခုတစ်ကြိမ်ပါနဲ့ဆိုရင် ကျွန်မကို ကယ်ခဲ့တာ နှစ်ကြိမ်တောင် ရှိပြီနော်"

ကူးလျံက ကျေးဇူးတင်စွာ ပြောဆို၏။ ချွန်ချွန်းက ခေါင်းခါယမ်းပြလိုက်သည်။

"ဒါတွေ ပြောမနေပါနဲ့ ညီမရယ် ... ညီမအတွက်ဆို အစ်ကို အသက်သေသွားပါစေ၊ အများကြီးကူညီမှာပါ"

ချွန်ချွန်းက အရိုးခံအတိုင်းပင် ပြောဆို၏။ ကူးလျံက သူ့အား ကရုဏာသက်စွာ ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို ဘာဖြစ်လို့ ကျွန်မအပေါ် ဒီလောက်တောင် သံယောဇဉ်ကြီးနေရတာလဲ"

ချွန်ချွန်း ခေါင်းငုံ့သွားသည်။ အတန်ကြာမှ သူက ခေါင်းမော့လိုက်သည်။

"အမှန်ပြောရရင် ညီမတို့ စားသောက်ဆိုင်လာတုန်းက အစ်ကို့ကို တွေ့လျက်နဲ့ နှုတ်မဆက်တာ စိတ်ထဲမှာ ဘယ်လိုဖြစ်သွားမှန်း မသိဘူး"

ကူးလျံက ပြုံးလိုက်၏။

"ကျွန်မ နှုတ်မဆက်တာ ပေါ့ဆတော်ကြာ တစ်ခုခုဖြစ်ရင် အစ်ကိုပါ ရောပြီးဒုက္ခတွေ့မှာစိုးလို့ပါ"

သူမသည် သက်ပြင်းချလိုက်ပြီး စကားဆက်လိုက်ပြန်သည်။

"အခုတော့ အစ်ကို့ရဲ့ကယ်တင်မှုကြောင့် ကျွန်မတို့အဖွဲ့ဝင်အားလုံးနဲ့ မသေမပျောက် ချောချောမောမော ပြန်ပြီး ဆက်သွယ်နိုင်ပါပြီ"

ချွန်ချွန်းက ...

"အင်း ... ဒါဟာ အစ်ကို့အကြံကောင်းလို့ မဟုတ်ပါဘူး၊ ကျင်းပေါင်ရဲ့ အကြံတွေပါ"

ကူးလျံက သက်ပြင်းတစ်ချက် ချလိုက်၏။



ကျင်းပေါင်အကြောင်းတွေးကာ စိုးရိမ်မကင်းစွာဖြင့် ...

"သူက အရှေ့ကျွန်းသားတွေကိုမှားခေါ်သွားတာ ဘယ်လိုအခြေအနေရှိနေလဲ မသိဘူးနော်"

ချွန်ချွန်းက ပြုံးလိုက်သည်။

"သူက သိုင်းပညာလည်းတော်တယ်၊ ဉာဏ်လည်းကောင်းတယ်"

ကူးလျံသည် ကောင်းကင်ပေါ်သို့ မော့ကြည့်လိုက်လေ၏။ ကြယ်ကလေးများသည် မှိတ်တုတ် မှိတ်တုတ် အလင်းရောင်ပေးကာ အမှောင်ထုကို အံတုနေကြလေသည်။ သူမသည် အတန်ကြာမှ ချွန်ချွန်း၏မျက်နှာကို စိုက်ကြည့်လိုက်သည်။

"အခုကိစ္စဟာ ပြီးဆုံးဦးမှာတော့ မဟုတ်ဘူး၊ မီးခိုးကြွက်လျှောက် လိုက်နေမှာပဲ၊ ဒါကြောင့် ကျွန်မ ရှောင်တိမ်းရင် ကောင်းမယ် ထင်တယ်"

ချွန်ချွန်း၏မျက်နှာ ညှိုးငယ်သွားသည်။

"မင်းက ဘယ်ကိုသွားဖို့ စိတ်ကူးထားသလဲ"

"လုံခြုံတဲ့နေရာပေါ့"

"ဘယ်တော့ ပြန်လာမလဲ"

"ပြန်လာမှာပေါ့"

"ပြန်လာရင် အစ်ကို့ဆီကို လာဦးမှာလား"

www.burmeseclassic.com

www.burmeseclassic.com



"လာမှာပေါ့"

"ဒါဖြင့် အစ်ကိုစောင့်နေမယ်နော်"

ကူးလျှံ ခေါင်းညိတ်ပြလိုက်လေသည်။

✺

'တောက်'

တက်ခေါက်သံ ပြင်းထန်စွာ ထွက်ပေါ်လာ၏။ မင်းသားလေးသည် လုံးဝမကျေနပ်နိုင်အောင် ဖြစ်နေသည်။

"မင်းတို့ကွာ ... မိအောင်မဖမ်းနိုင်တာ အံ့ပါရဲ့"

မင်းသားလေးက သူ့ရှေ့မှာရှိနေသော အရှေ့ကျွန်းသားနှစ်ယောက်အား အပြစ်တင်လိုက်၏။ ဤတွင် လွှမင်းက ...

"ကျုပ်တို့ သူ့ကိုမိလုဆဲဆဲမှာပဲ လူတစ်ယောက်က ကယ်သွားခဲ့တယ်"

ဟု ပြောလိုက်သည်။ လွှမင်း၏စကားကြောင့် မင်းသားလေး မျက်မှောင်ကြုတ်သွားသည်။

"သူက ဘယ်သူလဲ"

"ကျုပ်တို့ တစ်ခါမှ မမြင်ဖူးဘူး"



လွှကျင်းက ဝင်ပြောလိုက်၏။

"ညကလည်း မှောင်မည်းနေတော့ သူ့မျက်နှာကို သေသေချာချာ မကြည့်မိဘူး၊ ဒီလူဟာ ကျုပ်တို့ထင်ထားတာထက် သိုင်းပညာတော်သေးတယ်"

လွှမင်းက ပြုံးလိုက်သည်။

"ဒါပေမဲ့ ကျုပ်ရဲ့ လက်ဝါးတစ်ချက် မိသွားတဲ့အတွက် သူ့မှာ ဒဏ်ရာတော်တော် ပြင်းပြင်းထန်ထန် ရသွားတယ်"

မင်းသားလေး ဘာမှမပြောတော့ပါ။ မျက်မှောင်ကြုတ်၍ အတန်ကြာသည်အထိ စဉ်းစားနေမိလေတော့သည်။

✺

ကျင်းပေါင်သည် ဒဏ်ရာပြင်းထန်စွာရရှိထားသဖြင့် သူသည် ခြေလှမ်းယိမ်းယိုင်စွာဖြင့် သူ့ဆရာ စုမာကျင်းအိမ်သို့ ရောက်ရှိလာသည်။

ရွှေ့ချင်းနှင့်စုမာကျင်းတို့သည် မအိပ်ကြသေးပါ။ သားအဖနှစ်ယောက် ထိုင်၍ စကားစမြည် ပြောဆိုနေကြသည်။

ထိုစဉ် ...

www.burmeseclassic.com

www.burmeseclassic.com



'ဒေါက် ဒေါက်'

တံခါးခေါက်သံ ထွက်ပေါ်လာ၏။ ရွှေချင်း မျက်ခုံးတွန့်သွားသည်။

"အချိန်မတော် ဘယ်သူများပါလိမ့်"

ဟု တီးတိုးရေရွတ်လိုက်သည်။ ထို့နောက် သူမသည် ပန်းထိုးလက်စ အဝတ်ကို ချထားပြီး တံခါးရှိရာသို့ လျှောက်သွားသည်။ စုမာကျင်းက ဟန့်တားလိုက်၏။

"သမီး တံခါးဖွင့်မပေးနဲ့"

သို့သော် ရွှေချင်းမှာ တံခါးအနီးသို့ ရောက်နေလေပြီ။ သူမက လှမ်းမေးလိုက်၏။

"ဘယ်သူလဲ"

"အစ်ကိုပါ"

ရွှေချင်းသည် ကျင်းပေါင်၏အသံ ဖြစ်သည်ကို သိလိုက်ရသည်။ သူမက တံခါးဖွင့်လိုက်ရာ ကျင်းပေါင်မှာ မဟန်နိုင်တော့ဘဲ ထိုးလဲကျလာလေသည်။

ရွှေချင်း အထိတ်တလန့် ဖြစ်သွားရသည်။ သူမ၏ဖခင်ဖြစ်သူအား ကမန်းကတန်း လှမ်းခေါ်မိ၏။

"ဖေဖေ လာပါဦး ... ကျင်းပေါင်တစ်ယောက် ဘာဖြစ်သွားမှန်း မသိဘူး"



စုမာကျင်းက ခြေလှမ်းသုတ်သုတ်ဖြင့် လျှောက်လှမ်းလာပြီး ကျင်းပေါင်အား ရွှေချင်းနှင့်အတူမကာ အခန်းထဲသို့ ခေါ်ဆောင်သွားလေသည်။

အခန်းထဲရောက်လျှင် ကျင်းပေါင်၏ဒဏ်ရာကို သေသေချာချာပင် စစ်ဆေးကြည့်ရှုလိုက်သည်။ သူသည် သက်ပြင်းရှည်တစ်ချက် ချလိုက်မိသည်။

"အင်း ... ဒဏ်ရာတော့ အကော်ပြင်းတယ်၊ ငါနဲ့တွေ့လို့သာပေါ့၊ နို့မဟုတ်ရင် အသက်တိုသွားမှာပဲ"

သူသည် ပြောရင်း ကျင်းပေါင်၏ သွေးကြောများကို ဖွင့်ပေးလိုက်လေသည်။

✺

မင်းသားလေးသည် ကူးလျှံအား မည်သူကယ်တင်သွားခဲ့သည်ကို ကောင်းစွာရိပ်မိလိုက်လေသည်။ အရှေ့ကျွန်းသိုင်းသမားလွှမင်းနှင့်လွှကျင်းအား လက်ရည်တူ ယှဉ်ပြိုင်နိုင်သူမှာလည်း ဤမြို့နယ်တစ်ပိုက်၌ ကျင်းပေါင်တစ်ယောက်တည်းသာ ရှိသည်မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကယ်တင်သူမှာ ကျင်းပေါင်သာဖြစ်မည်ဟု ယုံကြည်လေသည်။ သူက မဲ့ပြုံးပြုံးလိုက်သည်။

"အင်း ... ဒီတစ်ခါ ငါ့လက်ထဲက သင်းတို့ လွတ်နိုင်ပါဦးမလား"

ဟု ကြုံးဝါးလိုက်လေသည်။ သူသည် ကိုယ်ရံတော်ရှန်းလင်းဘက်သို့ လှည့်လိုက်လေသည်။

"ရှန်းလင်း ... အမိန့်ကြေညာချက်တစ်ခု ထုတ်စမ်းကွာ"

ရှန်းလင်းက ဦးညွှတ်လိုက်၏။

"အမိန့်ရှိပါ"

"ဘယ်သူမဆို ဒဏ်ရာရရှိတဲ့လူကို လက်ခံမထားရဘူး။ လက်ခံထားကြောင်း တွေ့ရှိခဲ့လျှင် သေဒဏ်ပေးခြင်းခံရမယ်၊ ဒီအမိန့်အတိုင်း ထုတ်ပြန်လိုက်ပါ"

ရှန်းလင်းက ဦးညွှတ်လိုက်ပြီး အမိန့်ထုတ်ပြန်ရန် ထွက်ခွာသွားလေသည်။ မင်းသားလေးက လွှေမင်းဘက်သို့ လှည့်လိုက်၏။

"ကနေ့ည ခင်ဗျားတို့တွေ့ချင်တဲ့ လူတစ်ယောက်နဲ့ တွေ့ပေးပါ့မယ်"

လွှေမင်း မျက်မှောင်ကြုတ်သွားသည်။

"ဘယ်သူနဲ့ တွေ့ရမှာလဲ"

မင်းသားလေး ပြုံးလိုက်သည်။



"ကျုပ်နောက်ကိုသာ လိုက်ခဲ့ပါ၊ ဟိုရောက်မှပဲ ခင်ဗျားတို့ သိမှာပေါ့"

ဟုပြောကာ အခန်းထဲမှ ထွက်ခွာသွားလေသည်။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

## သံသယ

ည ...။

ညမိုးချုပ်ပြီ ဖြစ်ပါသည်။ ချွန်ချန်းသည် ကြက်ဥပူတင်း ရောင်းပြီး အိမ်သို့ ပြန်လာခဲ့၏။ သူသည် အိမ်ထဲသို့ လှမ်းဝင်လိုက်လေသည်။

ထိုအခါ မမျှော်လင့်ဘဲ မင်းသားလေးတို့လူစု အခန်းထဲ၌ ထိုင်နေသည်ကို တွေ့မြင်လိုက်ရသည်။ ချွန်ချန်း ရင်ထိတ်သွားသည်။ စိတ်ထဲ၌လည်း မလုံမလဲ ဖြစ်သွားမိသည်။

သို့သော် သူသည် ဟန်လုပ်ကာ မျက်နှာထားကို ချက်ချင်း ပြင်လိုက်သည်။ သူက တင်းမာသော လေသံဖြင့် မေးလိုက်၏။

“ဘယ်လိုလဲဗျ ... ခွင့်မတောင်းဘဲ ကျုပ်အိမ်ထဲဝင်နေကြတာ ဘာသဘောလဲ”

မင်းသားလေးက ပြုံးလိုက်သည်။

“ကိစ္စရှိလို့ပေါ့ဗျာ”

“ဘာကိစ္စလဲ”



မင်းသားလေးက သူ့အား တစ်ချက်ကြည့်လိုက်၏။

“ဒါနဲ့ ကျင်းပေါင်တစ်ယောက် မတွေ့ပါလား”

ချွန်ချန်းသည် လွှေမင်းနှင့်လွှေကျင်းတို့နှစ်ယောက်အား အမှတ်မထင် ကြည့်ပြီး ...

“သူပြန်မလာသေးပါဘူး”

“ဘယ်သွားသလဲ”

“သူ အကြွေးသွားတောင်းတယ်လေ”

“ဘယ်တော့ ပြန်လာမှာလဲ”

“တော်တော်ကြာ ပြန်လာလိမ့်မယ် ... ကိစ္စရှိလို့လား”

“ရှိလို့ပေါ့”

“ဒါဖြင့် ကျုပ် သွားခေါ်ပေးပါ့မယ်”

ချွန်ချန်းသည် မင်းသားလေးတို့ လာရောက်စောင့်နေသည့် အကြောင်းကို ကျင်းပေါင်ထံ အကြောင်းကြားရန်အတွက် ယင်းကဲ့သို့ ပြောလိုက်၏။

သူသည် အပြင်ထွက်ရန် ခြေလှမ်းဟန်ပြင်လိုက်သည်။ ဤတွင် ...

“မင်း မသွားနဲ့”

“ဘာဖြစ်လို့လဲ”

“သူပြန်လာတဲ့အထိ ကျုပ်တို့နဲ့အတူ ဒီမှာစောင့်နေရမယ်”

www.burmeseclassic.com

www.burmeseclassic.com



ချွန်ချွန်းမှာ မည်သို့ လုပ်ရမှန်းမသိ ဖြစ်သွားရလေသည်။

✹

အချိန်အတော်ကြာပြီဖြစ်သည်။ ကျောင်းပေါင်မှာ ပြန်လည် ရောက်ရှိမလာသေးပါချေ။ ချွန်ချွန်းသည် စိုးရိမ်သောစိတ်များ ဝင်နေသောကြောင့် နေမထိထိုင်မသာ ဖြစ်နေမိသည်။

မင်းသားလေးက သူ့အား အကဲခတ်ကြည့်ရင်း ကျိတ်၍ပြုံးမိလေသည်။ ချွန်ချွန်းမှာ တစ်စုံတစ်ခု အကြံရလိုက်သည်။ ထို့ကြောင့် သူသည် ထိုင်ရာမှ ဖျတ်ခနဲ ထရပ်လိုက်၏။

"ကျုပ် ကြက်ဥပူတင်းတွေ သွားပို့ရဦးမယ်ဗျ"

သူသည် ပြောရင်း ကြက်ဥပူတင်းထည့်ထားသော ဗန်းကို မ,ယူလိုက်သည်။ မင်းသားလေးက ဟန့်တားလိုက်၏။

"မသွားနဲ့"

ချွန်ချွန်းက ဒေါသထွက်သွားပြီး မင်းသားလေးအား စိုက်ကြည့်လိုက်၏။

"ကျုပ် ပူတင်းတွေ မရောင်းရရင် ထမင်းငတ်သွားမှာပေါ့"

မင်းသားလေးက ပြုံးပြလိုက်သည်။



"ထမင်းမငတ်စေရပါဘူး၊ ဒီပူတင်းတွေအားလုံးကို ကျုပ်ဝယ်လိုက်ပါမယ်"

ထို့နောက် သူသည် ချွန်ချွန်းအား ကောက်ကျစ်စဉ်းလဲစွာ ပြုံးပြပြီး ...

"မင်း ငြိမ်ငြိမ်ထိုင်နေရင်ကောင်းမယ်"

ဟု ပြောလိုက်သည်။ ချွန်ချွန်း မတတ်နိုင်တော့ဘဲ ထိုင်ချလိုက်လေသည်။

✹

စုမာကျောင်းသည် ကျောင်းပေါင်၏ဒဏ်ရာကို ချွေးတစ်လုံးလုံးဖြင့် ကုသပေးသည်။

အတန်ကြာအောင် ကုသပေးပြီးနောက် သူသည် လေပူတစ်ချက် မှုတ်ထုတ်လိုက်၏။

ချွေ့ချင်းက စိုးရိမ်စွာဖြင့် သူ့အဖေအား လှမ်းမေးလိုက်သည်။

"ဖေဖေ ... ဘယ့်နှယ်နေသေးလဲ"

"အို ... ဘာမှ ပူစရာမရှိတော့ဘူး သမီး"

www.burmeseclassic.com

www.burmeseclassic.com



သူသည် ကျင်းပေါင်အဝတ်ထဲသို့ နှိုက်၍ ရှာဖွေလိုက်ရာ ငွေတုံးကလေး ငါးတုံးကို တွေ့ရှိလိုက်လေသည်။

"ဟောဗျာ၊ သူ့မှာ ငွေတော့ရှိသားပဲ"

သူသည် ငွေတုံးလေးများကို ရွှေ့ချင်းလက်ထဲ ပေးလိုက်လေသည်။

"ရွှေ့ချင်း ... အဖေဆေးစာရေးပေးလိုက်မယ်၊ အမြန်ဆုံးသွားဝယ်ပါ၊ ငါနိုင်းတာဆိုရင် သူတို့ အချိန်မတော်လည်း ရောင်းမှာပါ"

သူသည် ပြောပြီး အလိုရှိသော ဆေးဝါးကို စာရွက်တစ်ရွက်ပေါ် ရေးပြီး စာရွက်ကို ခေါက်လိုက်သည်။ ထို့နောက် ရွှေ့ချင်းအား လှမ်းပေးလိုက်ရင်း ...

"သူ့ဒဏ်ရာအားလုံး ကောင်းသွားပြီ၊ ဒီဆေးကိုသာ သောက်လိုက်ရင် မူလပကတိအတိုင်း ကောင်းမွန်သွားမှာပါ"

ဟု ပြောလိုက်သည်။ ရွှေ့ချင်းက ငွေတုံးကလေးများကို ကြည့်လိုက်၏။

"ဖေဖေ ငွေတော်တော်များနေတယ်"

စုမာကျင်း မျက်မှောင်ကြုတ်သွားသည်။

"မင်း တော်တော်အတဲ့ သမီးပဲ၊ ပိုတဲ့ငွေတွေ သူ့ကိုကျွေးဖို့ အစားအစာ ဝယ်ရမယ်မဟုတ်လား"



စုမာကျင်းက ရွှေ့ချင်းအား ပြစ်တင်ပြောဆိုလိုက်၏။ ရွှေ့ချင်းက ကျိတ်၍ ပြုံးလိုက်ပြီး ဆေးဝယ်ရန် ထွက်ခွာသွားလေတော့သည်။

✿

BURMESE CLASSIC .com

ချွန်ချန်းသည် ငြိမ်သက်စွာ ထိုင်နေ၏။

သို့သော် သူ၏စိတ်သည် အလွန်လှုပ်ရှားနေလေသည်။ အကယ်၍သာ ကျင်းပေါင် ပြန်မရောက်လာလျှင် အဖမ်းခံရမည်မှာ သေချာသည်။

ထို့ကြောင့် သူသည် ရတက်မအေးဖြစ်နေရသည်။ ထိုစဉ် ရှန်းလင်းက အိမ်ထဲသို့ ဝင်လာပြီး မင်းသားလေးနားသို့ကပ်ကာ တီးတိုးပြောဆိုလိုက်၏။

မင်းသားလေးက ခေါင်းတညိတ်ညိတ်ဖြင့် သဘောကျသွားလေသည်။ သူသည် လွှမင်းဘက်သို့ လှည့်လိုက်သည်။

"ကဲ ... တို့သွားကြမယ်"

သူသည် ယင်းသို့ပြောပြီး ဦးဆောင်ကာ ထွက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လွှမင်းနှင့်လွှကျင်းတို့နှစ်ယောက်မှ မင်းသားလေး နောက်သို့ ထက်ကြပ်မကွာ လိုက်သွားကြလေသည်။

✺

BURMESE CLASSIC .com

မင်းသားလေးတို့လူစုသည် စုမာကျင်းတို့အိမ်သို့ ခြေလှမ်းသုတ်သုတ်ဖြင့် ရောက်ရှိလာသည်။ စုမာကျင်း၊

ရွှေ့ချင်းနှင့်ကျင်းပေါင်တို့က ထွက်၍ ခရီးဦးကြိုဆိုလိုက်ကြသည်။

စုမာကျင်းက မင်းသားလေးနှင့် သူ့လူစုအား တစ်ချက်လှမ်းကြည့်လိုက်သည်။

ထို့နောက် ...

မင်းသားလေးအား ကြည့်ကာ မေးလိုက်၏။

"ငါ့တပည့်က အချိန်မတော် လူတွေ အုပ်လိုက်စုပြီး ရောက်လာတာပါလား ... ဘာကိစ္စလာကြတာလဲ"

မင်းသားလေးက ပြုံးလိုက်သည်။

"အရေးကြီးတဲ့ကိစ္စ ရှိလို့ပေါ့"

ထို့နောက် သူသည် ကျင်းပေါင်အား အကဲခတ်ကြည့်ရင်း



"မျိုးချစ်သိုင်းသမားတစ်ယောက်ကို လူတစ်ယောက်က ကယ်သွားလို့ သူ့နောက်လိုက်နေတာပါ"

မင်းသားလေးက ကျင်းပေါင်အား ကြည့်နေရင်းမှ ပြောဆိုလိုက်သည်။

စုမာကျင်းက မျက်မှောင်ကြုတ်သွား၏။

"အဲဒီလူက ဘယ်သူလဲ"

"မသိဘူး"

"မသိရင် မင်းတို့ ဘယ်လိုလုပ်ရှာမလဲ"

မင်းသားလေးက ပြုံးလိုက်သည်။

"အဲဒီလူဟာ လွှမင်းရဲ့လက်ချက်ကြောင့် ဒဏ်ရာ ပြင်းပြင်းထန်ထန် ရထားတယ်၊ ဒါကြောင့် ဒီလူကို ဖော်ထုတ်ဖို့ မခဲယဉ်းပါဘူး"

သူသည် ပြောရင်း ကျင်းပေါင်၏ရင်ဝကို လက်ဝါးဖြင့် တွန်းထုတ်လိုက်သည်။

ကျင်းပေါင်က လက်ဝါးဖြင့် ခံပေးလိုက်၏။ သူတို့နှစ်ယောက် အတွင်းအားဖြင့် ယှဉ်ပြိုင်လိုက်သည်။

စုမာကျင်းက ကျင်းပေါင်မှာ ဒဏ်ရာရရှိထားသဖြင့် ယှဉ်ပြိုင်လျှင် ရှုံးနိမ့်သွားမည်ဟု ယူဆသည်။ စုမာကျင်း မနေသာတော့ပါချေ။ သူသည် ကြားဝင်လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မင်းတို့ကလည်းကွာ ကျင်းပေါင်ကို အထင်လွဲနေပြန်ပြီ၊ သူ့မှာ ဘာဒဏ်ရာမှ မရှိပါဘူး"

ချွေ့ချင်းက ကြားဖြတ်ပြောလိုက်ပြန်သည်။

"ဟုတ်ပါတယ်ရှင်၊ သူက တစ်ချိန်လုံး ဖေဖေခိုင်းတဲ့ အလုပ်လုပ်နေတာ ... ဘယ်မှမသွားဘူး"

"ဟုတ်လား"

မင်းသားလေးက ချွေ့ချင်းအား စိုက်ကြည့်လိုက်၏။

"ဒါဖြင့် မင်းက အချိန်မတော် ပရဆေးဆိုင်မှာ ဆေးသွားဝယ်လို့ လူတစ်ယောက်က ငါ့ကိုသတင်းလာပေးတာက ဘာသဘောလဲ"

မင်းသားလေး၏အမေးကြောင့် ချွေ့ချင်းမျက်နှာ ကွက်ခနဲပျက်သွားသည်။ စုမာကျင်းက ကမန်းကတန်း ကြားဖြတ်ဖြေလိုက်၏။

"အဲဒါ ငါ့အတွက် ဝယ်ခိုင်းလိုက်တာ"

မင်းသားလေးက ...

"ဆရာ့မှာ ဘာရောဂါရှိလို့လဲ"

"ရှိတာပေါ့"

သူသည် အင်္ကျီလက်ကို ပင့်ပြလိုက်ပြီး ...

"ငါ့ရဲ့လက်တစ်ဖက်ဟာ သိုင်းပညာ ပြင်းပြင်းထန်ထန်လေ့ကျင့်လို့ လေဖြတ်ခဲ့ဖူးတယ်၊ ကုလို့ပျောက်ပေမယ့် တစ်ခါတစ်ခါ ရောဂါပြန်ထတတ်လို့ အခုလို ညကြီးသန်းခေါင်မှာ သမီးကို သွားခိုင်းတာပါ"



မင်းသားလေးက ခေါင်းညိတ်လိုက်သည်။

"ဆရာဆိုတာ လိမ်ပြောရမှာမဟုတ်ဘူးလေ၊ ကျွန်တော်ယုံပါတယ် ... ဒါပေမဲ့"

စုမာကျင်းက မျက်မှောင်ကြုတ်သွားသည်။

"ဒါပေမဲ့ ဘာဖြစ်သလဲ"

မင်းသားလေးက ကျင်းပေါင်အား ကြည့်လိုက်သည်။

"ကျုပ်စိတ်ထဲမှာ သံသယကင်းအောင် သူ့ကို အရှေ့ကျွန်းသိုင်းသမားနဲ့ ယှဉ်ပြိုင်ခိုင်းရပါလိမ့်မယ်"

သူသည် ကျင်းပေါင်အား အထင်သေးသောလေသံဖြင့် မေးလိုက်၏။

"ဘယ့်နှယ်လဲ ... မင်း သူနဲ့ယှဉ်ပွဲဝံ့ပါ့မလား၊ ယှဉ်ဝံ့တယ်ဆိုရင် မနက်ဖြန်မနက် ငါ့ဂေဟာကို လာခဲ့ပါ"

ကျင်းပေါင်က စိတ်ထဲ၌ ခံပြင်းလာသည်။

သူသည် မခံချင်စိတ်ဖြင့် ခေါင်းကို ဆတ်ခနဲညိတ်ကာ စိန်ခေါ်မှုကို လက်ခံလိုက်၏။

"စိတ်ချပါ ... ကျုပ် အချိန်မီလာခဲ့ပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ"

မင်းသားလေးက စုမာကျင်းအား နှုတ်ဆက်ပြီး ထွက်ခွာသွားလေတော့သည်။

✹

မင်းသားလေးတို့လူစု ထွက်ခွာသွားပြီဖြစ်သည်။ ချွေ့ချင်း၏မျက်နှာတစ်ခုလုံး စိုးရိမ်သောအရိပ်အရောင်များ လွှမ်းမိုးထားသည်။

ကျင်းပေါင်သည် အရှေ့ကျွန်းသိုင်းသမားနှင့် ယှဉ်ပြိုင်ခြင်းကို လက်ခံလိုက်ရသော်လည်း မခံချင်စိတ်ကြောင့်သာ ဖြစ်သည်။ ရှုံးမှာ ကျိန်းသေနေသည်။

ချွေ့ချင်းမှာ စိတ်ပူနေမိ၏။ ကျင်းပေါင်ကိုယ်တိုင်မှာလည်း သူသည် ဒဏ်ရာ လုံးဝမပျောက်သေးသဖြင့် ကိုယ့်ကိုယ်ကိုယ် စိတ်မချနိုင်ဘဲ ဖြစ်နေ၏။ စုမာကျင်းလည်း ကျင်းပေါင်အတွက် စိတ်ပူနေမိသည်။

"ကျင်းပေါင်"

"ဟုတ်ကဲ့ ဆရာ"



"မင်းသားလေးက ဘာကြောင့် မင်းကို ယှဉ်ပြိုင်ခိုင်းတယ်ဆိုတာ သိလား"

ကျင်းပေါင် ခေါင်းညိတ်လိုက်သည်။

"သိပါတယ် ... သူက အရှေ့ကျွန်းသိုင်းသမားနဲ့ တိုက်ခိုက်ရဲတဲ့ သူဟာ ကျွန်တော်လို့ ထင်နေတာ"

စုမာကျင်းက ...

"ဟုတ်တယ် ... ဒါပေမဲ့ အခြားရည်ရွယ်ချက်တစ်ခု ရှိသေးတယ်"

"ဘာများလဲ ဆရာ"

"ငါက မင်းကို တိတ်တိတ်ကလေး သိုင်းပညာသင်ပေးတယ်လို့ သူ ယုံကြည်နေတယ်"

သူသည် ဆေးတံတစ်ဖွာ ရှူရှိုက်လိုက်ပြီး ...

"ဒါကြောင့် မနက်ဖြန် မင်းနဲ့ အရှေ့ကျွန်းသား ယှဉ်ပြိုင်တဲ့အခါမှာ ငါသင်ပေးတဲ့ သိုင်းကွက်နဲ့ မယှဉ်နဲ့၊ မင်းမူလသင်ခဲ့တဲ့ ရှောင်လင်ကျောင်းကသိုင်းကွက်နဲ့ ယှဉ်ပြိုင်ပါ"

ကျင်းပေါင်က ဦးညွှတ်လိုက်သည်။

"ဟုတ်ကဲ့ပါ ဆရာ"

"နောက် ရှိသေးတယ်"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



"မင်းက အရှေ့ကျွန်းသားနဲ့ ယှဉ်ပြိုင်ရင် အများဆုံး သိုင်းကွက် နှစ်ဆယ်ပဲ ယှဉ်ပါ၊ နောက်ပိုင်း သူတို့ကို အနိုင်ပေးလိုက်"

ဤတွင် ကျင်းပေါ်က နားမလည်နိုင်စွာဖြင့် ...

"ဘာဖြစ်လို့လဲ ဆရာ"

"မင်း ဘာမှမမေးနဲ့ ... ငါ ပြောသလိုလုပ်ပါ"

စုမာကျင်းက ယတိပြတ်ပင် ပြောဆိုလိုက်၏။ ကျင်းပေါ်က ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီ ဆရာ"

စုမာကျင်းက စကားဆက်လိုက်သည်။

"ငါပြောတဲ့အတိုင်းသာ လုပ်ရင် မင်းကို ငါ သိုင်းကွက်လေးကွက် ထပ်ပြီး သင်ပေးဦးမယ်"

ကျင်းပေါ် ဝမ်းသာအားရ ဖြစ်သွားလေတော့သည်။

✺

နောက်တစ်နေ့နံနက်၊ ကျင်းပေါ်သည် ချိန်းဆိုထားသည့်အတိုင်း မင်းသားလေးဂေဟာသို့ ရောက်ရှိသွားလေသည်။ မင်းသားလေးသည် အသင့်ထိုင်၍ စောင့်နေပြီး ဖြစ်သည်။



အရှေ့ကျွန်းသိုင်းသမား လွှေကျင်းနှင့်လွှေမင်းတို့က အသင့်စောင့်နေသည်။ မင်းသားလေးက ကျင်းပေါ်ရောက်ရှိလာသည်ကို ခေါင်းညိတ်ပြကာ အသိအမှတ်ပြုလိုက်၏။

"အေး ... မင်း အချိန်မှန်သားပဲ"

သူသည် လွှေမင်းဘက်သို့ လှည့်လိုက်၏။

"ကဲ မိတ်ဆွေ ... သူကတော့ ရောက်လာပြီ၊ မင်းတို့ယှဉ်ပြိုင်ပွဲ စတင်နိုင်ပါပြီ"

လွှေမင်းက မင်းသားလေးအား ဦးညွတ်လိုက်ပြီးနောက် ကျင်းပေါ်ရှေ့သို့ လှမ်းသွားလေသည်။ သူသည် တိုက်ခိုက်ရန် အသင့်အနေအထားဖြင့် စောင့်နေ၏။

ကျင်းပေါ်က လက်နှစ်ဖက်ဆုပ်လိုက်သည်။

ပြီးနောက် ...

"ခင်ဗျား စတင်တိုက်နိုင်ပါပြီ"

ကျင်းပေါ်က စတင်တိုက်ခိုက်နိုင်ပြီဖြစ်ကြောင်း ပြောဆိုလိုက်၏။ လွှေမင်းသည် စကားမပြောတော့ဘဲ ကျင်းပေါ်အား စတင် တိုက်ခိုက်လိုက်လေသည်။

✺

www.burmeseclassic.com

www.burmeseclassic.com



လွှမင်းသည် တိုက်ပွဲပေါင်းများစွာ ရင်ဆိုင်ခဲ့ဖူးသည်။ အောင်ပွဲအဆင့်ဆင့် ရရှိခဲ့သော သိုင်းသမားတစ်ယောက်လည်း ဖြစ်လေသည်။

သူ့ တိုက်ခိုက်လိုက်သောတိုက်ကွက်များမှာ ပြင်းထန်သည်၊ လျှင်မြန်သည်၊ တိကျသည်၊ ရက်စက်သည်။

သူတိုက်ခိုက်လိုက်သော အခါ လေမုန်တိုင်း တိုက်ခိုက်လာသည်နှယ် ပြင်းထန်လှပေသည်။

ကျင်းပေါင်သည် အသက်ရှူရန်ပင် ကျပ်သွားသည်ဟု ခံစားလိုက်ရလေသည်။

သို့သော် မခံချင်သောစိတ်ဖြင့် အံကို တင်း တင်းကြိတ်ကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

လွှမင်းနှင့်တိုက်ပွဲတွင် စုမာကျင်း၏ သိုင်းပညာကို ကျင်းပေါင်က မသုံးပါ။

သူသည် ဆရာဖြစ်သူ စုမာကျင်း မှာကြားထားသည့်အတိုင်း ရှောင်လင်ကျောင်း၏ သိုင်းပညာကိုသာ အသုံးပြု တိုက်ခိုက်သည်။

သို့ရာတွင် ကျင်းပေါင်မှာ ရှောင်လင်ကျောင်း သိုင်းပညာအချို့ကို မေ့လျော့စပြုနေပြီဖြစ်ရာ ... တစ်ခါတစ်ရံ စုမာကျင်း



သင်ကြားပေးသော သိုင်းကွက်ကို မသိမသာ ရော ယှက်၍ နေလေသည်။

သူသည် ပြင်းပြင်းထန်ထန် ယှဉ်ပြိုင်ခဲ့ရာ သိုင်းကွက်နှစ်ဆယ်မျှပင် ကျော်လာလေသည်။ သူသည် တိုက်ခိုက်ရင်း စုမာကျင်း မှာကြားသောစကားကို သတိရလာသဖြင့် သူသည် တိုက်ခိုက်ရင်း ဟာကွက်တစ်ချက် လုပ်ပေးလိုက်သည်။

ယင်းဟာကွက်ကို တွေ့ရှိသွားသော လွှမင်းက လက်သီးတစ်လုံး ထိုးသွင်းလိုက်သည်။ ကျင်းပေါင်က အတွင်းအားကို စုစည်းပြီး ခံပေးလိုက်သည်။

'ဝုန်း'

ထို့နောက် သူသည် နောက်သို့ ခြေလှမ်း လေးငါးလှမ်းနှင့် ဆုတ်သွားရလေသည်။ သူသည် ခေါင်းတစ်ချက် ခါယမ်းပြီး လက်နှစ်ဖက် ဆုပ်လိုက်၏။

"ကျုပ် ရှုံးသွားပါပြီ ခင်ဗျာ"

ပြောပြီးသည်နှင့် ခြေလှမ်းသုတ်သုတ် လှမ်းကာ ဂေဟာအတွင်းမှ ထွက်ခွာသွားလေတော့၏။ မင်းသားလေးက လွှမင်းအား ကြည့်လိုက်သည်။

မင်းသားလေး၏စိတ်ထဲ၌လည်း ဇဝေဇဝါ ဖြစ်နေ၏။ ထို့ကြောင့် မေးလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ့်နှယ်လဲ တစ်နေ့ညက ခင်ဗျားနဲ့ယှဉ်တိုက်တဲ့လူ ဆိုတာ သူ ဟုတ်ရဲ့လား"

"မဟုတ်လို့ပေါ့ဗျာ ... ဟုတ်ရင် သူ့ကို ကျုပ်က သတ်လိုက်ပြီပဲ"

မင်းသားလေးက ခေါင်းအသာအယာ ခါယမ်းလိုက်သည်။

"ခင်ဗျားမှားနေပြီ"

လွှမင်းက မျက်မှောင်ကြုတ်လိုက်ပြီး ...

"ကျုပ် ဘယ်နေရာမှားလို့လဲ"

"သူ တကယ်တိုက်ရင် ခင်ဗျားတစ်ယောက်ကို သူကနိုင်မှာ၊ အခုသူက ခင်ဗျားကို သက်သက်အရှုံးပေးသွားတာ နားလည်လား"

လွှမင်း ပါးစပ်ပိတ်ထားလိုက်လေသည်။

✹

စုမာကျင်းသည် ပုံဆွဲနေ၏။ ရွှေ့ချင်းက ထမင်းဟင်းချက်ပြီးလျှင် စားပွဲပေါ်သို့ လာရောက်ချပေးနေသည်။ ပုံဆွဲပြီးသောအခါ စုမာကျင်းက ထမင်းစားရန် စားပွဲရှေ့သို့ လျှောက်လာလေသည်။



ဟင်းပန်းကန်များ တွေ့မြင်လိုက်ရသည်နှင့် မျက်လုံး ပြူးကျယ်သွားသည်။

"ဟေ့ ... ဒီနေ့ ဟင်းတယ်ကောင်းပါလား၊ အမဲသားရော ကြက်သားရော စုံလို့ပါလား"

စုမာကျင်းက သမီးဖြစ်သူကိုကြည့်ကာ လောဆိုလိုက်ခြင်း ဖြစ်သည်။

ရွှေ့ချင်းက ပြုံးလိုက်၏။

"ဖေဖေက အသက်ကြီးပြီ၊ ကောင်းကောင်းစားမှ အားရှိမှာ"

စုမာကျင်းက သက်ပြင်းတစ်ချက်ချလိုက်ပြီး ပြစ်တင်လိုသော လေသံဖြင့် ပြောဆိုလိုက်၏။

"ကောင်းကောင်းစားတာ အရေးမကြီးဘူး၊ ငွေကုန်တယ်ကွ"

ရွှေ့ချင်းက ...

"အခု ဒီဟင်းတွေကို ကျင်းပေါင်ရဲ့ငွေနဲ့ ဝယ်ပြီး ချက်တာပါ"

စုမာကျင်းက ရယ်မောလိုက်သည်။

"ကောင်းတယ် ... ငါက ငွေမကုန်ဘဲ ကောင်းကောင်းစားရရင် တော်ပြီ"

သူသည် ကျမ်းအတွက် စာအုပ်နှင့် ပုံပါသော စာရွက်ကို

www.burmeseclassic.com

www.burmeseclassic.com



ရွှေချင်းလက်ထဲသို့ အပ်လိုက်သည်။

"အဲဒါကို ကျောင်းပေါင်ဆီ သွားပို့ပေးစမ်း"

ရွှေချင်း ဝမ်းသာသွားသည်။

သူမသည် စာအုပ်နှင့် ပုံပါသော စာရွက်ကိုယူ၍ ခြင်းတောင်းထဲသို့ ထည့်လိုက်ပြီး ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေသည်။

စုမာကျောင်းက လှမ်းပြီးအော်လိုက်၏။

"နေဦးလေ ... ထမင်းစားပြီးမှသွားပေါ့"

"ကိစ္စမရှိဘူး ... ကျွန်မ ပြန်လာမှစားမယ်"

သူမသည် ခြင်းတောင်းဆွဲကာ ခြေလှမ်းသုတ်သုတ်ဖြင့် ထွက်ခွာသွားလေသည်။

✹

ရွှေချင်းသည် ခြင်းတောင်းကလေးဆွဲကာ အလွန်စည်ကားသော လမ်းအတိုင်း လျှောက်သွားသည်။ ပန်းဆိုင်တစ်ဆိုင်ရှေ့သို့ ရောက်သောအခါ သူမသည် ပန်းဆိုင်အနီးသို့ ချဉ်းကပ်ပြီး ပန်းဝယ်ရန် ပြင်လိုက်သည်။



ထိုစဉ် လူတစ်ယောက်က သူမ၏ပခုံးအား ဝင်တိုက်မိသွား၏။

ရွှေချင်းသည် ထိုလူပြုမူပုံကို လုံးဝသတိမထားမိပါ။ ပန်းများကိုသာ ဆက်လက်ဝယ်နေလေသည်။

✹

ချွန်ချွန်းသည် ဂျုံနယ်နေ၏။ ကျောင်းပေါင်က သိုင်းကွက်များ လေ့ကျင့်နေလေသည်။

သူတို့နှစ်ယောက်စလုံး ကိုယ့်အလုပ်နှင့်ကိုယ် ရှုပ်နေကြသည်။

ရွှေချင်းဝင်ရောက်လာသည်ကို သတိမထားမိကြပါ။ ချွန်ချွန်းက စတင်တွေ့ရှိသွားသည်။

"ဩော် ... ရွှေချင်း ရောက်လာပြီ"

ချွန်ချွန်း၏အသံ ကြားလိုက်တော့မှ ကျောင်းပေါင်က သိုင်းလေ့ကျင့်ရာမှ ရပ်တန့်လိုက်၏။

"ရွှေချင်း ... မင်း ဘယ်တုန်းက ရောက်လာတာလဲ"

ရွှေချင်းက ...

www.burmeseclassic.com

www.burmeseclassic.com



"မကြာသေးဘူး"

"ကိစ္စရှိလို့လား"

"ဟုတ်ကဲ့ ... ဖေဖေက သိုင်းကွက်ရုပ်ပုံ လာပို့ခိုင်းလိုက်တာ"

သူမသည် ပြောရင်း ရုပ်ပုံစာရွက်ကို ရှာဖွေရာ ဖခင်ပို့ခိုင်းသော ရုပ်ပုံစာရွက်သည် ပျောက်ခြင်းမလှ ပျောက်ကွယ်နေမှန်း ယခုမှပင် သိလိုက်ရလေတော့၏။

"ဒုက္ခပဲ"

ချွန်ချန်းက ...

"ဘာဖြစ်လို့လဲ"

ချွေ့ချင်းမျက်နှာ ညှိုးငယ်သွားသည်။

"ဖေဖေပို့ခိုင်းလိုက်တဲ့ ရုပ်ပုံစာရွက် လမ်းမှာ ပျောက်သွားလို့"

ချွန်ချန်း မျက်မှောင်ကြုတ်သွားသည်။

"ဘယ်မှာ ပျောက်သွားတာလဲ"

ချွေ့ချင်းသည် ယခုမှပင် ပန်းဝယ်စဉ်တုန်းက လူတစ်ယောက်က သူမအား တိုက်မိသွားသည်ကို သတိရမိသွားလေသည်။

"မဟုတ်မှလွဲရော ... ဒီလူဟာ မင်းသားလေးရဲ့လူ ဖြစ်နိုင်တယ်"



ကျင်းပေါင်က မှတ်ချက်ချလိုက်၏။

✹

မင်းသားလေးက မဲ့ပြုံးပြုံးလိုက်သည်။

"သင်းအကြံကို ငါသိသားပဲ"

သူသည် သူ၏လူယုံတော် ရှန်းလင်း၏ပခုံးအား ပုတ်လိုက်၏။ ထို့နောက် ချီးမွမ်းလိုက်သည်။

"မင်း သိပ်တော်တယ်"

သူသည် ရုပ်ပုံပါသောစာရွက်ကို ဖြန့်ကြည့်ပြီး ကြုံးဝါးလိုက်သည်။

"စုမာကျင်း ခင်ဗျား အကြံပါပဲလား"

ရှေ့မင်းက ဦးညွှတ်လိုက်သည်။ ထို့နောက် စုမာကျင်းနှင့် ပတ်သက်ပြီး သူ၏ရည်ရွယ်ချက်ကို အကြံပေးသလိုနှင့် ပြောဆိုလိုက်၏။

"မင်းသားလေး၊ သူက အခုလိုသစ္စာဖောက်လာတယ် ဆိုတော့ မင်းသားလေးကို စော်ကားရာရောက်နေတယ်၊ ကျုပ်တို့ နှိမ်နင်းပေးရမလား"

www.burmeseclassic.com

www.burmeseclassic.com



မင်းသားလေးက ခေါင်းခါယမ်းလိုက်သည်။

"ခဏနေကြပါဦး ... ကျုပ် အခြေအနေ သုံးသပ်ပါဦးမယ်"

❁

မင်းသားလေးသည် သူ၏မိခင်ထံသို့ ရောက်ရှိသွားသည်။ မိခင်၏ကျန်းမာရေးအား မေးမြန်းလိုက်၏။

"မေမေ ... အခုတစ်လော ဘယ်လိုနေသေးသလဲ"

မိခင်က ခေါင်းညိတ်လိုက်သည်။

"သက်သာသွားပါပြီကွယ်"

သူမသည် မင်းသားလေးအား အကဲခတ်ကြည့်လိုက်၏။

"ငါ့သားကြည့်ရတာ နေ့မအား ညမအားနဲ့ တော်တော်ပင်ပန်းနေပြီ ထင်တယ်"

မင်းသားလေးက ပြုံးလိုက်သည်။

"သိပ်လည်း အလုပ်မများပါဘူး မေမေ"

မိခင်ဖြစ်သူက သက်ပြင်းတစ်ချက် ချလိုက်၏။

"မင်းလည်း အသက်မငယ်တော့ဘူး၊ အိမ်ထောင်ချပေးရမယ်"



မင်းသားလေးက ...

"ဟုတ်ကဲ့ ... သားကလည်း အချိန်ကျရင် မေမေ့ကို ဖွင့်ပြောမလို့ပါပဲ"

မိခင်ကြီးက သားဖြစ်သူအား စူးစမ်းကြည့်နှင့် ကြည့်လိုက်၏။

"သားမှာ သဘောကျတဲ့လူ ရှိနေပြီလား"

"ဟုတ်ကဲ့ မေမေ"

"သူက ဘယ်သူလဲ၊ ဘယ်နယ်စားရဲ့ သမီးလဲ"

"သူက သိုင်းဆရာတစ်ယောက်ရဲ့သမီးပါ"

"ဘယ်က သိုင်းဆရာလဲ"

"သားကို သိုင်းပညာသင်ပေးတဲ့ဆရာပါ"

မင်းသားလေးက ပြောရင်း ဦးညွှတ်လိုက်သည်။

"သူက အလွန်ယဉ်ကျေးသိမ်မွေ့တဲ့ မိန်းကလေး တစ်ယောက်ပါ"

မိခင်ဖြစ်သူက ပြုံးလိုက်သည်။

"ငါ့သားက သိပ်ချီးမွမ်းနေတာကိုး၊ သူ့နာမည်က ဘယ်သူတဲ့လဲ"

"ချွေ့ချင်းပါ"

မိခင်ကြီး မျက်မှောင်ကြုတ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ် မနှစ်မြို့သော လေသံဖြင့် ...

"နာမည်က ရွှေချင်းဆိုတော့ တရုတ်လူမျိုးထဲကပေါ့"

"ဟုတ်ပါတယ် မေမေ"

မိခင်ကြီးက အတန်ကြာစဉ်းစားလိုက်သည်။

"အေးပေါ့လေ ... သားက ကြိုက်တယ်ဆိုရင် ပြီးတာပဲ"

"ကျေးဇူးတင်ပါတယ် မေမေ"

"သူ့ကို တစ်နေ့ မေမေ့ဆီ ခေါ်လာပါ၊ သူ ဘယ်လောက် လှတယ်ဆိုတာကို မေမေ တွေ့ချင်လို့ပါ"

မိခင်ဖြစ်သူက တောင်းဆိုလိုက်၏။ မင်းသားလေး ခေါင်း ညိတ်ပြလိုက်လေသည်။

✹ ✹ ✹



မေတ္တာစစ်

ရွှေ့ချင်း၏မျက်နှာမှာ ညှိုးနွမ်းနေ၏။ သူမသည် ဖခင်ထံ သို့ ပြန်လာပြီးနောက် ကျောင်းပေါင်ထံသို့ ပို့ရမည့်သိုင်းကွက်ရုပ်ပုံ စာရွက် ပျောက်သွားကြောင်း ဖခင်အား ပြောပြလိုက်သည်။

ထိုစကား ကြားလိုက်သောအခါ စုမာကျောင်း နေမထိ ထိုင် မရ ဖြစ်လေတော့သည်။

"အေး ... မဟုတ်မှလွဲရော ... ဒီစာရွက်ကို မင်းသားလေး က ကြားဖြတ်ခိုးခိုင်းတာ ဖြစ်ရမယ်"

သူသည် ယင်းသို့ပြောနေစဉ် လူတစ်ယောက် လှမ်းဝင်လာ သည်ကို တွေ့မြင်လိုက်ရလေသည်။ လှမ်းဝင်လာသူမှာ တခြားလူ မဟုတ်ပါ။ မင်းသားလေးပင် ဖြစ်လေသည်။ စုမာကျောင်းက ...

"ဪ ... မင်းသားလေးပါလား ... လာပါ"

ခရီးဦးကြို ပြုလိုက်၏။ မင်းသားလေးသည် လက်ထဲမှ သိုင်းကွက်ရုပ်ပုံစာရွက်အား ဖွေ့ယမ်းပြလိုက်သည်။

"ဒီစာရွက်က ဆရာ့ရဲ့စာရွက် ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



စုမာကျင်းက ခေါင်းညိတ်၍ ဝန်ခံလိုက်သည်။

"ဟုတ်ပါတယ်"

မင်းသားလေးက ပြုံးလိုက်သည်။

"အင်း ... ဘာပဲဖြစ်ဖြစ် ခင်ဗျားဟာ ကျုပ်ရဲ့ဆရာဖြစ်တဲ့အတွက် အရေးမယူတော့ပါဘူး"

မင်းသားလေးသည် ပြောပြီး ရုပ်ပုံစာရွက်ကို ဆုတ်ဖြဲပစ်လိုက်သည်။

"အခု ကျုပ်လာတာ ဆရာ့ဆီက ခွင့်ပြုချက်တစ်ခု တောင်းချင်လို့ပါ"

စုမာကျင်းသည် မင်းသားလေးက အပြစ်မမြင်သည်ကို သိရှိရသဖြင့် ဝမ်းသာသွားသည်။ ဝမ်းသာအားရဖြင့်လည်း ပြန်ပြောလိုက်မိ၏။

"ပြောပါ ... ဆရာ ဘာလုပ်ပေးရမလဲ"

ဤတွင် မင်းသားလေးက ရွှေ့ချင်းဘက်သို့ လှည့်ကြည့်လိုက်သည်။

"မေမေက ရွှေ့ချင်းကို တွေ့ချင်လို့ ခဏခေါ်သွားမလို့ပါ"

စုမာကျင်းက ခေါင်း တွင်တွင်ညိတ်ပြလိုက်၏။

"ရပါတယ်"

ထို့နောက် ...



"ကဲ သမီး ... မင်းသားလေးနဲ့ လိုက်သွားလိုက်ပါ"

✹

ဤသို့ဖြင့် ရွှေ့ချင်းသည် မင်းသားလေး၏မိခင်နှင့် တွေ့ဆုံရလေတော့သည်။ မင်းသားလေး၏ မိခင်သည် ရွှေ့ချင်းအား ခြေဆုံး ခေါင်းဆုံး အကဲခတ်ကြည့်လိုက်သည်။

ပြီးနောက် ခေါင်းတညိတ်ညိတ်ဖြင့် ချီးမွမ်းလိုက်၏။

"သမီးက အတော့်ကို လှတာကိုး၊ ဒါကြောင့် ငါ့သားက စွဲလမ်းနေတာ"

ရွှေ့ချင်းက ခေါင်းငုံ့ထားလိုက်လေသည်။ မိခင်ဖြစ်သူက စကားဆက်လိုက်ပြန်၏။

"ငါ့သားက စိတ်နှလုံးကောင်းတယ်၊ လူတော်တစ်ယောက်လည်း ဖြစ်တယ်၊ ဒါပေမဲ့ စိတ်တိုတယ်၊ စိတ်မြန်တယ်၊ သူ့ကို ဖျောင်းဖျ ပြောဆိုမယ့်လူရှိရင် လူတော်လူကောင်းတစ်ယောက် ဖြစ်လာနိုင်ပါ တယ်ကွယ်"

ရွှေ့ချင်း ခေါင်းညိတ်လိုက်သည်။

"သူ့ရဲ့ စိတ်နေစိတ်ထားက မဆိုးလှပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ရွှေ့ချင်းက စကားကို မယုတ်မလွန် ပြောဆိုလိုက်လေသည်။ မိခင်ကြီးက ပြုံးလိုက်သည်။

"ဒါနဲ့ ငါ့သမီးက သူ့အပေါ် ဘယ်လိုမြင်သလဲ"

ရွှေ့ချင်းက ...

"ကျွန်မအပေါ်မှာတော့ သူ အစစအရာရာ အလိုလိုက်ပါတယ်"

မိခင်ဖြစ်သူက ပြုံးလိုက်ပြီး ...

"သမီးက သူ့အပေါ် ဘယ်လိုမြင်သလဲမေးတာ"

ရွှေ့ချင်း ခေါင်းငုံ့ထားလိုက်သည်။ ပြီးမှ အလွန်တိုးညင်းသောလေသံဖြင့် ...

"ကျွန်မက သူ့ကိုခင်ပါတယ်"

ဟု ပြောလိုက်လေသည်။

✲

ရွှေ့ချင်း အဆောင်ထဲမှ ထွက်လာသောအခါ မင်းသားလေးက ပန်းဥယျာဉ်ထဲရှိ ထိုင်ခုံပေါ်တွင် ထိုင်စောင့်နေသည်ကို တွေ့ရလေသည်။



မင်းသားလေးက ရွှေ့ချင်း ရောက်ရှိလာသည်ကို တွေ့ရသောအခါ ထိုင်ရာမှ ထလာပြီး သူမထံ လျှောက်လာသည်။

"ရွှေ့ချင်း ... မင်း ပြန်တော့မလို့လား"

ရွှေ့ချင်း ခေါင်းညိတ်လိုက်သည်။

မင်းသားလေးက ရွှေ့ချင်းနှင့် ပခုံးချင်းယှဉ်၍ လျှောက်လှမ်းရင်းမှ ရွှေ့ချင်းကို တစ်ချက်ကြည့်ကာ မေးလိုက်ပြန်သည်။

"အမေက သိပ်သဘောကောင်းတယ် မဟုတ်လား"

ရွှေ့ချင်း ခေါင်းညိတ်လိုက်သည်။

"ရှင့်အမေက သဘောလည်းကောင်း၊ လှလည်းလှပါတယ်"

မင်းသားလေးက သူမအားကြည့်ကာ ...

"မေမေက ဘာပြောသေးလဲ"

"ဘာမှ မပြောပါဘူး"

"ဒါဖြင့် အစ်ကိုတစ်ခု မေးပါရစေ"

"မေးပါရှင်"

"ရွှေ့ချင်းက အစ်ကို့အပေါ် ဘယ်လိုသဘောထားတယ်ဆိုတာ အစ်ကို သိပ်သိချင်နေတယ်"

မင်းသားလေးက မျှော်လင့်ချက်ကြီးစွာထားကာ မေးလိုက်သည်။

"ကျွန်မ စိတ်ထဲမှာ အစ်ကို့ကို အခင်မင်ဆုံးသော လူတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်လို့ သတ်မှတ်ထားပါတယ်ရှင်"

မင်းသားလေးသည် ယင်းစကားကို ကြားလိုက်ရသောအခါ ဝမ်းသာပီတိ ဖြစ်သွားလေသည်။

"ဒါဖြင့် အစ်ကို စကားတစ်ခွန်း ထပ်မေးချင်ပါတယ်"

"ဘာမေးမလို့လဲ"

"မင်းအပေါ်မှာ ငါ မေတ္တာရှိတာကို မင်းသိပါတယ်၊ အဲဒါ ဘယ်လိုသဘောထားသလဲ"

ရွှေချင်း ခေါင်းငုံ့ထားလိုက်သည်။

"ဒီကိစ္စကို ကျွန်မအဖေနဲ့ ပြောစေချင်ပါတယ်"

✲

ရွှေချင်းအခန်းထဲ၌ ထိုင်နေ၏။ သူမသည် အင်္ကျီတစ်ထည်အား ပန်းပွင့်များ ထိုးနေ၏။ သူမသည် ပန်းပွင့်ထိုးနေသော်လည်း စိတ်မပါလှပါ။

သူမ၏စိတ်အစဉ်သည် ပွင့်လွှင့်နေ၏။ မင်းသားလေးသည် မိမိအပေါ်မေတ္တာရှိကြောင်း ပြောဆိုလာ၍ဖြစ်သည်။

မကြာမီအချိန် မင်းသားလေးမှာ သူမ၏ဖခင်ထံသို့



လာရောက်၍ တောင်းရမ်းတော့မည်မှာ သေချာလှသည်။

မင်းသားလေးသည် မွန်ဂိုလူမျိုးဖြစ်သည်မှလွဲ၍ ဂုဏ်သိက္ခာရှိသည်၊ ယောကျ်ားပီသသော ရုပ်ရည်ရှိသည်။

မိမိအပေါ် အနိုင်အထက်ပြု၍ မေတ္တာကို မတောင်းခံဘဲ စိတ်ရှည်လက်ရှည် မိမိမေတ္တာကို စောင့်မျှော်နေသည်။

ထို့ကြောင့် မင်းသားလေးအပေါ် ငြင်းဆန်ရန်မသင့်ဟု ယူဆသည်။

သို့ရာတွင် သူမသည် ကျင်းပေါင်အား အမြဲတစေ သတိရနေမိသည်။

သူမသည် ကျင်းပေါင်နှင့်တွေ့ဆုံသည့်နေ့ကစပြီး ရင်ထဲ၌ အလိုလို လှုပ်ရှားလာမိသည်။

ကျင်းပေါင်၏ အန့်တာခံပြီး သိုင်းပညာ ခက်ခက်ခဲခဲ သင်ကြားပုံ၊ စိတ်သဘောထား ဖြူစင်ပြီး ရိုးသားစွာ ဆက်ဆံပုံကို မြင်ယောင်လာလေသည်။

ကျင်းပေါင်သည် မိမိ၏မေတ္တာကို ဖွင့်ဟတောင်းခံခြင်း မရှိသော်လည်း သူ၏ဟန်မူရာမှာ မိမိအပေါ် သံယောဇဉ်ရှိနေပြီဟု အကဲခတ်မိသည်။

ကျင်းပေါင်က မိမိမေတ္တာကို ဖွင့်ဟတောင်းဆိုခြင်း မရှိသည်မှာ သူ၏ နုံချာသောဘာဝကြောင့်သာ ဖြစ်နေသည်ကို ရွှေချင်း

www.burmeseclassic.com

www.burmeseclassic.com



တွေးမိလေသည်။

"သူက ငါ့အပေါ် မေတ္တာရှိသလား၊ မရှိဘူးလား သိချင်လိုက်တာ"

ရွှေချင်းသည် ယင်းသို့ ရင်ထဲ၌ ဖြစ်ပေါ်လာသောအခါ ထိုးလက်ကစအင်္ကျီကို ချလိုက်ပြီး ထိုင်ရာမှ ထလိုက်သည်။

သူသည် ကျင်းပေါင်ထံသို့ သွားရောက်ရန် ဆုံးဖြတ်လိုက်လေသ ၏။

✹

ရွှေချင်းသည် ချွန်ချန်းတို့အခန်းသို့ ဝင်ရောက်လာသောအခါ ကျင်းပေါင်က ဂျုံနယ်နေသည်ကို တွေ့ရလေသည်။

"ဟာ ညီမပါလား ... မအိပ်သေးဘူးလား"

ကျင်းပေါင်က နှုတ်ဆက်လိုက်သည်။ ရွှေချင်းက ...

"ဟုတ်ကဲ့ ... အိပ်လို့မရတာနဲ့ အစ်ကို့ဆီကို လာခဲ့တာ"

သူမသည် ကျင်းပေါင် ဂျုံနယ်သည့်နေရာသို့ လျှောက်လာလေသည်။ ဂျုံနယ်သည့်အနီးရှိ တိုင်တစ်တိုင်ပေါ်တွင် ပန်းချီကားတစ်ချပ် ချိတ်ထားသည်ကို တွေ့လိုက်ရသည်။



ယင်းပန်းချီကားချပ်မှာ ချွန်ချန်းက ပန်းချီဆရာ၊ ဟစ်ဦးအား ရေးဆွဲခိုင်းထားသော ကူးလျှံ၏ပုံပင် ဖြစ်ပါသည်။

ရွှေချင်းက ပန်းချီကားကိုကြည့်ကာ ပြုံးလိုက်၏။

"ကူးလျှံက သိပ်ကံကောင်းတာပဲနော်"

ကျင်းပေါင်က ဂျုံနယ်ရင်း လှမ်းကြည့်လိုက်သည်။ ရွှေချင်း၏ဆိုလိုချက်ကို သူနားမလည်ပါ။ ထို့ကြောင့် ...

"ကံကောင်းတယ် ... ဟုတ်လား"

"ဟုတ်တယ် ... သူ့ရဲ့ချစ်သူဟာ သူ့အပေါ် ဘယ်လောက်မေတ္တာရှိသလဲဆိုရင် ပုံတူဆွဲပြီး လိုက်ရှာတာကို ကြည့်ရင် သိနိုင်တာပေါ့၊ ရှင်ရော အားမကျဘူးလား"

ရွှေချင်းက မျှော်လင့်ချက်ကြီးစွာ မေးလိုက်သည်။ ကျင်းပေါင်ကမူ ခေါင်းကို ခါယမ်းကာ ...

"အားမကျနိုင်ဘူး"

ရွှေချင်း၏ရင်ထဲ၌ ဟာခနဲ ဖြစ်သွား၏။

"ဒါနဲ့ ရှင့်မှာ ရည်ရွယ်ထားတဲ့လူရော ရှိသလား"

"မရှိဘူး"

ရွှေချင်း၏ရင်ထဲ၌ ဒုတိယအကြိမ် ဟာသွားပြန်သည်။ ထိုစဉ် ကျင်းပေါင်က စကားဆက်လိုက်၏။

"ကျုပ်ကလည်း လူပဲဗျ၊ ချစ်သူရှိတာပေါ့၊ ဒါပေမဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ဘာဖြစ်သလဲ"

"ကျုပ်က နေ့စဉ်နဲ့အမျှ သိုင်းပညာလေ့ကျင့်နေတာနဲ့ပဲ အချိန်ကုန်သွားတယ်၊ ချစ်သူကို လိုက်ပြီးရှာဖွေဖို့ အချိန်မရဘူးလေ"

ရွှေ့ချင်းက သူ့အား ငေးကြည့်လိုက်ပြီး ...

"ရှင်က ဘာဖြစ်လို့ သိုင်းပညာကို ဒီလောက်တောင် ကြိုးစားပမ်းစား သင်ယူချင်နေရတာလဲ"

ကျင်းပေါင် သက်ပြင်းချလိုက်သည်။

"ကျုပ်ဟာ မိဘမဲ့ကလေးတစ်ယောက်ပါ၊ အဖေဘယ်သူ အမေဘယ်သူဆိုတာ မသိပါဘူး၊ ဟုံးပေ့ဘုန်းတော်ကြီးက ကျုပ်ကို မွေးစားပြီး ရှောင်လင်ကျောင်းမှာထားတယ်"

ရွှေ့ချင်းသည် ကျင်းပေါင်၏စကားကို ကြားဖြတ်ပြောလိုက်သည်။

"ဒါတွေ ထားလိုက်ပါဦး ... ကျွန်မ အရေးကြီးတဲ့ကိစ္စတစ်ခု ပြောချင်လို့"

"ပြောပါ ... ဘာများ အရေးကြီးလို့လဲ"

"ကျွန်မကို မင်းသားလေးက လက်ထပ်ခွင့်တောင်းနေတယ်"

သူမသည် ယင်းသို့ပြောရင်း ကျင်းပေါင်ကို အကဲခတ်ကြည့်နေ၏။



ကျင်းပေါင်က တုန်လှုပ်ခြင်းမရှိဘဲ ရိုးသားစွာ ပြေပြလိုက်လိုက်၏။

"ဘယ်ဆိုးလို့တုံး၊ ကျုပ်က ခင်ဗျားအတွက်ဂုဏ်ယူပါတယ်"

ယင်းစကား ကြားလိုက်ရသောအခါ ရွှေ့ချင်း၏ရင်ထဲ၌ ဝမ်းနည်းခြင်း၊ ခံပြင်းခြင်း စသည့်ခံစားမှုများ ဖြစ်ပေါ်လာသည်။

"ကျွန်မ ရှင့်ဆီကိုလာတာ ဒီအကြောင်းပြောချင်လို့ပဲ၊ ရှင်က ကျွန်မအပေါ်မှာ မေတ္တာရှိတယ်ထင်ပြီး လာပြောတာ၊ သူ့ကို ကျွန်မ မေတ္တာရှိခဲ့ရင် အခုလို ရှင့်ကို လာပြောစရာတောင် မလိုဘူး"

သူမသည် ဒေါသကြီးစွာဖြင့် ပြောချပြီးနောက် ချာခနဲ လှည့်ကာ ခြေလှမ်းသွက်လက်စွာ လှမ်းကာ အခန်းထဲမှ ထွက်သွားလေသည်။

ကျင်းပေါင်က ပါးစပ်အဟောင်းသားဖြစ်ကာ ကျန်ရစ်ခဲ့လေသည်။

✹

ရွှေ့ချင်း၏အပြုအမူကိုကြည့်ရင်း ကျင်းပေါင်က အံ့အားသင့်စွာ ကျန်ရစ်ခဲ့လေသည်။ သူ၏ရင်ထဲမှာလည်း မေးခွန်းတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေါ်လာသည်။

"သူပြောတဲ့စကားက ဘာသဘောလဲ"

သူသည် ရွှေချင်းပြောသောစကားများကို ပြန်လည် စဉ်းစားနေ၏။ သူသည် အတန်ကြာ စဉ်းစားပြီးတော့မှ သဘော ပေါက်လာလေသည်။

"သူက ငါ့ရဲ့သဘောထားကို လာမေးနေတာကိုး"

သူသည် ယင်းသို့ သဘောပေါက်နားလည်လာသောအခ

"ရွှေချင်း ... ရွှေချင်း"

နှုတ်မှအော်ရင်း ပြေးလိုက်သွားလေသည်။ ရွှေချင်းက ခြေ လှမ်းရပ်တန့်လိုက်သည်။

သို့သော် သူ့အား လှည့်မကြည့်ပါ။ ကျင်းပေါင်က သူမ အနားသို့ လျှောက်သွားသည်။ ကျင်းပေါင်က ရွှေချင်းအား ကြည့် ကာ စကားစလိုက်၏။

"ရွှေချင်း ... ညီမရဲ့စေတနာကို အစ်ကိုသိပါတယ်"

သူသည် သက်ပြင်းရှည်တစ်ချက်ချလိုက်ပြီး ...

"အမှန်ပြောပြရရင် အစ်ကိုဟာ ညီမကို စတွေ့တဲ့နေ့က စပြီး ရင်ထဲမှာ လှုပ်ရှားနေတာပါ၊ ဒါပေမဲ့ ခုနက အစ်ကိုပြောသလို ပါပဲ၊ ကိုယ့်ဘဝဟာ နုံချာတဲ့အတွက် ညီမရဲ့မေတ္တာကို မတောင်းခံ တာပါ"



ရွှေချင်းသည် ယင်းစကားကိုကြားလိုက်ရသောအခါ ရင်ထဲ မှာ ပီတိ ဖြစ်လာလေသည်။

သူမသည် ဖြည်းညင်းစွာ လှည့်လိုက်ပြီး ကျင်းပေါင်နှင့် မျက်နှာချင်းဆိုင် ရပ်လိုက်လေသည်။

ကျင်းပေါင်က ရွှေချင်း၏မျက်နှာကို သေချာစွာ စိုက်ကြည့် လိုက်၏။

"ရွှေချင်း ... အစ်ကို့စကားကို သဘောပေါက်တယ် မဟုတ် လား"

ရွှေချင်း ခေါင်းညိတ်ပြလိုက်သည်။

"အခုလို သိလိုက်ရတာ သိပ်ဝမ်းသာတာပဲ'

ကျင်းပေါင်က သူမ၏ပခုံးကို ယုယစွာ ဆုပ်ကိုင်ထားလိုက် လေသည်။

"အစ်ကိုက ညီမကို လက်လွှတ်သွားမှာ သိပ်စိုးရိမ်မိတာ အမှန်ပါပဲကွယ်၊ တကယ်လို့များ ညီမက အစ်ကို အောင်မြင်လာတဲ့ အထိ စောင့်ရင်"

ရွှေချင်းက ခေါင်းငုံ့ထားလိုက်သည်။

"ဘယ်လောက်ကြာကြာ ကျွန်မ စောင့်နေပါ့မယ် အစ်ကို"

ကျင်းပေါင်သည် ရွှေချင်း၏ပခုံးကို တင်းကျပ်စွာ ဆုပ်ကိုင် ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့၏မျက်လုံးများသည် တိတ်ဆိတ်စွာ ဆုံဆည်းနေကြသည်။

ရွှန်းလက်တောက်ပသော မျက်ဝန်းများဖြင့် တစ်ဦးကို တစ်ဦး ကြည့်နေကြရုံကလွဲပြီး သူတို့သည် စကားတစ်ခွန်းမျှ မပြောကြပါချေ။

သို့ရာတွင် စကားမပြောခြင်းသည် စကားထောင်သောင်းမက ပြောခြင်းထက် ပိုပြီး အဓိပ္ပာယ်ရှိနေတတ်သည် မဟုတ်ပါလား။

✹ ✹ ✹



ဇွေစပ်ခြင်း

ရွှေ့ချင်း၏မျက်နှာ ပြုံးရွှင်နေ၏။ အိမ်ပြန်လာသည့် လမ်းတစ်လျှောက်၌ သူမ၏ ခြေလှမ်းများ ပေါ့ပါးသွက်လက်နေသည်။

ကျင်းပေါင်က သူမအား မေတ္တာရှိနေကြောင်း ဖွင့်ဟ ပြောဆိုသွားပြီ မဟုတ်ပါလား။

ဟိုတွေးသည်တွေးဖြင့် အိမ်သို့ မည်သို့မည်ပုံ ပြန်ရောက်လာသည်ကိုပင် မသိတော့ချေ။

အိမ်ထဲ လှမ်းဝင်လိုက်ပြီး ထူးခြားမှု ရှိနေသည်ကို တွေ့လိုက်ရတော့မှ သက်ဝင်လာလေသည်။

ဧည့်ခန်းအတွင်းရှိ စားပွဲပေါ်၌ အဝတ်အစားများ၊ မင်္ဂလာပွဲ၌ အသုံးပြုသော ခန်းဝင်ပစ္စည်းများကို တွေ့လိုက်ရခြင်း ဖြစ်လေသည်။

ထို့အပြင် ပစ္စည်းများကို သဘောကျစွာ ကြည့်နေသည့် စုမာကျင်းကိုလည်း တွေ့လိုက်ရလေသည်။ စုမာကျင်းက သူမကို မြင်လျှင် ...

www.burmeseclassic.com

www.burmeseclassic.com



"လာကြည့်စမ်း သမီး ... အထည်တွေက လှလိုက်တာ"

ဟု လှမ်းခေါ်လေသည်။

ရွှေချင်းက ...

"ဖေဖေ သည်ပစ္စည်းတွေကို ဘယ်သူလာပို့သွားတာလဲ ဟင်"

ရွှေချင်းက စိတ်လှုပ်ရှားစွာ မေးလိုက်သည်။

စုမာကျင်းက ....

"မင်းသားလေး ပေးသွားတာ"

"ဟင် မင်းသားလေး ... ဟုတ်လား"

"ဟုတ်တယ်လေ၊ အခုပဲ ထွက်သွားတာ သမီး၊ မတွေ့လိုက်ဘူးလား"

ရွှေချင်းက ဘာမှမပြောတော့ဘဲ အိမ်အပြင်ဘက်သို့ တစ်ဟုန်ထိုး ပြေးထွက်သွားလေတော့သည်။

✺

မင်းသားလေးသည် စုမာကျင်းထံသို့သွားကာ လက်ဆောင်ပစ္စည်းများပေးပြီးသည်နှင့် ပြန်လာခဲ့လေသည်။



သူ၏စိတ်ထဲ၌လည်း ပီတိဖြစ်နေသည်။

ရုတ်တရက် ...

"အစ်ကိုကြီး ခဏနေပါဦး"

မိန်းကလေးတစ်ယောက်၏ ခေါ်သံကိုကြားလိုက်ရလေသည်။

ယင်းအသံမှာ ရွှေချင်း၏အသံဖြစ်ကြောင်း ချက်ချင်းသိလိုက်လေသည်။

မင်းသားလေး၏မျက်နှာ ပြုံးရွှင်သွားလေသည်။

"ခဏရပ်လိုက်"

ဝေါစင်ကို ချက်ချင်းရပ်တန့်ခိုင်းလိုက်လေသည်။ ပြေးလိုက်လာသော ရွှေချင်း မောဟိုက်နေ၏။ မင်းသားလေးက ဝေါစင်ပေါ်မှ ဆင်းလိုက်လေသည်။

"ညီမ ဘာကိစ္စနဲ့ ပြေးလိုက်လာရတာလဲ"

ရွှေချင်းက ...

"ကျွန်မ ရှင်နဲ့စကားပြောစရာရှိလို့"

"ဪ ... ဘာပြောမလို့လဲ ... ပြောပါဦး"

ရွှေချင်းက ဘာမှမပြောဘဲ ထွက်သွားလေသည်။ မင်းသားလေးလည်း လိုက်သွား၏။

နှစ်ယောက်သား ပန်းချင်းယှဉ်ကာ လျှောက်သွားကြပြီး

www.burmeseclassic.com

www.burmeseclassic.com



လှရှင်းသော တစ်နေရာရောက်မှ ရွှေချင်းက ခြေလှမ်းရပ်လိုက်လေသည်။

မင်းသားလေးက ...

"ညီမ ဘာပြောမလို့လဲ ပြောလေ"

ရွှေချင်းက ...

"အစ်ကိုက အိမ်မှာ ပစ္စည်းတွေ ပို့ထားခဲ့တယ် ဟုတ်လား"

"ဟုတ်တယ်၊ ဘာဖြစ်လို့လဲ နည်းနေလို့လား"

ရွှေချင်း ခေါင်းခါယမ်းလိုက်လေသည်။

"ဟင့်အင်း ... မနည်းပါဘူး၊ သည်ပစ္စည်းတွေနဲ့ ပတ်သက်ပြီး မေးချင်လို့ပါ"

မင်းသားလေးက ...

"ဘာမေးမလို့လဲ မေးပါ"

"အစ်ကိုက ဈေးစပ်ကြောင်းလမ်းတဲ့အနေနဲ့ သည်ပစ္စည်းတွေကို ပေးတာ မဟုတ်လား"

"ဟုတ်တယ်လေ၊ ဘာလဲ ညီမကြိုက်တဲ့ပစ္စည်း မပါလို့လား၊ ပြောလေ ဘာထပ်ဝယ်ပေးရမလဲ"

ရွှေချင်းက ...

"သည်လိုမဟုတ်ပါဘူး၊ ကျွန်မကို ဈေးစပ်ကြောင်းလမ်းတဲ့အနေနဲ့ ပေးရင် ကျေးဇူးပြုပြီး ပြန်ယူသွားပါရှင်"



"ဟင်"

မင်းသားလေးက ရွှေချင်းကိုကြည့်လိုက်၏။ ရွှေချင်း၏ မျက်နှာ တည်ကြည်လေးနက်နေ၏။

သူမ အတည်ပေါက်နှင့် ပြောနေခြင်းဖြစ်ကြောင်း မင်းသားလေး နားလည်သွားလေတော့သည်။

"ညီမ မင်း ဘယ်လိုပြောလိုက်တာလဲ"

ရွှေချင်းက ...

"ကျွန်မ ရှင့်ကို မယူနိုင်ဘူး"

မင်းသားလေးမှာ ခံပြင်းကာ တစ်ကိုယ်လုံး တုန်တုန်ရင်ရင် ဖြစ်နေပါတော့သည်။

"တစ်နေ့ကပဲ ကျုပ်က မင်းရဲ့အခင်မင်ဆုံးလူတစ်ယောက်ပါလို့ မင်းပြောခဲ့သေးတာကို မင်း မေ့သွားပြီလား"

ရွှေချင်းက ...

"ဟုတ်ပါတယ်၊ ကျွန်မဟာ မင်းသားလေးကို အစ်ကို တစ်ယောက်လို ခင်မင်ပါတယ်ဆိုတဲ့ သဘောနဲ့ ပြောတာပါရှင်"

မင်းသားလေးက ...

"ကျုပ်ကို အစ်ကိုတစ်ယောက်လို ခင်တယ်ဆိုရင် မင်းမှာ ချစ်သူရှိနေပြီလား ... ကျုပ်ကို မှန်မှန်ပြောပါ"

ရွှေချင်း ငြင်းလိမ့်မည်ထင်မိသော်လည်း ရွှေချင်းက

www.burmeseclassic.com

www.burmeseclassic.com



မငြင်းဘဲ ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်ပါတယ် ရှင်"

"မင်း ... မင်း ဘယ်လိုပြောလိုက်တာလဲ၊ မင်းရဲ့ချစ်သူက ကော ဘယ်သူလဲ ... မှန်မှန်ပြောပါ"

ချွေ့ချင်းက ...

"ကျွန်မချစ်သူက ကျင်း"

"တော်တော့ ... ဆက်မပြောနဲ့တော့"

မင်းသားလေး ကျယ်လောင်စွာ အော်လိုက်လေသည်။ ချွေ့ချင်းသည် မင်းသားလေးကို ကြည့်ပြီး စိတ်မကောင်း ဖြစ်လာလေသည်။

"အစ်ကို ကျွန်မကို ခွင့်လွှတ်ပါရှင်"

မင်းသားလေး လက်ကာပြလိုက်သည်။

"ဘာမှ ဆက်မပြောနဲ့တော့ ... မင်း သွားတော့"

ချွေ့ချင်းက ...

"ခုလိုဖြစ်ရတာ"

"မင်းကို ဘာမှဆက်မပြောနဲ့ သွားတော့လို့ ပြောနေတာ"

ချွေ့ချင်းလည်း ဘာမှ ဆက်မပြောဝံ့တော့ဘဲ ထွက်လာခဲ့ရလေတော့သည်။ မင်းသားလေးက လက်သီးကျစ်ကျစ်ပါအောင် ဆုပ်လိုက်လေသည်။



"သင်းက ငါ့အပေါ် မကောင်းရင် ငါကလည်း သင်းအပေါ် ကောင်းစရာမလိုတော့ဘူးကွ"

ဟု ကြုံးဝါးလိုက်လေတော့သည်။

✹

စုမာကျင်းက တစ်ယောက်တည်း ထိုင်ကာ တွေဝေနေ၏။ တစ်ဖက်တွင် သမီး၏ဆုံးဖြတ်ချက် မှန်ကန်သည်ဟုလည်း ယုံကြည်သည်။

ကျင်းပေါင်သည် ဆင်းရဲနွမ်းပါးသော်လည်း ယောကျ်ားပီသသည်၊ စိတ်ကောင်းရှိသည်၊ ဖွဲ့ရှိသည်။

တစ်နေ့ ကြီးပွားတိုးတက်နိုင်သော လူငယ်တစ်ယောက် ဖြစ်လေသည်။

ထို့ကြောင့် ချွေ့ချင်းက ဖွင့်ပြောသောအခါ သူက သဘောတူ လက်ခံလိုက်ခြင်း ဖြစ်လေသည်။

သို့သော် ...

တခြားတစ်ဖက်တွင်မူ မင်းသားလေးအကြောင်းကို သူကောင်းစွာ သိရှိထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းသားလေးမှာ လွယ်လွယ်နှင့် လက်လျှော့မည့်သူ တစ်ယောက် မဟုတ်ပါချေ။

မစားရသည့်အသည်း သဲနှင့်ပက်မည့် စိတ်ဓာတ်မျိုး ရှိသူဟု ယုံကြည်မိလေသည်။

ထို့ကြောင့် သူက ကျရောက်လာမည့် မင်းသားလေး၏ အန္တရာယ်ကို စောင့်မျှော်နေခြင်း ဖြစ်လေသည်။

မကြာပါချေ၊ သူ မျှော်လင့်ထားသည့်အတိုင်း မင်းသားလေး၏လူတစ်ယောက် ရောက်ရှိလာလေတော့သည်။

စုမာကျင်းက မေးလိုက်သည်။

"မင်းတို့မင်းသားလေး လွှတ်လိုက်တာလား"

ထိုလူ ဦးညွှတ်လိုက်သည်။

"ဟုတ်ပါတယ်၊ မင်းသားလေးက ဖိတ်စာ ပို့ခိုင်းလိုက်လို့ပါ"

စုမာကျင်းက ဖိတ်စာကို ယူကြည့်လိုက်သည်။ ဖိတ်စာကို မြင်ကတည်းက ...

"အင်း ... အန္တရာယ်တော့လာပြီ"

သူ၏ရင်ထဲ ကျိတ်ပြီး မှတ်ချက်ချလိုက်လေသည်။

တစ်ဖန် ...

"ကောင်းပြီလေ ... ကျုပ် ဆက်ဆက်အရောက်လာမယ်လို့ မင်းသားလေးကို ပြောလိုက်ပါ"

ဟု ပြောလိုက်ရာ ထိုလူက ...

"ကောင်းပါပြီ ... သွားခွင့်ပြုပါဦး"

နှုတ်ဆက်ပြီး ပြန်သွားလေတော့သည်။

✹



စုမာကျင်းက အခန်းတွင်း၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။

မကြာမီ အန္တရာယ်နှင့် ရင်ဆိုင်ရတော့မည် ဖြစ်ကြောင်း သူနားလည်လိုက်ပြီဖြစ်သည်။

မင်းသားလေးက ဖိတ်ခေါ်လိုက်သည်မှာ ကောင်းသော ဖိတ်ခေါ်ခြင်း မဟုတ်ကြောင်း သူ နားလည်ထားလေသည်။

ထို့ကြောင့် မည်သို့ရင်ဆိုင်ရမည်ကို တွေးတောစဉ်းစားနေခြင်း ဖြစ်လေသည်။

ရွှေချင်းက အိမ်တွင်မရှိပါ။ ချွန်ချွန်းတို့အိမ်သို့ သွားနေခြင်း ဖြစ်လေသည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



စုမာကျင်း သက်ပြင်းချလိုက်သည်။

"မင်းသားလေးဖိတ်ခေါ်ထားတဲ့အချိန် နီးနေပြီ၊ ငါသွားရတော့မယ်၊ ကောင်းပါတယ်လေ၊ ရင်ဆိုင်စရာရှိတာကို ရင်ဆိုင်လိုက်တာပေါ့"

ထို့နောက် စားပွဲတစ်လုံး၌ ထိုင်ကာ စာတစ်စောင် ရေးလိုက်သည်။

စာအိတ်ပေါ်၌ ကျင်းပေါင်ဟု အမည်တပ်လိုက်သည်။ ထိုစာအိတ်ကို စားပွဲပေါ်၌ မြင်သာထင်သာအောင် စားပွဲပေါ် ချထားလိုက်သည်။ ပြီးလျှင် သူ၏ဆေးတံကိုယူပြီး ထွက်သွားလေတော့သည်။

✹

ယနေ့ည...။

မင်းသားလေးဂေဟာ၌ တစ်မျိုးတစ်ဖုံထူးခြားနေ၏။ ပြတင်းပေါက်တံခါးပေါက်များ အလုံပိတ်ထားသည်။

အစောင့်များကိုလည်း ယခင်ကထက် နှစ်ဆတိုးကာ ချထားလိုက်သည်။



စုမာကျင်းက ဂေဟာထဲ လှမ်းဝင်လိုက်သောအခါ မင်းသားလေးနှင့် အရှေ့ကျွန်းသားနှစ်ယောက်က ကြိုဆိုလိုက်ကြလေသည်။

"ကြွပါ ဆရာ"

စုမာကျင်းက ပတ်ဝန်းကျင်ကို အကဲခတ်ပြီးမှ မင်းသားလေးဘက်သို့လှည့်ကာ ...

"နေပါဦး ... မင်းက ငါ့ကို မဖိတ်စဖူး ညစာစားဖို့ ဖိတ်နေပါလား"

မင်းသားလေးက ပြုံးလိုက်သည်။

"ဟုတ်ကဲ့ ... ဆရာ့ကို ထမင်းစားဖိတ်ရင်း ဆွေးနွေးစရာလေး နည်းနည်းရှိလို့ပါ၊ ကြွပါ ဆရာ"

ထို့နောက် ...

စားသောက်ဖွယ်ရာများဖြင့် လိုလေသေးမရှိအောင် ပြင်ဆင်သည်။

စားပွဲဆီသို့ ဖိတ်ခေါ်သွားလေသည်။

"ထိုင်ပါ ဆရာ"

မင်းသားလေးက နေရာထိုင်ခင်း ပေးလိုက်သည်။ စုမာကျင်းက ဘာမှမဖြစ်သလို အေးအေးဆေးဆေးပင် ထိုင်ချလိုက်လေသည်။

"သုံးဆောင်လိုက်ပါဦး ဆရာ"

www.burmeseclassic.com

www.burmeseclassic.com



အရှေ့ကျွန်းသားနှစ်ယောက်ကလည်း စားပွဲတွင် ဝိုင်းဖွဲ့ထိုင်ချလိုက်ကြလေသည်။ စုမာကျင်းက အမှုမထားဘဲ စားသောက်လိုက်လေသည်။

စားသောက်ပြီးစီးသွားလျှင် မင်းသားလေးက စုမာကျင်းကို ဦးညွှတ်လိုက်လေသည်။

"ဆရာ့ကို ကျွန်တော်က ကျေးဇူးတင်တဲ့အကြောင်း အရင်ဆုံး ပြောပါရစေခင်ဗျာ"

စုမာကျင်းက ...

"နေပါဦး ... မင်းက ဘာကြောင့် ကျုပ်ကို ကျေးဇူးတင်တာလဲ ... ပြောပါဦး"

"သိုင်းပညာ သင်ပေးတဲ့အတွက်ပါ ဆရာ"

"ဩော်"

မင်းသားလေးက အရက်တစ်ခွက် ငှဲ့ပေးလိုက်ပြန်သည်။ စုမာကျင်းက ...

"သည်တစ်ခွက်ကကော ဘာကြောင့်တိုက်တာလဲ ပြောပါဦး"

မင်းသားလေးက ...

"ဆရာနဲ့ ပေဟသည်က မိတ်ဆွေနှစ်ယောက်ရဲ့ ရန်ငြိုးရန်စတွေ ပြေလည်ပြီး ငြိမ်းချမ်းမှု ရသွားစေလို့ပါ'



"အင်း ... ဒါဆိုလည်း ဝမ်းသာစရာပဲ၊ ကျုပ် သောက်ပါ့မယ်"

စုမာကျင်းက နောက်ထပ် အရက်တစ်ခွက်ကို သောက်လိုက်ပြန်လေသည်။

မင်းသားလေးက နောက်တစ်ခွက် ငှဲ့ပေးလိုက် ပန်သည်။ စုမာကျင်းက ...

"သည်တစ်ခွက်ကကော"

မင်းသားလေးက ...

"ဆရာဟာ ကျွန်တော့်ရဲ့ဆရာအဖြစ်ကနေပြီး ယောက္ခမဖြစ်လာတော့မှာမို့ ဝမ်းသာလို့ တိုက်တာပါ ခင်ဗျာ"

စုမာကျင်းက လက်ထဲကိုင်ထားသော အရက်ခွက်ကို ပြန်ချထားလိုက်လေသည်။

"ဒါဆို ငါမသောက်ဘူး"

စုမာကျင်းက ငြင်းလိုက်လေသည်။

မင်းသားလေးက ...

"ဆရာ ဘာကြောင့် မသောက်တာလဲ"

"ဒါက ငါ့ကိစ္စမှ မဟုတ်ဘဲ"

"ဘာဖြစ်လို့လဲ"

စုမာကျင်းက ...

www.burmeseclassic.com

www.burmeseclassic.com



"လက်ထပ်တယ်ဆိုတာ လူတစ်ယောက်ရဲ့ဘဝတစ်ခုလုံးနဲ့ ဆိုင်တဲ့ကိစ္စ၊ ဒါကြောင့် သည်ကိစ္စတွေဟာ ငါ့သဘောတိုင်း မဖြစ်နိုင်ဘူး"

မင်းသားလေးက ...

"ချွေ့ချင်းနဲ့ခွေးနွေးပြီးသားပါ၊ သူက ဆရာ သဘောတူမယ်ဆိုရင် လက်ခံမယ်လို့ ပြောပါတယ်'

စုမာကျင်း၏မျက်နှာ တင်းမာသွားလေသည်။

"သူက သည်လိုပဲ ပြောသလား"

"ဟုတ်ပါတယ် ဆရာ"

"ဒါဆို ကျုပ် ကန့်ကွက်တယ်"

ဤတွင် မင်းသားလေး ဒေါသခြောင်းခြောင်း ထွက်သွားလေတော့သည်။

"ဆရာက ကန့်ကွက်တယ်ဆိုရင် ခုချိန်ကစပြီး ကျုပ်တို့ ဆရာတပည့်အဖြစ်က ပြတ်ပြီပေါ့ဗျာ"

"ဟား ဟား ဟား"

စုမာကျင်း ရယ်မောလိုက်လေသည်။

"ရပါတယ်၊ ကျုပ်က သိုင်းပညာ ဘယ်သူ့ကိုပဲ သင်ပေး သင်ပေး ဝိုက်ဆံရတာပဲ"

မင်းသားလေး ကောက်ကျစ်စဉ်းလဲစွာ ပြုံးလိုက်သည်။



"ခင်ဗျားသတိထားဖို့က ကျုပ်တို့နှစ်ယောက် ဆရာတပည့်အဖြစ်က ပြတ်စဲလိုက်ပြီ ဆိုတာဗျ"

သူက အရှေ့ကျွန်းသားနှစ်ယောက်ကို ညွှန်ပြလိုက်လေသည်။

"သူတို့က"

"သူတို့က ဘာဖြစ်သလဲ"

"သူတို့သဘောအတိုင်း လုပ်ဆောင်နိုင်ပြီလို့ ပြောချင်တာပါ"

စကားဆုံးလျှင် မင်းသားလေးသည် ထိုင်ရာမှ ဆတ်ခနဲထကာ အတွင်းဘက် အခန်းတစ်ခုသို့ ဝင်သွားတော့သည်။

မင်းသားလေး ထွက်သွားသည်နှင့် အရှေ့ကျွန်းသားနှစ်ယောက်က ထိုင်ရာမှ ထလိုက်ကြလေသည်။

"ဟား ဟား ဟား"

စုမာကျင်း ရယ်မောလိုက်သည်။

သူသေကိုယ်သေ တိုက်ပွဲနှင့် ရင်ဆိုင်ရတော့မည် ဖြစ်ရကား ကြောက်ရွံ့စိတ် လုံးဝမရှိတော့ဘဲ ရယ်မောရင်း ထိုင်ရာမှ ထရပ်လိုက်လေတော့သည်။

✽

www.burmeseclassic.com

www.burmeseclassic.com



ရွှေ့ချင်းက အိမ်ပြန်ရောက်လာသည်။

"ဖေဖေ"

ဖခင်ကြီးအား အိမ်ထဲ၌ မတွေ့သဖြင့် အသံပြုကာ လိုက်ရှာလိုက်လေသည်။

တစ်အိမ်လုံး နှံ့အောင်ရှာပြီးသော်လည်း ဖခင်ကြီးအား မတွေ့ရသဖြင့် စိတ်ပူသွားလေသည်။

"ဖေဖေ ဘယ်တွေများ လျှောက်သွားနေပါလိမ့်"

ဟု ရေရွတ်ပြီး ချက်ချင်း ခေါင်းခါယမ်းလိုက်သည်။

"ငါမှအိမ်မှာမရှိတာ ဖေဖေ ဘယ်ကိုမှထွက်သွားမှာမဟုတ်ဘူး"

ရုတ်တရက် သူမ၏အကြည့်က စားပွဲပေါ်သို့ ရောက်သွားတော့သည်။

စားပွဲပေါ်၌ စာတစ်စောင် ရှိနေသည်ကို တွေ့လိုက်ရ၏။

"ဟင် ... စာတစ်စောင်ပါလား၊ ဖေဖေရေးထားတဲ့ စာပါလား"

သူမသည် စားပွဲဆီသို့ ချက်ခြင်းလျှောက်သွားပြီး စာကိုယူကာ ကြည့်လိုက်၏။



"ဟင် ... အစ်ကိုကျွင်းပေါင်အတွက် ရေးထားတဲ့စာပါလား"

ရွှေ့ချင်း ပြုံးလိုက်သည်။

"ဖေဖေက ခုလို စာရေးထားတာ ထူးခြားမှုရှိလိမ့်မယ်၊ ငါ သွားပေးလိုက်ရင် အစ်ကိုကျွင်းပေါင်လည်း ဝမ်းသာသွားလိမ့်မယ်"

ထို့နောက် အိမ်တံခါးပိတ်ပြီး အိမ်မှ ချက်ချင်းထွက်သွားလိုက်လေတော့သည်။

✵

ရွှေ့ချင်းက ကျွင်းပေါင်ထံသို့ သွားပြီး စုမာကျွင်း ရေးထားသော စာကို ပေးလိုက်လေသည်။

"ရှင့်အတွက် သိုင်းကွက်ရုပ်ပုံတွေ ရေးထားတဲ့စာ ဖြစ်မယ်"

"ဟုတ်လား ... ဝမ်းသာလိုက်တာ"

ကျွင်းပေါင်က ချက်ချင်းယူကာ ဖောက်ဖတ်ကြည့်လိုက်လေသည်။

စာဖတ်လိုက်သည်နှင့် ကျွင်းပေါင် မျက်လုံးပြူးသွားလေတော့သည်။

"ဒါ သိုင်းကွက်တွေမှ မဟုတ်တာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင် … ဘာတွေရေးထားလို့လဲ"

"စာထဲမှာ မင်းသားလေး ထမင်းစားဖိတ်ထားလို့ သွားတယ်၊ သူ တစ်ခုခုဖြစ်ရင် ညီမကို ခေါ်ပြီး တခြားတစ်နေရာကို ထွက်သွားပါလို့ ရေးထားတယ်"

"ရှင်"

"နောက်ပြီး ကျုပ်က ညီမကို စောင့်ရှောက်ပါလို့ ရေးထားတာ"

ရွှေချင်းသည် သူမက မင်းသားလေးအား ငြင်းပယ်လိုက်ခြင်းကြောင့် ပြဿနာပေါ်ပေါက်လာပြီဖြစ်ကြောင်း နားလည်လိုက်လေတော့သည်။

သူမလည်း ကျင်းပေါင်ကို အကျိုးအကြောင်း ပြောပြလိုက်လေသည်။

"အစ်ကို ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲ"

ကျင်းပေါင်က ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ …

"လာ ညီမ … မင်းသားလေးဆီကို အချိန်မီလိုက်သွားကြမယ်"

ရွှေချင်း၏လက်ကိုဆွဲခေါ်သွားတော့သည်။



ရွှေချင်းနှင့်ကျင်းပေါင်တို့က မင်းသားလေး၏ဂေဟာသို့ ရောက်လာကြလေသည်။

ရွှေချင်းရောက်လာသဖြင့် အစောင့်များက တားဆီးခြင်းမပြုဘဲ ဝင်ခွင့်ပြုလိုက်ကြလေသည်။

ရွှေချင်းရောက်လာကြောင်း သတင်းပို့လိုက်သဖြင့် မင်းသားလေး ချက်ချင်းထွက်လာလေသည်။

"ညီမ ကျုပ်ဆီကိုလာတယ် … ဟုတ်လား"

ရွှေချင်းက …

"ကျွန်မဖေဖေ ဘယ်မှာလဲ"

မင်းသားလေး ရယ်မောလိုက်သည်။

"သူရှိပါတယ်၊ ကျုပ်က သူ့ကို ထမင်းစားဖိတ်လိုက်တာပါ"

ပြောပြီး ခေါ်ဆောင်သွားရာ ရွှေချင်းနှင့်ကျင်းပေါင်တို့လည်း လိုက်သွားကြလေသည်။

ဧည့်ခန်းထဲရောက်သွားလျှင် စုမာကျင်းက ရွှေချင်းကို တွေ့သွားပြီး …

"ဟင် … သမီးတောင် လိုက်လာပါလား"

ရွှေချင်းသည် ဖခင်ကြီး ဘေးမသီရန်မခ ရှိနေသည်ကို

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရသဖြင့် ဝမ်းသာသွားလေသည်။

"ဖေဖေ ဘာဖြစ်သေးသလဲဟင်"

စုမာကျင်း ခေါင်းခါယမ်းလိုက်သည်။

"ဖေဖေ ဘာမှမဖြစ်ပါဘူး ... မင်းသားလေးက ဖေဖေ့ကို ကျွေးမွေးတဲ့အပြင် အရက်တောင်တိုက်လိုက်သေးတယ်"

ရွှေ့ချင်းက ...

"ဖေဖေကအရက်တွေ သောက်ထားတာကိုး၊ ကဲ ... သမီးတို့ အိမ်ပြန်ကြမယ်နော်"

"ပြန်မှာပေါ့"

စုမာကျင်းက ခေါင်းညိတ်ပြောဆိုပြီး မင်းသားလေးဘက်သို့ လှည့်လိုက်လေသည်။

"ကဲ မင်းသားလေး ... စားလို့သောက်လို့လည်း ကောင်းတယ်၊ ကျေးဇူးလည်း တင်တယ်၊ ကဲ ... ကျုပ်ကို သွားခွင့်ပြုဦး"

မင်းသားလေး ဘာမှ မတတ်သာဘဲ ခေါင်းညိတ်ပြလိုက်ရလေသည်။

"ကောင်းပါပြီ"

သူက ရွှေ့ချင်းကို စိုက်ကြည့်လိုက်သည်။

"မင်းရဲ့အဖေကို မင်းရဲ့လက်ထဲ အပ်လိုက်ပြီးပြီ၊ နောက်နောင် တစ်ခုခုဖြစ်ရင် ငါနဲ့မဆိုင်ဘူး"



ရွှေ့ချင်းတို့က ဘာမှမပြောဘဲ စုမာကျင်းကို ခေါ်ကာ ခပ်သုတ်သုတ် ထွက်သွားကြလေတော့သည်။

❋

ရွှေ့ချင်းက စုမာကျင်းအား ခေါ်သွားပြီး ဖြစ်သည်။ လွေကျင်းနှင့် လွေမင်းတို့ မကျေမနပ် ဖြစ်သွားကြလေသည်။ လွေကျင်းက ...

"ကျုပ်တို့က သူ့ကိုသတ်မလို့၊ မင်းသားလေးက ... ဘာကြောင့် ဟန့်တားရတာလဲဗျ"

လွေမင်းက ...

"မင်းသားလေးမျက်နှာကြောင့် သူတို့ထွက်သွားတာကို သည်းအတိုင်း ကြည့်နေလိုက်ရတာ၊ အခု သူက မင်းသားလေးနဲ့ ဘာမှ မပတ်သက်တော့ဘူး၊ ဘာကြောင့် ဟန့်တားရတာလဲ"

မင်းသားလေး ပြုံးလိုက်လေသည်။

"ကျုပ်ရဲ့အိမ်ဂေဟာမှာ သူ့ကိုသတ်လိုက်ရင် ပြဿနာတွေ ဖြေရှင်းရလိမ့်မယ်၊ တခြား ဘယ်နေရာမှာပဲ ဖြစ်ဖြစ် ကျုပ် ဝင်မစွက်တော့ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



မွန်ဂိုများက သိမ်းပိုက်ထားသည် ဖြစ်သော်လည်း မျိုးချစ်အင်အားစုများက တွန်းလှန်တိုက်ခိုက်လာကြသည်ဖြစ်ရာ မွန်ဂိုဘုရင်သည် ပြဿနာများကြီးထွားမလာစေရန် ထိန်းသိမ်းဆောင်ရွက်ဖို့ အမိန့်ထုတ်ထားလိုက်ပြီ ဖြစ်သည်။

မင်းသားလေးက တရုတ်ပြည်မကြီးထဲ၌ လာရောက်တာဝန်ထမ်းဆောင်နေရသည်ဖြစ်သော်လည်း အချိန်တွင် မွန်ဂိုကုန်းမြင့်သို့ ပြန်ကာ ဖခင်၏နေရာကို ဆက်ခံလိုသူဖြစ်သည်။

ဇနီးမယားများစွာယူထားသော မွန်ဂိုဘုရင်တွင် သားသမီးများစွာရှိလေသည်။

ထိုသားသမီးများသည် များပြားသလောက် စိတ်နေသဘောထားလည်း မတူညီဘဲ ကွဲပြားခြားနားကြလေသည်။

အချို့က နူးညံ့သိမ်မွေ့ပြီး အချို့က ရက်စက်ကြမ်းကြုတ်ကြသည်။

အချို့က အရည်အချင်းရှိပြီး အချို့က ညံ့ဖျင်းကြ၏။

ထို့ကြောင့် ...

တရုတ်ပြည်ကြီးကို သိမ်းပိုက်ပြီးနောက် မွန်ဂိုဘုရင်က ညီဝမ်းကွဲတစ်ယောက်အား နယ်စားကြီးခန့်အပ်ကာ တရုတ်ပြည်နေရာအနှံ့အပြား၌ တာဝန်ထမ်းဆောင်နေကြသော မင်းညီ မင်းသားများကို အုပ်ချုပ်စေခဲ့လေသည်။



မွန်ဂို မင်းညီမင်းသားအားလုံးက မွန်ဂိုဘုရင်၏ အရိုက်အရာကို ဆက်ခံလိုကြသကဲ့သို့ ညီဝမ်းကွဲနယ်စားကြီးကလည်း မွန်ဂိုဘုရင်၏ အရိုက်အရာကို ဆက်ခံပိုသည်။

ဤသို့ဖြင့် အချင်းချင်း မသိမသာ စိတ်ဝမ်းကွဲလာကြ၏။

တရုတ်ပြည်ကြီး၌ မျိုးချစ်အင်အားစုများကလည်း တဖြည်းဖြည်း အုံကြွလာကြသောအခါ အခြေအနေက ပိုပြီး ရှုပ်ထွေးလာလေတော့သည်။

ထိုကဲ့သို့ ရှုပ်ထွေးနေသော အခြေအနေအရပ်ရပ်ကြောင့် မင်းသားလေး အပါအဝင် တရုတ်ပြည်မ၌ ရောက်ရှိကာ တာဝန်ထမ်းဆောင်နေသော မွန်ဂိုမင်းညီမင်းသားများအားလုံး သတိဝီရိယဖြင့် နေထိုင်ကြရပြီ ဖြစ်လေသည်။

မင်းသားလေးက သူ၏သဘောထားကို ရှင်းပြလိုက်လျှင် လွှကျင်းတို့ ဘာမှ မပြောဘဲ နေလိုက်ကြလေတော့သည်။

❋

နောက်တစ်နေ့၊ စုမာကျင်းက တစ်ယောက်တည်းထိုင်ကာ ငေးငိုင်နေမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အား အရှေ့ကျွန်းသားနှစ်ယောက်က သူတို့ဆရာနှင့် ပတ်သက်ပြီး လာရောက်ရန်ရှာမည်ကို တစ်ထစ်ချ ယုံကြည်နေမိလေသည်။

သူက အသက်ကြီးပြီဖြစ်၍ သေရမှာကို မကြောက်တော့ပါချေ။

သို့သော် တစ်ယောက်တည်း ကျန်ရစ်ခဲ့မည့် ရွှေ့ချင်းအတွက် စိုးရိမ်မိလေသည်။

စုမာကျင်းက ...

"ကျင်းပေါင်ကိုပဲ အားထားရတော့မှာပဲ"

ထိုစဉ် ရွှေ့ချင်းရောက်လာပြီး ထမင်းဟင်းများကို စားပွဲပေါ် ချပေးလေသည်။ စုမာကျင်းက ...

"သမီး တစ်ခါတည်း စားလေ"

ရွှေ့ချင်း ခေါင်းခါယမ်းလိုက်သည်။

"သမီး မစားသေးပါဘူး"

"ဒါဖြင့် ခဏထိုင်ပါဦးလား"

ရွှေ့ချင်းက ဖခင်ကြီးနှင့် မျက်နှာချင်းဆိုင် ဝင်ရောက်ထိုင်ချလိုက်လေသည်။ စုမာကျင်းက ...

"သမီးကို အရေးကြီးတဲ့ကိစ္စတစ်ခု ပြောစရာရှိတယ်"

"ဟုတ်ကဲ့ ပြောပါ ဖေဖေ"



"သမီးဟာ ကလေးမဟုတ်တော့ဘူး အရွယ်ရောက်တဲ့ မိန်းကလေးတစ်ယောက်ဖြစ်နေပြီ၊ ဒါကြောင့် အိမ်ထောင်ပြုဖို့ စိတ်မကူးသေးဘူးလား"

စုမာကျင်းက ပွင့်ပွင့်လင်းလင်းပင် မေးလိုက်လေသည်။ ရွှေ့ချင်း ခေါင်းငုံ့ထားလိုက်သည်။ စုမာကျင်းက ...

"ဖေဖေဟာ အသက်ကြီးလာပါပြီ၊ ဒါကြောင့် ဖေဖေမရှိတဲ့နောက် သမီးတစ်ယောက်တည်း လောကကြီးထဲမှာ မျက်နှာငယ်ရမှာ စိုးရိမ်လို့ပါ"

ရွှေ့ချင်း လှိုက်လှိုက်လှဲလှဲ ခံစားလိုက်ရသည်။ အလွန် ပြတ်သားသော သူမ၏ဖခင်သည် အဘယ်ကြောင့် ပျော့ညံ့သော စကားများ ပြောနေရပါသနည်းဟု တွေးကာ ဝမ်းနည်းလာလေသည်။

ထိုစဉ် အပြင်ဘက်မှ မြေကြီးပေါက်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

စုမာကျင်းက ထိုင်ရာမှ ထရပ်ကာ နားစွင့်လိုက်၏။ ရွှေ့ချင်းကိုလည်း လှမ်းမေးလိုက်သည်။

"သမီး နားထောင်စမ်း ... ဘာသံတွေလဲ"

ရွှေ့ချင်းက သေသေချာချာ နားစွင့်လိုက်လေသည်။ ပြီးလျှင် ...

"မြေကြီးပေါက်တဲ့အသံပါ ဖေဖေ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေသည်။ စုမာကျင်းက ...

"ဘယ်သူတွေက မြေကြီးလာပေါက်နေတာလဲ"

ပြတင်းပေါက်မှတစ်ဆင့် ကြည့်လိုက်ရာ လူနှစ်ယောက်က အိမ်ကလေးနှင့် မလှမ်းမကမ်း၌ မြေတွင်းတစ်တွင်းတူးနေကြသည်ကို တွေ့လိုက်ရလေတော့သည်။

❁

လူနှစ်ယောက် မြေတွင်းတစ်တွင်း တူးနေ၏။

ထိုလူနှစ်ယောက်ကား အရှေ့ကျွန်းသား လွှကျင်းနှင့် လွှမင်းတို့ ဖြစ်နေပါတော့သည်။ စုမာကျင်း အံ့သြသွား၏။

"သူတို့ ဘာလုပ်နေကြတာလဲ"

တွေးရင်း မနေနိုင်တော့ဘဲ လှမ်းမေးလိုက်လေသည်။

"ဟော့ ... မင်းတို့ ကျင်းတူးပြီး ဘာလုပ်ကြမလို့လဲ"

လွှမင်းက ...

"ကျုပ်တို့က နေမဝင်ခင် အဘိုးကြီးတစ်ယောက်ရဲ့ အလောင်းကို မြေမြှုပ်မလို့ပါ"

"ဟား ဟား ဟား"



စုမာကျင်း ရယ်မောလိုက်လေသည်။

တစ်ဖန်က ...

"မင်းကို ငါက ကြောက်နေမယ်များ မှတ်နေမလား"

လွှကျင်းက စုမာကျင်းကို တစ်ချက်စိုက်ကြည့်လိုက်လေသည်။ သူက လွှမင်းဘက်သို့လှည့်ကာ မေးလိုက်သည်။

"ညီလေး ... ငါတို့ တူးထားတဲ့ တွင်းက သူနဲ့ဆံ့ပါ့မလား"

လွှမင်း ခေါင်းညိတ်လိုက်သည်။

"ရပါတယ်ဗျာ"

စုမာကျင်း ရယ်မောလိုက်ပြန်လေသည်။

"အေးပေါ့ကွာ၊ သည်တွင်းက ငါ့ကိုမမြှုပ်ရဘဲ မင်းတို့ကို မြှုပ်လိုက်ရင် သိပ်ရယ်စရာကောင်းမှာပဲ"

ထို့နောက် အပြင်ဘက်သို့ လှမ်းထွက်လိုက်လေတော့သည်။

❁

စုမာကျင်းက အပြင်ဘက် လှမ်းထွက်လိုက်ပြီဖြစ်သည်။

လွှကျင်းနှင့်လွှမင်းတို့က ခားကဲ့ယဲစ်နဲ့ ဂုတ်လိုက်ကြလေသည်။

[illegible]

www.burmeseclassic.com

www.burmeseclassic.com



ဝင်းလက်သော ဓားရောင်များ ထွက်ပေါ်လာကာ ဝန်းကျင်တစ်ခုလုံး လွှမ်းခြုံထားလိုက်လေသည်။ စုမာကျင်းက ဆေးတံရှည်ကိုသာ ကိုင်ဆောင်ထား၏။

ချွေ့ချင်းက ပြတင်းပေါက်အနီးသို့ ရောက်လာပြီး အပြင်ဘက်သို့ ကြည့်နေ၏။

သူမသည် ကျင်းပေါင်ထံသို့ ပြေးသွားပြီး အကြောင်းကြားလိုစိတ်များ ဖြစ်ပေါ်နေ၏။

သို့သော် ရန်သူနှစ်ယောက်အလယ်တွင် ဖခင်တစ်ယောက်တည်း ထားခဲ့ရမည်ကို စိတ်မချနိုင်အောင်ဖြစ်နေ၏။ သူမ တွေးတော‌နေစဉ်မှာပင် ...

"ယား"

လွှမင်းက ကြွေးကြော်သံပေးကာ စတင်တိုက်ခိုက်လိုက်လေသည်။

စုမာကျင်းက လွှမင်း၏ဓားချက်များကို ဆေးတံဖြင့်ယမ်းခုခံလိုက်သည်။

"ကျုပ်လည်း ရှိသေးတယ်ဗျ"

လွှကျင်းကလည်း အသံပြုပြီး တိုက်ပွဲထဲ ခုန်ဝင်လာလေသည်။ ညီအစ်ကိုနှစ်ယောက် ဝဲယာတစ်ဖက်တစ်ချက်မှ ညှပ်ကာတိုက်ခိုက်လိုက်ကြခြင်း ဖြစ်လေသည်။



စုမာကျင်းကလည်း မကြောက်မရွံ့ ပြန်လည်တိုက်ခိုက်လိုက်လေတော့သည်။

✹

စုမာကျင်းမှာ အသက်ကြီးရင့်နေပြီ ဖြစ်သော်လည်း တိုက်ခိုက်ရာ၌ လူငယ်လေးတစ်ယောက်ကဲ့သို့ ပေါ့ပါးသွက်လက်နေဆဲဖြစ်လေသည်။

ထို့ကြောင့် နှစ်ယောက်တစ်ယောက် ဖြစ်နေသော်လည်း လွှကျင်းတို့ ညီအစ်ကိုနှစ်ယောက်အား ကောင်းစွာ ယှဉ်ပြိုင်နိုင်ခဲ့လေသည်။

သို့သော် သူက တိုက်ပွဲများနှင့် ဝေးကွာခဲ့သည်မှာ နှစ်အတန်ကြာခဲ့ပြီ ဖြစ်လေသည်။

လွှမင်းနှင့်လွှကျင်းတို့က စုမာကျင်းကို ဆုံးမနိုင်ရန် နေ့စဉ်မပြတ် အချင်းချင်း တိုက်ခိုက်သတ်ပုတ် လေ့ကျင့်နေခဲ့ကြသည် မဟုတ်ပါလား။

အချိန်ကြာလာသည်နှင့်အမျှ သက်လုံက စကားပြောလာလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်ရင်း သိုင်းကွက်တစ်ရာကျော် ရောက်ရှိလာသော အခါ စုမာကျင်း လက်ရည်ကျလာလေသည်။

လွှကျင်းတို့က စုမာကျင်း၏ အခြေအနေကို ရိပ်မိကာ ဝိုင်း၍တိုက်ခိုက်လိုက်ကြရာ ...

'ဝုန်း'

လွှကျင်းတစ်ယောက် ကန်ချက်ထိသွားပြီး စုမာကျင်း လွင့် စင်ကာ မြေပေါ် လဲကျသွားလေတော့သည်။

"သေပေတော့"

လွှမင်းက ပြေးလိုက်သွားပြီး ဓားဖြင့်မိုးကာ ခုတ်ချလိုက် လေသည်။

'ခြွမ်း'

စုမာကျင်းက ဆေးတံဖြင့် ကပျာကယာ ခုခံပေးလိုက်ရ လေသည်။

ဓားနှင့်ဆေးတံ ပြင်းထန်စွာ ထိတွေ့မိကာ မီးပွင့်ကလေး များပင် ထွက်ပေါ်လာလေတော့သည်။

လွှကျင်းလည်း ပြေးလွှားရောက်ရှိလာပြီး ဓားဖြင့်ယမ်း ကာ တိုက်ခိုက်လိုက်လေသည်။

'ချွင်'

စုမာကျင်းက ဆေးတံဖြင့် ကပျာကယာ ခုခံပေးလိုက်ပြန်



သော်လည်း ပြင်းထန်သော ဓားခုတ်ချက်ကြောင့် ဆေးတံကို မြဲမြံစွာ မကိုင်နိုင်တော့ဘဲ လက်ထဲမှ လွင့်စဉ်သွားလေတော့သည်။

စုမာကျင်း ထိတ်လန့်သွား၏။ လွှကျင်းတို့၏ လက်ချက် ဖြင့် သေဆုံးရတော့မည်ဟု တွေးကာ ...

"သွားစမ်း"

အနီး၌ ရောက်ရှိနေသည့် လွှမင်းအား ခြေထောက်ဖြင့် ကန်ကျောက်လိုက်လေသည်။

'ဝုန်း'

ရုတ်တရက်မို့ လွှမင်းလည်း မရှောင်နိုင်ဘဲ ဒယီးဒယိုင် ဖြင့် နောက်ဆုတ်ပေးလိုက်ရလေတော့သည်။

"ယား"

စုမာကျင်းက ခုန်ထလိုက်၏။ ဒေါသဖြစ်နေသော လွှမင်း

"ခင်ဗျားကို ချမ်းသာမပေးဘူး"

ရှေ့တိုးကာ စုမာကျင်းကို ခုန်အုပ်လိုက်လေသည်။ စုမာ ကျင်း မရှောင်နိုင်သဖြင့် နှစ်ယောက်သား လုံးထွေးကာ မြေပေါ် လဲကျသွား၏။

မြေပေါ်ရောက်လျှင် ဆက်လက် လုံးထွေးသတ်ပုတ်နေကြ လေတော့သည်။

စုမာကျင်းအတွက် တစ်စထက်တစ်စ အန္တရာယ်များသည်

www.burmeseclassic.com

www.burmeseclassic.com



အခြေအနေ ရောက်ရှိလာလေတော့သည်။

✺

'ဝုန်း'

လွှမင်း၏လက်သီးတစ်လုံးက စုမာကျင်း၏ရင်ဝကို ထိမှန်သွားလေသည်။

တစ်ပြိုင်တည်းမှာပင် ...

'ဝုန်း'

စုမာကျင်း၏လက်ဝါးတစ်ဖက်ကလည်း လွှမင်း၏ရင်ဝကို ထိမှန်သွားလေသည်။ နှစ်ယောက်စလုံး နောက်သို့ ပက်လက်လန်ကာ လဲကျသွားကြလေတော့သည်။

သို့သော် နှစ်ယောက်စလုံး လူးလိမ့်ကာ ထရပ်ပြီး ဆက်လက် တိုက်ခိုက်လိုက်ကြလေသည်။

ယခုတစ်ကြိမ် ...

"ဟိတ်"

"ယား"

စုမာကျင်းက လက်ဦးမှုယူကာ တိုက်ခိုက်နိုင်ခဲ့လေသည်။



သူ၏လက်ဝါးတစ်ဖက်သို့ လွှမင်း၏ရင်ဝကို ထပ်မံရိုက်ချနိုင်ခဲ့လေသည်။

"အား"

လွှမင်း လွှတ်ခနဲ အော်ကာ ပက်လက်လန် လဲကျသွားတော့သည်။

"ဟား ဟား ဟား"

စုမာကျင်း ဟားတိုက်ရယ်မောလိုက်လေသည်။ ထိုအခိုက်မှာပင် ...

"သေပေတော့"

လွှကျင်းက ပြေးဝင်လာပြီး လေထဲခုန်တက်ကာ စုမာကျင်း၏ရင်ဝကို ခြေစုံကန်ကျောက်လိုက်လေသည်။ စုမာကျင်း မည်သို့မျှ မရှောင်နိုင်တော့ပါချေ။

'ဝုန်း'

"အား"

စုမာကျင်း စူးရှစွာအော်ဟစ်ကာ မြေပေါ်သို့ လဲကျသွားလေတော့သည်။

ပြတင်းပေါက်မှ ငေးကြည့်နေသော ချွေ့ချင်း အထိတ်တလန့် ဖြစ်သွားလေသည်။

သူမ ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက် ခုန်ထွက်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ဖခင်ကြီးထံ ပြေးသွားလေသည်။

"ဖေဖေ ဖေဖေ"

စုမာကျင်းအား ဖေးမပွေ့ထူရင်း ဝမ်းနည်းကြေကွဲစွာ ခေါ်လိုက်လေသည်။

စုမာကျင်း၏ နှုတ်ခမ်းထောင့်မှ သွေးများ စီးကျနေလေသည်။ လွေကျင်းကလည်း ဆက်လက်တိုက်ခိုက်ဖို့ စိတ်မကူးဘဲ လွေမင်း၏အလောင်းကို ပွေ့ချီကာ ထွက်ခွာသွားလေတော့သည်။

❋

ကျင်းပေါင်က လက်သီးကျစ်ကျစ်ပါအောင် ဆုပ်လိုက်လေ၏။ သူ၏မျက်နှာတွင် ဝမ်းနည်းကြေကွဲသည့် အသွင်သဏ္ဌာန် အထင်းသား ပေါ်လွင်နေ၏။

"သူတို့ဟာ သိုင်းသမားတွေဆိုပြီး သိုင်းပညာအရ အနိုင်အရှုံးယှဉ်ပြိုင်တာမျိုး မဟုတ်ဘဲ ဆရာ့ကို အသေသတ်ချင်နေကြတာ"

ဟုလည်း ခံပြင်းစွာ ရေရွတ်လိုက်လေသည်။ စုမာကျင်းက ခုတင်ပေါ်၌ လှဲလျောင်းနေ၏။



ပြင်းထန်သော ဝေဒနာကြောင့် အသက်ကို ခဲယဉ်းစွာ ရှူရှိုက်နေရလေသည်။

ချွေ့ချင်းက ငိုကြွေးနေ၏။ ဖခင်ကြီးကို မေးမရင်း ...

"ဖေဖေ သမီး သမားတော် သွားခေါ်လိုက်ဦးမယ်နော်"

ဟု ပြောလိုက်လေသည်။ စုမာကျင်းက ...

"သမားတော် ခေါ်နေမနေပါနဲ့တော့ သမီးရယ်၊ ဖေဖေ မနေရတော့ဘူးဆိုတာ သိပါတယ်၊ ကျင်းပေါင်ကော ရှိတယ် မဟုတ်လား"

"ကျွန်တော် ရှိပါတယ်"

ကျင်းပေါင်က အနီးသို့ ချဉ်းကပ်သွားလိုက်လေသည်။

"ကျင်းပေါင်၊ ငါရထားတဲ့ ဒဏ်ရာကို ဘယ်သမားတော်မှ ပျောက်ကင်းအောင် ကုပေးနိုင်မှာမဟုတ်ဘူး၊ ဒါကြောင့် ငါ မသေခင် မင်းကို အရေးကြီးတဲ့စကား ပြောချင်တယ်"

"ဟုတ်ကဲ့ ပြောပါခင်ဗျာ"

"ငါမရှိတော့ရင် ချွေ့ချင်း ဒုက္ခရောက်လိမ့်မယ်ဆိုတာ မင်းတွေးမိမှာပေါ့"

ကျင်းပေါင် ပင့်သက်ရှိုက်လိုက်လေသည်။ စုမာကျင်းက ...

"ငါက ချွေ့ချင်းကို မင်းလက်ထဲအပ်ခဲ့ချင်တယ်၊ မင်းက သူ့ကို အစွမ်းကုန် စောင့်ရှောက်လိမ့်မယ်လို့ ငါ ယုံကြည်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပေါင် ဦးညွှတ်လိုက်လေသည်။

"စိတ်ချပါ ဆရာ၊ ကျွန်တော် အသက်နဲ့လဲပြီး စောင့်ရှောက်သွားပါ့မယ်"

"သည်စကား ကြားရတာ ဝမ်းသာလိုက်တာကွာ"

စုမာကျောင်း၏မျက်နှာ ပြုံးရွှင်သွားလေတော့သည်။

✲

မင်းသားလေး တွေဝေနေ၏။ တည်ငြိမ်ခြင်းကင်းစွာဖြင့် အခန်းတွင်း၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေ၏။ သူ၏ စိတ်ထဲ၌ အရှေ့ကျွန်းသားနှစ်ယောက်အား လွှတ်ပေးလိုက်မိသည်မှာ မှားယွင်းနေပြီဟု နောင်တရနေမိလေသည်။

စုမာကျောင်း တစ်စုံတစ်ခု ဖြစ်သွားမည်ဆိုပါလျှင် သူသည် ရွှေချင်းနှင့် ပိုပြီး ဝေးသွားတော့မည်ဟု စဉ်းစားနေမိလေသည်။

အမိပွာယ်မဲ့ ခေါက်တုံ့ခေါက်ပြန် လျှောက်နေရာမှ ရုတ်တရက် ခြေလှမ်းရပ်လိုက်သည်။

ထို့နောက် သူ၏လက်စွဲတော်ကို လှမ်းခေါ်လိုက်၏။

"ရှန်းလင်း"



ခေါ်သံနှင့် မရှေးမနှောင်းမှာပင် ရှန်းလင်းက ရောက်ရှိလာလေသည်။

"အမိန့်ရှိပါ မင်းသားလေး"

မင်းသားလေးက ...

"ရှန်းလင်း ... မင်းက စုမာကျောင်းအိမ်ကို သွားပါ၊ အရှေ့ကျွန်းသားနှစ်ယောက်ကို အချိန်မီသွားပြီး တားဆီးလိုက်ပါ"

ရှန်းလင်း သက်ပြင်းချလိုက်သည်။

"အချိန်နောက်ကျသွားပါပြီ မင်းသားလေး"

"ဘာ"

မင်းသားလေး ပိုပြီး လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။ ရှန်းလင်းကို မျက်လုံးပြူးကာ ကြည့်လိုက်ပြီး ...

"ဘာဖြစ်လို့လဲ ပြောပါဦး"

ရှန်းလင်းက ...

"သူတို့တွေ့ဆုံ တိုက်ခိုက်ခဲ့ကြပြီးပါပြီ"

"ဟင်"

မင်းသားလေး ရှေ့တိုးပြီး မေးလိုက်သည်။

"သူတို့ တိုက်ခိုက်ပြီး ဘာတွေ ဖြစ်ခဲ့ကြသလဲ ပြောပါဦး"

ရှန်းလင်းမျက်နှာ မကောင်းချေ။

"တိုက်ပွဲအပြီးမှာ စုမာကျောင်းနဲ့လှေမင်းတို့ သေဆုံးသွားပြီ

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်”

“ဟာ”

မင်းသားလေးမှာ ကျောက်ရုပ်ပမာ မလှုပ်မယှက်ဖြစ်သွားလေတော့သည်။

✲

စုမာကျင်း၏ အလောင်းကို ကောင်းမွန်စွာ သဂြိုဟ်လိုက်ပြီဖြစ်လေသည်။ ယခု ချွေချင်းတစ်ယောက်တည်း ကျန်ရစ်ခဲ့ပြီ ဖြစ်သည်။

ချွေချင်းအား ကျင်းပေါင်က တာဝန်ယူရမည်ဖြစ်သည်။ သို့သော် ကျင်းပေါင်သည် အိမ်မရှိ ယာမရှိဖြစ်ကာ ချွန်ချန်း၏အိမ်၌ ကပ်နေရသူဖြစ်နေ၏။

ထို့ကြောင့် ... ကျင်းပေါင်သည် ချွေချင်းအား ချွန်ချန်းထံသို့ ခေါ်ဆောင်သွားရလေတော့သည်။ ချွန်ချန်းလည်း စိတ်မကောင်းဖြစ်နေ၏။

သူ့အိမ်တွင် ချွေချင်း မနေတတ်ဘဲ ဖြစ်နေမည်ကို စိုးရိမ်မိလေသည်။



ကျင်းပေါင်နှင့်တိုင်ပင်ပြီး သူ၏သဘောထားကို ဖွင့်ပြောလိုက်လေသည်။

“ညီမလေးတစ်ယောက်တည်းဆိုတော့ ဘယ်လောက် အားငယ်နေမယ်ဆိုတာ ကျုပ်သိပါတယ်၊ ကျုပ်တို့နှစ်ယောက် မိုးနတ်မင်းကြီးကို တိုင်ပင်ပြီး မောင်နှမအဖြစ် သစ္စာပြုလိုက်ကြရင် မကောင်းဘူးလား”

ချွေချင်း ဝမ်းသာသွားလေသည်။

“အို ဘယ်လိုပြောလိုက်တာလဲ၊ ကျွန်မ ဝမ်းသာလိုက်တာရှင်”

ချွန်ချန်းက ...

“ကဲ လာ ညီမလေး”

ချွေချင်းနှင့်ကျင်းပေါင်အား ဘုံကျောင်းလေးသို့ ခေါ်သွားပြီး မိုးနတ်မင်းကြီးရုပ်တုရှေ့၌ မောင်နှမအဖြစ် တိုင်တည်ကာ သစ္စာပြုလိုက်ကြလေသည်။

ချွေချင်းက ...

“အခု ကျွန်မတို့ မောင်နှမဖြစ်သွားကြပြီနော်”

“ဒါပေါ့၊ ကျုပ်က အစ်ကိုကြီးပေါ့”

အားလုံး ပျော်ပျော်ရွှင်ရွှင် ရယ်မောလိုက်ကြလေသည်။

ချွန်ချန်းက ...

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ကျုပ်တို့ မောင်နှမတွေ ဖြစ်သွားကြပြီ၊ မင်း ဝမ်းမသာဘူးလား"

ကျင်းပေါင်က ...

"ဘယ်လိုပြောလိုက်တာလဲ အစ်ကိုကြီးရာ၊ ဝမ်းသာတာပေါ့၊ ကျွန်တော်ကလည်း အရေးကြီးတဲ့စကား ပြောစရာရှိသေးတယ်"

ချွန်ချန်းက ...

"ညီလေး ဘာပြောချင်လို့လဲ"

ကျင်းပေါင်က ...

"ညီမလေးရွှေ့ချင်းအတွက် စိတ်ချရပြီဆိုတော့ ကျွန်တော် သွားတော့မလို့"

"ဟင် ... ညီလေးက ဘယ်ကိုသွားမှာလဲ"

"ရှောင်လင်ကျောင်းကို ပြန်သွားမလို့ပါ"

"ဟေ"

ချွန်ချန်းနှင့်ရွှေ့ချင်းတို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

ကျင်းပေါင်က တည်ကြည်သောမျက်နှာထားဖြင့် ပြောလိုက်လေသည်။

"ကျွန်တော် ရှောင်လင်ကျောင်းကို ပြန်သွားမယ်၊ သိုင်းပညာ သင်ယူမယ်၊ ဆရာ့ရဲ့ရန်သူကို ဆုံးမမယ်လို့ ဆုံးဖြတ်ထားပါတယ်"

"မင်း မင်း"

"ဆရာ့အတွက် ကျွန်တော် အစွမ်းကုန် ကြိုးစားဆောင်ရွက်သွားမှာပါ"

"အစ်ကို အစ်ကို တကယ်သွားမလို့လား"

"ကျုပ်ဆုံးဖြတ်ပြီးပါပြီ ညီမရယ်၊ ကျုပ်ကို မတားပါနဲ့တော့"

ရွှေ့ချန်း ဘာပြောရမှန်းမသိအောင် ဖြစ်သွားလေတော့သည်။ ကျင်းပေါင်က ...

"ကျုပ် အမြန်ဆုံး ပြန်လာနိုင်အောင် ကြိုးစားပါ့မယ်"

ဟု ပြောလိုက်လေသည်။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com



## တစ်ကျော့ပြန်

ရှောင်လင်ကျောင်း။ ကျင်းပေါင်က ရှောင်လင်ကျောင်းသို့ ပြန်လည်ရောက်ရှိလာသောအခါ အခြေအနေအရပ်ရပ်က ပြောင်းလဲ နေပြီ ဖြစ်လေသည်။

ရှောင်လင်ကျောင်းထိုင်က အသက်ကြီးကာ အိုမင်းမစွမ်းရှိ နေပြီဖြစ်ရကား ကျောင်းထိုင်ဘဝမှ အနားယူလိုက်ပြီး လက်ထောက် ဂိုဏ်းချုပ် ဝေ့ကျောင်းကို ရှောင်လင်ကျောင်းထိုင်ရာထူး လွှဲပြောင်း ပေးလိုက်ပြီ ဖြစ်လေသည်။

ကျင်းပေါင်အား ဂရုဏာထားခဲ့သော ဆရာသမား ဟုံးပေ့ ကလည်း ရှောင်လင်ကျောင်း၌ ရှိမနေတော့ပါ။

ရှောင်လင်ကျောင်းနှင့် တောင်တစ်လုံးခြားသည့် ထင်းရှူ တောင်၌ ရောက်ရှိနေပြီ ဖြစ်သည်။

ဟုံးပေ့အား အိုမင်းမစွမ်းဖြစ်နေသည့် ရှောင်လင်ကျောင်း ထိုင်အား ဝေ့ကျောင်းက တာဝန်ပေးကာ ရှောင်လင်ကျောင်းမှ ပညာသားပါပါ ဖယ်ရှားလိုက်ခြင်း ဖြစ်လေသည်။



ထင်းရှူတောင်တွင် ရှောင်လင်ကျောင်းမှ တည်ဆောက် ထားသော ကမ္မဋ္ဌာန်းကျောင်းဆောင်လေးများ ရှိလေသည်။

ကမ္မဋ္ဌာန်းကျောင်းဆောင်လေးတစ်ခု၌ အိုမင်းနေသော ကျောင်းထိုင်က နေထိုင်ပြီး ဟုံးပေ့က ဝေယျာဝစ္စအဝဝကို ပြုစုနေရ ခြင်း ဖြစ်သည်။

ထိုအခြေအနေက စိတ်မကောင်းစရာ ဖြစ်သော်လည်း ကျင်းပေါင်အတွက်တော့ ကံကောင်းသွားလေသည်။

ကျင်းပေါင်သည် မသင့်မြတ်သော ဝေ့ကျောင်းနှင့်ပတ် သက်ဆက်ဆံစရာ မလိုတော့ပါချေ။

ထင်းရှူတောင်သို့သွားကာ ဟုံးပေ့နှင့်တွေ့ဆုံလိုက်လေ တော့သည်။

✵

ကျင်းပေါင် မမျှော်လင့်ဘဲ ရောက်ရှိလာခြင်းကြောင့် ဟုံးပေ့ ဝမ်းသာမဆုံး ဖြစ်သွားလေသည်။

“မင်းက ရှောင်လင်ကျောင်းကို ပြန်လာတာကိုး၊ ပြောစမ်း ပါဦး ... အပြင်လောကမှာ ဘာတွေ တွေ့ကြုံခဲ့ရသလဲဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



သိချင်သေးတယ်”

ကျင်းပေါင်က သူကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို ရှင်းလင်းပြောပြလိုက်လေသည်။ ဟုံးဖေ့ သက်ပြင်းချလိုက်လေသည်။

“ဒါတွေကို မင်း သင်ခန်းစာယူရမယ်၊ အခု ငါကလည်း မင်းကို မျှော်နေတုန်း မင်း ပြန်ရောက်လာတာ ကံကောင်းတာပဲ”

“ဗျာ”

“ကျောင်းထိုင်က အိုမင်းပြီး အနားယူလိုက်ပေမယ့် မှတ်ဉာဏ်ကောင်းသေးတယ်ကွ၊ သူက ငါ့ကို သိုင်းပညာ သဘောတရား အနှစ်သာရတွေ ပြောပြတဲ့အပြင် ရှောင်လင်ကျောင်းရဲ့ အစွမ်းထက်တဲ့ သိုင်းကျမ်းတွေက အကောင်းဆုံးသိုင်းကွက်တွေကို ထုတ်နုတ်ရေးမှတ်ထားတဲ့ သိုင်းကျမ်းမှတ်စုတစ်ခု ပေးခဲ့တယ်၊ ဒါတွေ မင်းကို သင်ပေးမယ်”

ကျင်းပေါင် ဝမ်းသာသွားသော်လည်း ...

“သည်လောက်ထက်မြက်တဲ့ပညာရပ်တွေဟာ ကျွန်တော်နဲ့ မထိုက်တန်”

သူ၏စကားမဆုံးမီ ဟုံးဖေ့ လက်ကာပြလိုက်သည်။

“ရှောင်လင်ကျောင်းထိုင်ဟာ တစ်နေ့ သူ့ရဲ့နေရာ ဆက်ခံနိုင်မယ့်လူကို စိစစ်ခဲ့တယ်၊ သူက ငါ့ကိုသဘောကျပေမယ့် ရှောင်လင်



ကျောင်းပျက်စီးမယ့်အရေးကို ထောက်ထားပြီး ဝေ့ကျောင်းကို လွှဲပေးလိုက်တာပဲ”

ကျင်းပေါင်က ...

“ဒါဆို ဝေ့ကျောင်းက ရှောင်လင်ကျောင်းအပေါ် အကောက်ကြံခဲ့လို့လား”

“သေချာတာပေါ့ ... မွန်ဂိုတွေက ရှောင်လင်ကျောင်းရဲ့ သိုင်းပညာကြောင့် ကြောက်လန့်ပြီး ရှောင်လင်ကျောင်းကို ပျက်ဆီးပစ်ချင်ကြတာ၊ ဝေ့ကျောင်းက သူသာ ကျောင်းထိုင်ဖြစ်လာရင် ရှောင်လင်ကျောင်းဟာ မွန်ဂိုတွေကို ဘယ်တော့မှ ဒုက္ခမပေးဘူးလို့ ကတိပေး ခဲ့တယ်လေ၊ ဒါကြောင့် မွန်ဂိုတွေက ရှောင်လင်ကျောင်းကို မတိုက်ခိုက်တော့ဘူး”

ကျင်းပေါင် မကျေမနပ် ဖြစ်သွားလေသည်။

“တိုင်းတစ်ပါးသားတွေကို မောင်းထုတ်တဲ့နေရာမှာ ရှောင်လင်ကျောင်းကလည်း တစ်တပ်တစ်အား ပါဝင်သင့်တာပေါ့”

ဟုံးဖေ့ ခေါင်းညိတ်လိုက်သည်။

“ကျောင်းထိုင်ကလည်း သည်လိုသဘောထားခဲ့တာပါပဲ၊ တိုင်းတစ်ပါးသားတွေကို မောင်းထုတ်နိုင်အောင် မျိုးချစ်လူငယ်တွေကို ရှောင်လင်ကျောင်းက သိုင်းပညာသင်ပေးဖို့ စီစဉ်ထားတာ၊ ဝေ့ကျောင်းက သစ္စာဖောက်ဖြစ်နေတော့ အခက်ကြုံရတာပေါ့၊

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းထိုက်က အသက်ကြီးရင့်နေပြီး မသန်မစွမ်းတော့ဘူးဆိုတော့ ရှောင်လင်ကျောင်းရဲ့ သိုင်းပညာ အဆီအနှစ်တွေကို ဝေ့ကျောင်း မသိအောင် လျှို့ဝှက်ထားလိုက်တာ၊ တစ်နေ့ တိုင်းပြည့်ကောင်းကျိုးဆောင်ရွက်နိုင်အောင် ငါ့လက်ထဲ အပ်လိုက်တာပဲ"

ကျင်းပေါင်က ...

"ဝေ့ကျောင်းက ရှောင်လင်ကျောင်းကို စောင့်ရှောက်မယ်ဆိုပေမယ့် ရန်သူကို ဒူးထောက်လိုက်တဲ့အတွက် ရှောင်လင်ကျောင်းဂုဏ်သိက္ခာ ကျဆင်းရတာ ဝမ်းနည်းစရာကောင်းလှပါတယ်၊ စစ်မှန်တဲ့ ရှောင်လင်ပညာရပ်တွေကို ဖော်ထုတ်အသုံးမချနိုင်ဘူး၊ မျိုးဆက်သစ်တွေကို လက်ဆင့်မကမ်းနိုင်ဘူးဆိုရင် ရှောင်လင်ကျောင်းရဲ့ ရှေ့ရေးက အင်မတန် ရင်လေးစရာကောင်းနေပါပြီ"

ဟုံးပေ့က ...

"အေး ... ဒါကြောင့် ရှောင်လင်ကျောင်းရဲ့ ဂုဏ်သိက္ခာကို ထိန်းသိမ်းနိုင်အောင် ရှောင်လင်ပညာရပ်တွေ လက်ဆင့်ကမ်းပေးနိုင်အောင် ငါက မင်းပြန်လာမယ့်အချိန်ကို စောင့်မျှော်နေခဲ့တာ"

ကျင်းပေါင်က ကတိပြုလိုက်လေသည်။

"ရှောင်လင်ကျောင်းရဲ့ ဂုဏ်သိက္ခာကို ကျွန်တော် အသက်စွန့် ထိန်းသိမ်းစောင့်ရှောက်သွားမယ်လို့ ကတိပေးပါတယ်ခင်ဗျာ"

ဟုံးပေ့ ပြုံးလိုက်သည်။



"ငါလည်း မင်းကို ယုံကြည်မျှော်လင့်ထားပါတယ်လေ၊ က ... ငါသင်ပေးတဲ့ သိုင်းပညာတွေကို အစွမ်းကုန် ကြိုးစားသင်ယူပေတော့"

"ဆရာ့ကျေးဇူး ကြီးမားလှပါတယ် ခင်ဗျာ"

ကျင်းပေါင်က မြေပေါ်ဒူးထောက် ဂါရဝပြုလိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အပြောင်းအလဲ

ကျင်းပေါင်ဟာ ရှောင်လင်ကျောင်းသို့ ပြန်သွားပြီးနောက် အပြောင်းအလဲများနှင့် ကြုံတွေ့ခဲ့ရလေသည်။

ထို့အတူ မင်းသား လေးနှင့် ရွှေ့ချင်းတို့၏ဘဝသည်လည်း အပြောင်းအလဲများစွာနှင့် ကြုံတွေ့ခဲ့ကြရလေသည်။

ရွှေ့ချင်းသည် ဖခင်ကြီးသေဆုံးသွားပြီးနောက် ကျင်းပေါင်ကလည်းထွက်သွားသဖြင့် ချွန်ချွန်းနှင့် နေထိုင်ခဲ့ရလေသည်။

ချွန်ချွန်းက ကြက်ဥပူတင်းလုပ်ငန်းကို ဆက်လက် လုပ်ကိုင်ခြင်း မပြုတော့ပါ။

အလွန်စေးနဲ့သော စုမာကျင်းမရှိတော့သည့်နောက်ပိုင်း စုမာကျင်း စုဆောင်းခဲ့သည့် ပစ္စည်းများက တစ်သက်စားမကုန်အောင် ရှိနေသည် မဟုတ်ပါလား။

ရွှေ့ချင်းသည် ချွန်ချွန်းနှင့်အတူနေထိုင်ကာ ကျင်းပေါင် ပြန်ရောက်လာမည့်နေ့ရက်ကို စောင့်မျှော်နေခဲ့လေသည်။

သို့သော် ကျင်းပေါင် ထွက်သွားပြီး တစ်လခန့်အကြာတွင်



သူမထံသို့ ရောက်လာသူမှာ မင်းသားလေးဖြစ်နေပါတော့သည်။

ထိုနေ့က ရွှေ့ချင်းက ထမင်းဟင်းချက်ပြုတ်နေပြီး ချွန်ချွန်းက အိမ်ရှင်းနေသည်။

ထိုအချိန်တွင် ...

'ဒေါက် ဒေါက်'

တံခါးခေါက်သံ ထွက်ပေါ်လာသည်ကို ရွှေ့ချင်းတို့ နှစ်ယောက်စလုံး ကြားလိုက်ကြလေသည်။

"အစ်ကို ပြန်လာပြီ"

ရွှေ့ချင်းက ချက်ချင်းပြေးပြီး တံခါးဖွင့်လိုက်ရာ ချွန်ချွန်းဟန့်တားဖို့အချိန်မမီလိုက်တော့ချေ။

တံခါးပွင့်သွားလျှင် ရောက်လာသူမှာ ကျင်းပေါင်မဟုတ်ဘဲ မင်းသားလေး ဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။

ရွှေ့ချင်းသည် မင်းသားလေးကို မြင်လျှင် ဒေါသထွက်သွားလေသည်။

"မင်းသားလေးက ကျွန်မကို ဒုက္ခပေးချင်သေးလို့လားရှင်"

မင်းသားလေး မျက်နှာမကောင်း ဖြစ်နေသည်။

"ကျုပ်က လာနှုတ်ဆက်တာပါ"

ရွှေ့ချင်းက စိုက်ကြည့်နေလိုက်သည်။

မင်းသားလေးက ...

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ့ကိစ္စနဲ့ ပတ်သက်ပြီး ကျုပ်မှားခဲ့မိတာကို နောင်တရမိပါတယ်၊ နောက်နောင် သည်လိုအဖြစ်မျိုးတွေ ဘယ်တော့မှ မဖြစ်စေရဘူးလို့ ကျုပ် အာမခံပါတယ်"

ချွေ့ချင်း ရယ်မောလိုက်လေသည်။

"ရှင်ပြောစရာကုန်ရင် ကျွန်မရှေ့က အမြန်ဆုံး ထွက်သွားတာ အကောင်းဆုံးပါရှင်"

မင်းသားလေးက ...

"စိတ်ချ ... ကျုပ်သွားမှာပါ၊ ကျုပ်က မွန်ဂိုကုန်းမြင့်ကို ပြန်သွားတော့မှာပါ"

"ဘာရှင့်"

"ကျုပ်အဖေ အတော့်ကို မကျန်းမမာ ဖြစ်နေပါတယ်၊ ဒါကြောင့် အချိန်မီ ပြန်ရမှာပါ၊ ကျုပ်ပြန်သွားပြီးရင် သည်နေရာကို ပြန်ရောက်လာမယ် မလာနိုင်တော့ဘူးဆိုတာ မပြောနိုင်ပါဘူး၊ ဒါကြောင့် ညီမကို လာနှုတ်ဆက်တာပါ"

မင်းသားလေး၏စကားကြောင့် ချွေ့ချင်း ငိုင်သွားလေသည်။

မင်းသားလေးက ဆက်ပြောလိုက်သည်။

"ကျုပ်က ညီမကို ဘယ်တော့မှ စိတ်ဆင်းရဲအောင် မလုပ်တော့ပါဘူးလို့ ကတိပေးပါတယ်၊ အထူးသဖြင့် ... တရုတ်ပြည်



ကြီးကနေ ကျုပ်တို့လူတွေအားလုံး ပြန်ပြီး ဆုတ်ခွာသွားရလေအောင် ကျုပ်က ကြိုးစားသွားမယ်ဆိုတာ ညီမကို သိအောင်ပြောပြချင်လို့ ကျုပ် လာခဲ့တာပါ"

မင်းသားလေးကား အပြောင်းလဲကြီး ပြောင်းလဲသွားပြီ ဖြစ်လေသည်။

ချွေ့ချင်းက မယုံနိုင်စွာ ငေးကြည့်နေ၏။

မင်းသားလေးက ...

"ကဲ ... ကျုပ်ကို ခွင့်ပြုပါဦး"

ဟု နှုတ်ဆက်ပြီး ချာခနဲ လှည့်ကာထွက်သွားတော့သည်။ ချွေ့ချင်း တားဆီးခြင်းမပြုပါချေ။

မင်းသားလေးက ခြေသုံးလေးလှမ်း လှမ်းသွားပြီးမှ ခြေလှမ်းရပ်ကာ ချွေ့ချင်းကို လှည့်ကြည့်လိုက်၏။

"ကျုပ်က မွန်ဂိုကို ပြန်သွားချိန်မှာ ပြည်မကြီးကို တာဝန်ယူဖို့ 'ယုချန်းကျိုး' ဆိုတဲ့ အမတ်တစ်ယောက် ရောက်လာပါလိမ့်မယ်၊ သူဟာ စစ်မက်လိုလားပြီး ရက်စက်ကြမ်းကြုတ်တဲ့လူတစ်ယောက်ပါ၊ ကျုပ်တပည့် ရှန်းလင်းက သည်မြို့မှာ ကျန်ရစ်ခဲ့ပါလိမ့်မယ်။ ညီမ အခက်အခဲရှိရင် သူ့ဆီမှာ အကူအညီတောင်းနိုင်ပါတယ်၊ သူ အစွမ်းကုန် ကူညီပါလိမ့်မယ်၊ ကဲ ကျုပ်ကို ခွင့်ပြုပါဦး"

ယခုတစ်ကြိမ် နှုတ်ဆက်ပြီးသည်နှင့် မင်းသားလေး

www.burmeseclassic.com

www.burmeseclassic.com



အမှန်တကယ် ထွက်သွားလေတော့သည်။

✹

နောက်တစ်နေ့ ချွန်ချွန်းက အပြင်ထွက်သွားပြီး ပြန်ရောက်လာသောအခါ သတင်းထူးများသယ်ဆောင်လာလေသည်။

ချွေ့ချင်းကို တွေ့သည်နှင့် ...

"ညီမလေး ... မင်းသားလေး ထွက်သွားပြီ၊ မွန်ဂိုဘုရင်က အတော့်ကို မမာမကျန်း ဖြစ်နေတယ်၊ သူ့ရဲ့အရိုက်အရာကို ဆက်ခံမယ့်လူတစ်ယောက်ကို သားတော်တွေထဲက ရွေးချယ်လိမ့်မယ်"

"မွန်ဂိုမင်းသားတွေနဲ့ပတ်သက်ပြီး သဘောထားကွဲနေကြတယ်၊ တချို့က ခုလို ကျူးကျော်မှုတွေလုပ်နေတာ မကြိုက်ဘူး၊ တချို့ကတော့ အတော့်ကို ရက်စက်ကြမ်းကြုတ်ကြတယ်၊ သူတို့အချင်းချင်း တိုက်ပွဲတွေတောင် ဖြစ်လာနိုင်တယ်"

"မွန်ဂိုတွေ အခက်ကြုံနေချိန်မှာ မျိုးချစ်အင်အားစုတွေက လှုပ်ရှားလာကြတယ်၊ သိုင်းလောကသားတွေကလည်း မဟာမိတ်အဖွဲ့ကြီးဖွဲ့စည်းပြီး တိုင်းတစ်ပါးသားတွေကို တိုက်ခိုက်နေကြပြီ"

ချွေ့ချင်းက ချွန်ချွန်းပြောသည့်စကားများကို စိတ်ဝင်စား



ခြင်း လုံးဝမရှိပါချေ။

သူမသည် ကျင်းပေါင်ကိုသာ တစ်ချိန်လုံး မျှော်လင့်နေမိသည် မဟုတ်ပါလား။

မွန်ဂိုများ၏ ထီးနန်းကိစ္စက ရှုပ်ထွေးနေပြီး တရုတ်ပြည်မကြီး၌ ရောက်ရှိနေသော အရေးပါသည့် မွန်ဂိုဆွေတော်မျိုးတော်များသည် မွန်ဂိုကုန်းမြင့်သို့ ပြန်ကုန်ကြပြီဖြစ်သည်။

မင်းသားလေးပြောသကဲ့သို့ စစ်ပွဲကို လိုလားသည့် မွန်ဂိုစစ်သူကြီး ယုချန်းကျီးက မွန်ဂိုတို့ သိမ်းပိုက်ထားခဲ့သော တရုတ်ပြည်မကြီး၏နယ်မြေများကို အုပ်ချုပ်ရန် ရောက်လာနေပြီဖြစ်သည်။

မျိုးချစ်အင်အားစုများ၊ သိုင်းလောကသားများနှင့် တရုတ်ဘုရင်မင်းမြတ်၏ တပ်ဖွဲ့များကလည်း စုပေါင်းလက်တွဲကာ ကျူးကျော်သူများကို တိုက်ခိုက်နေကြပြီ ဖြစ်သည်။

အခြေအနေအရပ်ရပ်က ရှုပ်ထွေးပွေလီနေသည်ဖြစ်ရာ ချွေ့ချင်းက ကျင်းပေါင်ကိုသာ မျှော်လင့်နေခဲ့တော့သည်။

ချွန်ချွန်းက ...

"ညီမ ... ကျုပ်က ညီမလေးအတွက် အဖော်တစ်ယောက် တွေ့ထားတယ်၊ သူ့ကို အိမ်ကိုခေါ်လာမယ်ဆိုရင်ကော"

ဟု မေးလာလေသည်။ ယခုတစ်ကြိမ် ချွေ့ချင်း လှုပ်ရှားရှား ဖြစ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မအတွက် အဖော် ... ဟုတ်လား"

"ဟုတ်တယ် ညီမ"

"ဘယ်သူများလဲဟင်"

"သူရောက်လာရင် ညီမတွေ့ရမှာပေါ့"

ချွန်ချန်းက ပြုံးတုံ့တုံ့ဖြင့် ပြောလိုက်လေသည်။

✺

ချွန်ချန်းပြောသည့် အဖော်ဆိုသည်မှာ ရောက်မလာသေးပါချေ။

သို့သော် မင်းသားလေးပြောသွားသည့် အလွန်ရက်စက်ကြမ်းကြုတ်သော မွန်ဂိုစစ်သူကြီး ယုချန်းကျိုးကား ရောက်ရှိလာခဲ့လေသည်။

ယုချန်းကျိုးက မျိုးချစ်အင်အားစုများကို သဲကြီးမဲကြီး လိုက်လံ ဖမ်းဆီးကာ ချေမှုန်းသုတ်သင်ပစ်လေသည်။

ယုချန်းကျိုးရောက်လာပြီး မကြာမီ အချိန်အတွင်းမှာပင် နေရာအနှံ့အပြား၌ စစ်ပွဲ အသွင်ဆောင်ကာ တိုက်ပွဲများ ဖြစ်ပေါ်လာလေတော့သည်။



တရုတ်ဘုရင်မင်းမြတ်၏ နန်းတွင်းတပ်ဖွဲ့များ၊ သိုင်းလောကသားများနှင့် မျိုးချစ်အင်အားစုများလည်း ပေါင်းစည်းမိကာ အင်အားကြီးမားလာပြီး မွန်ဂိုများအား ချေမှုန်းကြလေသည်။

နယ်ချဲ့ဆန့်ကျင်နေရး၌ ပြည်သူတွေတစ်ရပ်လုံးကလည်း လက်တွဲပါဝင်လာကြသည်ဖြစ်ရာ နယ်ချဲ့မွန်ဂိုများ တစ်စထက်တစ်စ အရေးနိမ့်လာတော့သည်။

စစ်ပွဲများ ရှုံးနိမ့်လာလေလေ စစ်သူကြီး ယုချန်းကျိုးက မျိုးချစ်အင်အားစုများအပေါ် ပို၍ ဖိနှိပ်လာလေလေ ဖြစ်လေသည်။

တိုင်းပြည်ရေး ရှုပ်ထွေးနေသကဲ့သို့ ရှောင်လင်ကျောင်း၌လည်း အခြေအနေများ ရှုပ်ထွေးလာလေတော့သည်။

✺ ✺ ✺

www.burmeseclassic.com

www.burmeseclassic.com



## ဒုတိယအကြိမ်

ရှောင်လင်ကျောင်း။ ရှောင်လင်ကျောင်းသို့ ဧည့်သည်များ ရောက်ရှိလာကြလေသည်။ လာခြင်းကောင်းသော ဧည့်သည်များတော့ မဟုတ်ပါ။

တစ်ချိန်က ရှောင်လင်ကျောင်းသို့ လာရောက် စိန်ခေါ်ခဲ့ဖူးသည့် မွန်ဂိုသိုင်းသမား ခနီဒိုနှင့် သူ၏ကိုယ်ရံတော်နှစ်ဦး ဖြစ်လေသည်။

ခနီဒိုသည် ယခုအချိန်တွင် မွန်ဂိုစစ်သူကြီး ယုချန်းကျီး၏ လက်ရုံးတစ်ဆူ ဖြစ်နေ၏။

စစ်သူကြီးယုချန်းကျီးက တပ်ဖွဲ့များကို ဦးဆောင်တိုက်ခိုက်နေပြီး သိုင်းလောကသားများအား ချေမှုန်းရန် ခနီဒိုအား တာဝန်ပေးထားလေသည်။

ခနီဒိုက မျိုးချစ်အင်အားစုများကို ကူညီနေသည့် သိုင်းလောကသားများအား သိုင်းဂိုဏ်းများအား ပြတ်ပြတ်သားသား တိုက်ခိုက်ချေမှုန်းပစ်ခဲ့လေသည်။



ယခု ခနီဒိုသည် ရှောင်လင်ကျောင်းသို့ ရောက်ရှိလာခဲ့ပြီ ဖြစ်လေသည်။

✲

ခနီဒိုရောက်လာသည့်သတင်းကြားလျှင် လက်ရှိ ရှောင်လင်ကျောင်းထိုင် ဝေ့ကျောင်း ထိတ်လန့်သွားလေသည်။

ခနီဒို၏သတင်းကို နားမဆန့်အောင် ကြားထားပြီးပြီ မဟုတ်ပါလား။

ဝေ့ကျောင်းကိုယ်တိုင် ထွက်ကာ ခနီဒိုကို ကြိုဆိုလိုက်လေသည်။

ခနီဒိုက ...

"ကျုပ်တို့ ပြန်တွေ့ကြပြန်ပြီနော်၊ ခင်ဗျားက ကျောင်းထိုင် ဖြစ်နေတာကို ဂုဏ်ယူပါတယ်ဗျာ"

ဝေ့ကျောင်းက ...

"ဂိုဏ်းချုပ်က အသက်အရွယ်ထောက်လို့ အနားယူလိုက်ပါပြီ၊ ဒါကြောင့် ကျုပ်က ရှောင်လင်ကျောင်းကို ဆက်ပြီးတာဝန်ယူလိုက်ရတာပါ"

www.burmeseclassic.com

www.burmeseclassic.com



ခနိုဒို ရယ်မောလိုက်သည်။

"ခင်ဗျားရဲ့သိုင်းပညာအရည်အချင်းနဲ့ ရှောင်လင်ကျောင်းကို တာဝန်ယူထားတာ ချီးကျူးစရာပါပဲဗျာ"

ထိုစကားကြောင့် ဝေ့ကျောင်း အောင့်သက်သက် ဖြစ်သွားလေသည်။

သူက ခနိုဒိုကို မယှဉ်နိုင်ဘဲ ရှုံးနိမ့်ခဲ့သည် မဟုတ်ပါလား။

ခနိုဒိုက ...

"ခင်ဗျားက ရှောင်လင်ကျောင်းထိုင်အဖြစ် တာဝန်ယူတယ်ဆိုတော့ ရှောင်လင်ကျောင်းအတွက် ဘာမှ ပူပန်စရာ မရှိတော့ပါဘူး"

ရှောင်လင်ကျောင်းအား နှိမ်ချပြောဆိုနေခြင်းကြောင့် ရှောင်လင်ကျောင်းမှ အားလုံး ခံပြင်းဒေါသထွက်နေမိကြသော်လည်း ဝေ့ကျောင်းက ဘာမှ မပြောသဖြင့် အားလုံး စိတ်ပျက်သွားကြလေတော့သည်။

ခနိုဒိုက ...

"ကျုပ်ကို ယှဉ်နိုင်တဲ့တစ်နေ့ကျရင် ရှောင်လင်ကျောင်းက ဘာပဲလုပ်လုပ် ကျုပ် ဂရုမစိုက်တော့ဘူး၊ ခုချိန်မှာ ကျုပ်တို့မွန်ဂိုတွေကို သိုင်းလောကသားတွေက ဒုက္ခပေးနေကြတယ်၊ ခင်ဗျားတို့ရှောင်လင်ကျောင်းက မျိုးချစ်အင်အားစုတွေနဲ့ မပတ်သက်ဘူး၊



မကူညီဘူးလို့ ပေးထားတဲ့ကတိကို ဖောက်ဖျက်ပိုက်ရင်တော့ ကျုပ်ကိုယ်တိုင် ရှောင်လင်ကျောင်းကို ဖျက်ဆီးပစ်လိုက်မယ်ဆိုတာ မှတ်ထားပါ"

ဝေ့ကျောင်းက ...

"ရှောင်လင်ကျောင်းဟာ ခင်ဗျားတို့ကို ဘယ်တော့မှဆန့်ကျင်မှာ မဟုတ်ပါဘူး"

ဟု ကတိပေးပြောဆိုလိုက်လေသည်။ ဤတွင် ...

"ရှောင်လင်ကျောင်းက သည်လောက်တောင် အောက်ကျို့ပြီး ကျုပ်တို့ကို ခယယ ရှိနေမှတော့ ကျုပ်က ဘယ်လိုမှ သဘောမထားတော့ပါဘူးဗျာ"

ခနိုဒိုက အထင်သေးရှုတ်ချပြောဆိုလိုက်လေသည်။

တစ်ဖန် ...

"ကျုပ်က ရှောင်လင်ကျောင်းထိုင်နဲ့ ဟုံးမေ့ကို တွေ့ချင်လို့လာခဲ့တာ"

ဟု လာရင်းကိစ္စကို ပြောလေသည်။

ဝေ့ကျောင်းက ...

"ကျောင်းထိုင်က အနားယူသွားပါပြီ၊ ဟုံးမေ့ကလည်း အကျင့်ပျက်လို့ ရှောင်လင်ကျောင်းက မောင်းထုတ်လိုက်ပါပြီ"

ဟု ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြားလျှင် အားလုံး တအံ့တသြ ဖြစ်သွားကြလေတော့သည်။

ဇေ့ကျောင်းက လိမ်ပြောလိုက်သည် မဟုတ်ပါလား။

ခနိုဒိုက ...

"လတ်စသတ်တော့ ရှောင်လင်ကျောင်းမှာ အရည်အချင်းရှိတဲ့လူ တစ်ယောက်မှ မရှိတော့ပဲကိုး"

ဇေ့ကျောင်းမျက်နှာပျက်သွားလေသည်။

ခနိုဒိုက ရှောင်လင်ကျောင်းကို ဒုက္ခပေးလိုသဖြင့် တမင်အကြောင်းမရှိ အကြောင်းရှာကာ စော်ကားနေခြင်းဖြစ်ကြောင်း နားလည်မိသည်။

မည်သို့ဆိုစေ ရှောင်လင်ကျောင်းမှအားလုံးက စိတ်ထိန်းမရအောင် ဒေါသထွက်နေကြပြီဖြစ်လေသည်။

ခနိုဒိုအား ဆက်လက်သည်းခံနေလျှင် ရှောင်လင်ကျောင်းမှအားလုံးကို ထိန်းသိမ်း၍ ရနိုင်တော့မည် မဟုတ်ကြောင်း ဇေ့ကျောင်းနားလည်လိုက်၏။

သူကိုယ်တိုင်လည်း သည်းမခံနိုင်စိတ် ကုန်ဆုံးသွားပြီ မဟုတ်ပါလား။

ဇေ့ကျောင်းက တည်ကြည်လေးနက်သောမျက်နှာထားဖြင့် ပြောလိုက်လေသည်။



"ကျုပ်က မွန်ဂိုတွေနဲ့ ပြဿနာမဖြစ်အောင် ရှောင်ရှားခဲ့တာပါ၊ ရှောင်လင်ကျောင်းဟာ နှစ်ပေါင်းများစွာ ဂုဏ်သိက္ခာရှိရှိနေခဲ့တာပါ၊ ခုချိန်ကျမှ ... သိက္ခာမဲ့ရတော့မယ်ဆိုရင် ကျုပ်တို့အားလုံး အသက်ရှင်နေရတာထက် သေရတာက ပိုကောင်းပါသေးတယ်"

ဇေ့ကျောင်း သဘောထားပြောင်းသွားသည်ကို တွေ့ရလျှင် ရှောင်လင်ကျောင်းမှ လူများသည် ဝမ်းသာအားရဖြစ်ကာ ချက်ချင်းထောက်ခံလိုက်ကြလေတော့သည်။

ကျယ်လောင်သော အသံများက ရှောင်လင်ကျောင်းတော်အတွင်း၌ ဟိန်းထွက်လာလေတော့သည်။

ခနိုဒို ပြုံးလိုက်သည်။

"ဟင်း ဟင်း ... နောက်ဆုံးတော့ ရှောင်လင်ကျောင်းရဲ့ဇာတိရုပ် ပေါ်ပေါက်လာတာပဲ မဟုတ်လား၊ ကောင်းတယ် ... ကောင်းတယ်၊ ကျုပ်ကို အနိုင်ရအောင်ယှဉ်ပါ၊ ရှောင်လင်ကျောင်းကို ချမ်းသာပေးလိုက်မယ်၊ ကျုပ်ကို ရှုံးနိမ့်သွားရင်တော့ ရှောင်လင်ကျောင်း မလွယ်ဘူးမှတ်ပါ"

ဟု စိန်ခေါ်လိုက်လေသည်။

ဇေ့ကျောင်းက ...

"ကောင်းပြီ ... ကျုပ်ယှဉ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



စကားဆုံးလျှင် ခနိုဒိုနှင့်ယှဉ်ရန် ရှေ့သို့ လှမ်းထွက်လိုက်လေတော့သည်။

✹

ဝေ့ကျောင်းက ခနိုဒိုနှင့်ယှဉ်ပြိုင်ခဲ့လေသည်။ သူတတ်မြောက်ထားသော ရှောင်လင်ပညာရပ်များကို ထုတ်ဖော်ကာ တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

သို့သော် ခနိုဒိုက မွန်ဂိုသိုင်းကွက်များ အသုံးပြုကာ အနိုင်ယူလိုက်လေသည်။

သိုင်းကွက်သုံးဆယ်ကျော် ယှဉ်ပြိုင်ပြီးသည်နှင့် ဝေ့ကျောင်း ရှုံးနိမ့်သွားတော့သည်။

"ဟား ဟား ဟား"

ခနိုဒိုက ဟားတိုက်ရယ်မောလိုက်လေသည်။

"ရှောင်လင်ကျောင်းထိုင်တစ်ယောက်လုံးက ကျုပ်ကိုမယှဉ်နိုင်ဘူးဆိုတော့ ကျုပ်က ရှောင်လင်ကျောင်းကို မျက်စိထဲ မထားတော့ပါဘူး၊ ဘာမှ အရည်အချင်းမရှိတဲ့အတွက် လျစ်လျူရှုထားလိုက်ပါတော့မယ်ဗျာ"



ရှောင်လင်ကျောင်းအား အထင်သေးကာ ဖျက်ဆီးခြင်းမပြုသည်မှာ ကံကောင်းသည်ဟု ဆိုရမည်ဖြစ်လေသည်။

ရှောင်လင်ကျောင်းမှလူများသည် ဝေ့ကျောင်း ရှုံးနိမ့်သွားခြင်းကြောင့် ဝမ်းနည်းကြေကွဲမဆုံးအောင် ဖြစ်နေပြီး ခနိုဒိုအားတိုက်ခိုက်ဖို့ မေ့လျော့နေသည်ကလည်း ရှောင်လင်ကျောင်းအတွက် ကံကောင်းခြင်းဟု ဆိုနိုင်ပါတော့သည်။

ခနိုဒိုက ဝေ့ကျောင်းကို အနိုင်ယူပြီး အထင်သေးစွာဖြင့် ရှောင်လင်ကျောင်းမှ ထွက်ခွာသွားလေတော့သည်။

✹

"အဟွတ် အဟွတ်"

ဝေ့ကျောင်းက ချောင်းတဟွတ်ဟွတ် ဆိုးလိုက်လေသည်။

သူ၏နှုတ်ခမ်းထောင့်မှ သွေးများ စီးကျလာသည်။ ခနိုဒိုလက်ချက်မိကာ အတွင်းဒဏ်ရာ အပြင်းအထန် ရရှိသွားပြီ ဖြစ်လေသည်။

ဝေ့ကျောင်းက ဒဏ်ရာရလိုက်သည့်ထက် ရှောင်လင်ကျောင်း၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းနိုင်ခြင်းမရှိခဲ့၍ အလွန်ဝမ်းနည်း

www.burmeseclassic.com

www.burmeseclassic.com



ကြေကွဲနေသည်။ သူ့အား ဖေးမထားသူများကို အားယူပြီး ပြော
လိုက်၏။

"ခဝရာဟုံးမှေကို သွားခေါ်ပါ၊ အကျိုးအကြောင်းပြောပြပြီး ကျောင်းထိုင်ရာထူး လွှဲပြောင်းပေးလိုက်ပါ၊ ရှောင်လင်ကျောင်းရဲ့ ဂုဏ်သိက္ခာကို သူပဲ ထိန်းသိမ်းစောင့်ရှောက်နိုင်လိမ့်မယ်"

ထိုသို့ မှာကြားပြီးနောက် ခေါင်းငိုက်စိုက်ကျကာ သေဆုံးသွားလေတော့သည်။

❁ ❁ ❁



## သိုင်းသမား

ချွန်ချန်းက ဧည့်သည်တစ်ယောက် ရောက်လာမည်ဟု ပြောခဲ့သည်။

သူပြောသည့်အတိုင်း ဧည့်သည်တစ်ယောက် အမှန်တကယ် ရောက်ရှိလာလေသည်။

ထိုဧည့်သည်ကား ချွန်ချန်း မေတ္တာသက်ဝင်ခဲ့သည့် ကူးလျံဖြစ်လေသည်။

ပျောက်ဆုံးနေသော ကူးလျံကို ပြန်တွေ့ရသဖြင့် ချွန်ချန်း ဝမ်းသာမဆုံး ဖြစ်နေ၏။

သို့သော် ကူးလျံပြန်ရောက်လာသည့် ရည်ရွယ်ချက်ကို သိရသောအခါ တုန်လှုပ်ချောက်ချားသွားရလေတော့သည်။

ကူးလျံက ...

"ခုဆိုရင် နေရာအနှံ့အပြားမှာ မွန်ဂိုတွေကို တွန်းလှန်နေကြပြီ၊ အောင်ပွဲတွေရနေပြီ၊ မွန်ဂိုတွေက တဖြည်းဖြည်း ရှုံးနိမ့်ဆုတ်ခွာနေကြရပြီရှင့်"

www.burmeseclassic.com

www.burmeseclassic.com



ချွန်ချွန်း ပြုံးလိုက်သည်။

"ညီမရယ် ... ညီမက သည်အကြောင်းတွေပဲ တစ်ချိန်လုံး တွေးတောစဉ်းစားနေတာပဲလား ... ဟင်"

ကူးလျှံက ...

"ဒါဟာ အရေးအကြီးဆုံးကိစ္စတစ်ခုပဲ မဟုတ်လားရှင်"

ချွန်ချွန်း သက်ပြင်းချလိုက်သည်။

"ညီမ ... မွန်ဂိုစစ်သူကြီးယုချန်းကျီးဟာ အင်မတန် ကြောက်စရာကောင်းတယ်လို့ သတင်းကြီးနေတာ"

ကူးလျှံ ပြုံးလိုက်သည်။

"ယုချန်းကျီးလည်း ပြေးပေါက်ရှာနေပါပြီ၊ ကျွန်မတို့က ယုချန်းကျီးတို့တပ်ဖွဲ့တွေရဲ့ လှုပ်ရှားမှုတွေကို စုံစမ်းပြီး မျိုးချစ်တပ်ဖွဲ့ကို သတင်းပေးရတာလေ၊ သူတို့ရဲ့ လှုပ်ရှားမှုတွေကို ကြိုတင်သိနေရတော့ ချေမှုန်းဖို့ လွယ်သွားတာပေါ့"

ဤတွင် ကူးလျှံသည် မွန်ဂိုများအား ချေမှုန်းနိုင်ရန် သတင်း စုံစမ်းရသည့် အရေးကြီးသော တာဝန်ယူထားသူဖြစ်ကြောင်း ချွန်ချွန်း သိလိုက်ရလေသည်။ ကူးလျှံက ...

"ခုလည်း ယုချန်းကျီးရဲ့သတင်းကို ကျွန်မလာပြီး စုံစမ်းတာ၊ သူတို့ဟာ သည်မြို့က ဖြတ်ပြီး ဆုတ်ခွာသွားကြလိမ့်မယ်လို့ သတင်း ရထားတယ်"



ချွန်ချွန်းက ...

"ဒါကြောင့် မွန်ဂိုတပ်ဖွဲ့တွေ လှုပ်လှုပ်ရှားရှား ဖြစ်နေတာ ကိုး၊ မင်းသားလေး ထွက်သွားပြီးကတည်းက သူတို့ ငြိမ်နေတာ ကြာပြီ"

ကူးလျှံက ...

"သူတို့ဟာ ဆုတ်ခွာတော့မယ့် ယုချင်းကျီးရဲ့ တပ်ဖွဲ့တွေနဲ့ ပူးပေါင်းပြီး ဆက်လက်ဆုတ်ခွာသွားကြလိမ့်မယ်လေ၊ ကျွန်မ သည် ကိုလာတုန်းက အနောက်ဘက်ကို ထွက်သွားတဲ့ မွန်ဂိုတွေကို တွေ့ခဲ့ ရသေးတယ်၊ အစ်ကို့ကို ကျွန်မ ပြောစရာရှိသေးတယ်"

"ပြောပါညီမ ... ပြောပါ"

"သည်မြို့ကို ယုချန်းကျီးရဲ့လက်ရုံး ခနိုဒိုဆိုတဲ့လူ ရောက် လာတယ်၊ သူဟာ သိုင်းသမားတွေကို သုတ်သင်နေတဲ့လူပဲ၊ မကြာ သေးခင်ကတောင် ရှောင်လင်ကျောင်းကို ဒုက္ခပေးခဲ့တယ်လို့ သတင်း ကြားသေးတယ်၊ သူက ကျွန်မတို့ကိုလည်း ဒုက္ခပေးလိမ့်မယ်၊ အစ်ကို က မြို့ထဲမှာ ဈေးရောင်းရင်း ခနိုဒိုရဲ့သတင်းကို စုံစမ်းပေးပါလားရှင်"

ချွန်ချွန်း မျက်လုံးပြူးသွားလေသည်။ သို့သော် ကူးလျှံကို ကူညီရန် ဆုံးဖြတ်လိုက်သည်။

"စိတ်ချ ... ဘယ်လောက်အန္တရာယ်များတဲ့ကိစ္စ ဖြစ်ပါစေ၊ ညီမအတွက် ကျုပ် ဆောင်ရွက်ပေးပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ချွန်ချွန်းက ကြက်ဥပူတင်းများကို အမြန်ဆုံး ပြန်လုပ်ကာ ဈေးရောင်းထွက်သွားလေတော့သည်။

ချွန်ချွန်းက သတင်းစုံစမ်းရန် ထွက်သွားပြီဖြစ်သည်။ ချွန်ချွန်း မိတ်ဆက်ပေးထားသဖြင့် ကူးလျံနှင့်ရွှေ့ချင်းတို့ ရင်းရင်းနှီးနှီး ရှိနေကြပြီ ဖြစ်လေသည်။

ရွှေ့ချင်းက ...

"မွန်ဂိုတွေက ရှောင်လင်ကျောင်းကို ဖျက်ဆီးပစ်လိုက်ပြီ ဟုတ်လား"

ဟု မေးလိုက်၏။ ကျင်းပေါင်က ရှောင်လင်ကျောင်းသို့ ပြန်သွားသည် မဟုတ်ပါလား။

ကူးလျံက ...

"ခနိုဒိုက ရှောင်လင်ကျောင်းထိုင်ကို အနိုင်ယူလိုက်တယ်လို့ သတင်းကြားတယ်၊ အခြေအနေ ဘယ်လိုရှိတယ်ဆိုတာ တိတိကျကျ တော့ မသိရသေးပါဘူး"

"အစ်ကိုကျင်းပေါင်က"



ရွှေ့ချင်း စကားဆုံးအောင်မပြောလိုက်ရပါချေ။

'ဒေါက် ဒေါက်'

"ညီမ တံခါးဖွင့်ပါဦး"

ချွန်ချွန်း၏စကားသံ ထွက်ပေါ်လာလေသည်။ ကူးလျံက တံခါးသွားဖွင့်လိုက်သည်။

တံခါးပွင့်သွားလျှင် ချွန်ချွန်းက ပြန်ရောက်လာသော်လည်း သူနှင့်အတူ မွန်ဂိုများ ပါလာသည်ကို တွေ့ရလေသည်။

မွန်ဂိုများက လေးမြားများဖြင့် ချိန်ရွယ်ကာ တစ်အိမ်လုံးကို ဝိုင်းရံထားလိုက်ကြလေသည်။ ချွန်ချွန်းနှင့် ပခုံးချင်းယှဉ်ကာ ရပ်နေ သူက ...

"ကျုပ်က ခနိုဒိုပါ၊ သည်အိမ်မှာ သည်နယ်က မျိုးချစ်အင်အားစုခေါင်းဆောင် မိန်းကလေးတစ်ယောက် ရောက်နေတယ် သတင်းရလို့ လာခဲ့တာ"

သူ၏စကားမဆုံးမီ ကူးလျံက ဩသံပေးကာ တိုက်ခိုက်လိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကူးလျှံသည် သိုင်းပညာတတ်မြောက်သော မိန်းကလေးတစ်ယောက်ဖြစ်သော်လည်း ခနိုဒိုနှင့်ယှဉ်တိုက်သောအခါ သိုင်းကွက်ဆယ်ကွက်မပြည့်မီ ဖမ်းဆီးခြင်း ခံလိုက်ရလေတော့သည်။ ခနိုဒိုက ရွှန်ချန်းနှင့်ချွေ့ချင်းတို့ကို ညွှန်ပြပြီး ...

"သူတို့ကိုလည်း ဖမ်းခေါ်ခဲ့"

ဟု အမိန့်ပေးပြီး ထွက်သွားရန် ဟန်ပြင်လိုက်၏။ ထိုစဉ် သူသွားမည့်လမ်း၌ လူတစ်ယောက်က လမ်းပိတ်ဟန့်တားထားသည်ကို တွေ့လိုက်ရလေသည်။

ထိုလူမှာ ကျင်းပေါင်ဖြစ်လေသည်။

ကျင်းပေါင်က ရှောင်လင်ကျောင်းမှ ဦးပဉ္ဇင်းတစ်ပါး အဝတ်အစားများ ဝတ်ထားလေသည်။ ခနိုဒို မျက်မှောင်ကုတ်သွားလေသည်။

"ရှောင်လင်ကျောင်းကလား"

"ဟုတ်တယ်"

"ကျုပ်ကိုတွေ့ချင်တာလား"

"ဟုတ်တယ်"

"ဟား ဟား ဟား ... မင်းတို့ ရှောင်လင်ကျောင်းထိုင် ဒုက္ခရောက်သွားတာ မမှတ်သေးဘူးလား"

"သူက ရှောင်လင်ကျောင်းရဲ့ ပညာကို မရသေးပါဘူးဗျာ"



"မင်းကတော့ ရထားတယ်ပေါ့"

"ကျုပ်က ရှောင်လင်ကျောင်းထိုင်နဲ့ ဆရာဟုံးမေ့တို့က ရှောင်လင်ကျောင်းရဲ့ ဂုဏ်သိက္ခာကို ထိန်းသိမ်းဖို့ သူတို့ကိုယ်စား လွှတ်လိုက်တာပါ"

ခနိုဒို ခေါင်းညိတ်လိုက်လေသည်။

"ကောင်းတယ် ... မင်းက ကျုပ်ကို အနိုင်ယူနိုင်ရင် သူတို့ကို လွှတ်ပေးမယ်"

ရွှန်ချန်းတို့အား ညွှန်ပြကာ ပြောလိုက်လေသည်။ ကျင်းပေါင်က ...

"ခင်ဗျားကတိတည်ပါစေ"

ခနိုဒါက ...

"မင်း ရှုံးသွားရင်ကော"

ကျင်းပေါင် ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်တို့ရှောင်လင်ကျောင်းက ဘယ်တော့မှ မရှုံးပါဘူးဗျာ"

"ဟား ဟား ဟား"

ခနိုဒို လှောင်ပြောင်ရယ်မောလိုက်လေသည်။ ထိုစဉ် မွန်ဂိုတစ်ယောက် ပြေးလွှားရောက်ရှိလာပြီး ခနိုဒိုကို စာတစ်စောင်ပေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခနိုဒိုက စာဖတ်ပြီး ဒေါသထွက်သွား၏။

“စစ်သူကြီးက ကျုပ်တို့အားလုံးကို ခုချက်ချင်း မြို့ထဲက ထွက်ခွာဖို့ အမိန့်ထုတ်လိုက်တယ်၊ ကဲ … မင်းတို့အားလုံး သွားကြပေတော့၊ မကြာခင် … ကျုပ်လိုက်လာမယ်လို့ စစ်သူကြီးကို ပြောလိုက်ပါ”

ထို့နောက် သူနှင့်လိုက်ပါလာသော မွန်ဂိုများကို ပြန်လွှတ်လိုက်လေတော့သည်။

BURMESE CLASSIC .com

✺

ယခု မွန်ဂိုများ ထွက်သွားပြီး ခနိုဒိုတစ်ယောက်တည်း ကျန်ရစ်ခဲ့ပြီ ဖြစ်လေသည်။

ခနိုဒိုက ကျင်းပေါင်ကို ကြည့်လိုက်သည်။

“မင်းက ကျုပ်ကို တကယ်ပဲ အနိုင်ယူနိုင်မှာလား”

ကျင်းပေါင် ခေါင်းညိတ်လိုက်သည်။

“သေချာပါတယ်ဗျာ”

“ဒါဖြင့် မင်းပဲ စပြီးတိုက်ပေတော့”

“ခင်ဗျားသတိထားပါ”



ကျင်းပေါင်က သတိပေးပြီး ခနိုဒိုအား စတင်တိုက်ခိုက်လိုက်လေတော့သည်။

✺

ကျင်းပေါင်နှင့် ခနိုဒိုတို့၏ တိုက်ပွဲမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်လှသည်။

ချွန်းချန်၊ ကူးလျံနှင့် ရွှေ့ချင်းတို့က ကျင်းပေါင်အတွက် စိုးရိမ်နေကြလေသည်။

သို့သော် သိုင်းကွက်သုံးဆယ်ကျော် ယှဉ်ပြီးသည်နှင့် ကျင်းပေါင် အသာစီးရလာလေသည်။

သိုင်းကွက်ငါးဆယ်ကျော်သောအခါ ခနိုဒို မခံနိုင်တော့ဘဲ နောက်ဆုတ်နေရ၏။

ဆက်လက်တိုက်ခိုက်ကြရင်း သိုင်းကွက်တစ်ရာမပြည့်မီ ခနိုဒို လုံးဝမယှဉ်နိုင်တော့ဘဲ အရေးနိမ့်သွားတော့သည်။

ကျင်းပေါင် ဆက်ပြီး တိုက်ခိုက်ခြင်းမပြုတော့ပါ။ ခနိုဒိုကို စိုက်ကြည့်ပြီး …

“ခင်ဗျား ရှုံးသွားပြီ”

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်သည်။

ခနိုဒိုကလည်း ဝန်ခံလိုက်လေသည်။

"ဟုတ်တယ်၊ ရှောင်လင်ကျောင်းရဲ့ပညာ ထက်မြက်လှပါတယ်၊ ကျုပ် မယှဉ်နိုင်ပဲ ရှုံးနိမ့်သွားပါပြီ"

ထို့နောက် ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်လိုက်လေတော့သည်။

✸

ချွန်ချန်းနှင့်ကူးလျံတို့ ဝမ်းသာနေကြသည်။ မွန်ဂိုများက နောက်ဆုတ်သွားကြသလို ခနိုဒိုလည်း သေဆုံးသွားပြီ ဖြစ်လေသည်။

ရွှေ့ချင်းကား ကြေကွဲနေ၏။

ကျင်းပေါင်ဟာ ရှောင်လင်ဦးပဉ္ဇင်းတစ်ပါး ဖြစ်နေပြီ မဟုတ်ပါလား။

ကျင်းပေါင်က ...

"ညီမ ... ကျုပ်ကို ခွင့်လွှတ်ပါ၊ ကျုပ်က ရှောင်လင်ကျောင်းရဲ့ ဂုဏ်သိက္ခာကို ထိန်းသိမ်းစောင့်ရှောက်ရမှာမို့ပါ၊ အရှေ့ကျွန်းကလူတွေ ပြည်မကိုရောက်လာရင် ကျုပ်တို့ရှောင်လင်ကျောင်းက တာဝန်ယူပေးပါ့မယ်"



ရွှေ့ချင်းကို တောင်းပန်ပြီး ချွန်ချန်းနှင့်ကူးလျံကို နှုတ်ဆက်လိုက်လေသည်။

"ကျုပ်ကိုခွင့်ပြုပါဦး"

ချွန်ချန်းတို့က ကျင်းပေါင်၏အခြေအနေကို နားလည် သဘောပေါက်ကာ တားဆီးခြင်းမပြုတော့ပါ။

ကျင်းပေါင်က အားလုံးကို နှုတ်ဆက်ကာ ရှောင်လင်ကျောင်းသို့ ပြန်သွားလေတော့သည်။

✸

မွန်ဂိုကုန်းမြင့်တွင် အပြောင်းအလဲများစွာဖြစ်ပေါ်ခဲ့လေသည်။

မွန်ဂိုဘုရင် ကွယ်လွန်သွားပြီး မင်းသားတစ်ပါးကို ဘုရင်တင်မြှောက်ခဲ့လေသည်။

နောက်တက်လာသည့် မွန်ဂိုဘုရင်က သူ၏တပ်ဖွဲ့များအား ပြန်လည်ရုပ်သိမ်းကာ တရုတ်ဘုရင်နှင့် ငြိမ်းချမ်းရေးရယူပြီး အတူ

www.burmeseclassic.com

www.burmeseclassic.com



ယှဉ်တွဲကာ ငြိမ်းချမ်းစွာ နေထိုင်သွားရန် ဆောင်ရွက်ခဲ့လေသည်။

နောက်တက်လာသည့် မွန်ဂိုဘုရင်မှာ ချွေ့ချင်းအား လက်ထပ်ခွင့်တောင်းခဲ့သော မင်းသားလေးပင် ဖြစ်ပါတော့သည်။

မင်းသားလေးသည် မွန်ဂိုကုန်းမြင့်၌ နေထိုင်သွားရင်း ချွေ့ချင်းအား တစ်သက်လုံး မမေ့နိုင်အောင် ရှိခဲ့လေတော့သည်။

*တက္ကသိုလ်နေလင်းအောင်*

BURMESE CLASSIC .com

www.burmeseclassic.com